# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဇူလိုင် ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**ချမ်းသာခြင်းအကြောင်းတရား**

**အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည် လည်းကောင်း၊ ကိလေသာ အနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာအနှိပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။**

သုခဝဂ်(ဓမ္မပဒ-၁၉၉)


၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၇ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 13 May 2020 ၁၀၀၁၁


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## ဈေးများအား စနစ်တကျ စီမံခန့်ခွဲခြင်းနှင့်စပ်လျဉ်း၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်ခိုင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ပြုံးကေသီနိုင်၊ ဒုတိယမြို့တော်ဝန် ဦးရဲမင်းဦးတို့နှင့်တွေ့ဆုံ၍ အပြန်အလှန်ဆွေးနွေး

**နေပြည်တော် မေ ၁၂**

Coronavirus Disease 2019 (COVID– 19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်ခိုင်၊ ကလောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ပြုံးကေသီနိုင်၊ နေပြည်တော်ကောင်စီနယ်မြေမှ ဒုတိယမြို့တော်ဝန် ဦးရဲမင်းဦးတို့နှင့် Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံ၍ အပြန်အလှန်ဆွေးနွေးသည်။

**နှုတ်ခွန်းဆက်စကားပြောကြား**

ရှေးဦးစွာ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် မြိုင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်ခိုင်က ပျံကျဈေး စနစ်တကျဖွင့်လှစ်ဆောင်ရွက်မှုများ၊ Quarantine Centre များ၊ Intensive Care Unit များ ပြင်ဆင်ဆောင်ရွက်ခဲ့မှုများ၊ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများတွင် COVID– 19 ကာကွယ်ရေးလုပ်ငန်းဆောင်ရွက်မှုများ၊ ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအား သက်ဆိုင်ရာကျေးရွာ Quarantine Centre များသို့ စနစ်တကျ ပို့ဆောင်ပေးခြင်းနှင့် စနစ်တကျ နေထိုင်နိုင်ရေးဆောင်ရွက်မှုများကိုလည်းကောင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ပြုံးကေသီနိုင်က ကလောမြို့၊ ဟဲဟိုးမြို့နှင့် အောင်ပန်းမြို့တို့ရှိ ဈေးများနှင့် ယာယီပျံကျဈေးများ စနစ်တကျဖွင့်လှစ်နိုင်ရေးဆိုင်ရာကိစ္စရပ်များ၊ ပြည်သူများ၏ စည်းကမ်းလိုက်နာဆောင်ရွက်မှုများ၊ တွေ့ကြုံရသည့်အခက်အခဲများကိုလည်းကောင်း၊ ဒုတိယမြို့တော်ဝန် ဦးရဲမင်းဦးက နေပြည်တော်ရှိ ဈေးများ စနစ်တကျဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ခြင်း၊ ဈေးရောင်းသူများနှင့် ဈေးဝယ်သူများအား COVID–19 ကာကွယ်ရေး အသိပညာပေးလုပ်ငန်းဆောင်ရွက်ခြင်း၊ ဈေးများ၌ ပိုးသတ်ဆေးဖျန်းခြင်း၊ သန့်ရှင်းရေးဆောင်ရွက်ခြင်းနှင့် မိုဘိုင်းဈေးများ စနစ်တကျ တိုးမြှင့်နိုင်ရေး ဆောင်ရွက်ခြင်းဆိုင်ရာများကိုလည်းကောင်း ဆွေးနွေးတင်ပြကြရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က Volunteer များအား အရည်အချင်းများမြှင့်တင်နိုင်ရေး၊ ပြည်သူများ Mask မဖြစ်မနေ တပ်ဆင်စေရေး၊ နေအိမ်များနှင့်

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂**





Coronavirus Disease 2019 (COVID– 19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဈေးများအား စနစ်တကျ စီမံခန့်ခွဲခြင်းနှင့်စပ်လျဉ်း၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်ခိုင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ပြုံးကေသီနိုင်၊ ဒုတိယမြို့တော်ဝန် ဦးရဲမင်းဦးတို့နှင့်တွေ့ဆုံ၍ အပြန်အလှန်ဆွေးနွေးစဉ်။

- ❖ **ရေရှည်တွင် ဖြစ်နိုင်ခြေရှိသည့် ဘဝများ တည်ဆောက်နိုင်ရေးအတွက် ဝိုင်းဝန်းစဉ်းစားကြရမည်**
- ❖ **အတွေ့အကြုံများမှတစ်ဆင့် နည်းလမ်းများ ပို၍တွေ့ရှိလာမည်**
- ❖ **ရေရှည်တိုက်ပွဲတစ်ခုဝင်နိုင်ရန် ခံနိုင်ရည်ရှိရေးသည် အဓိက**
- ❖ **ခံနိုင်ရည်ရှိရေးအတွက် မျှော်လင့်ချက်၊ ဇွဲ၊ ဝီရိယလည်း ရှိကြရမည်**


**ကမ္ဘာသူ ကမ္ဘာသား ၊ မြန်မာနိုင်ငံသူ နိုင်ငံသားများ**

**ကပ်ရောဂါဘေးအန္တရာယ်မှ ကင်းဝေးပြီး ဘေးရန်ကင်းကွာ ချမ်းသာကြပါစေ။**

ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး

# ကြေးမုံ

## ရောဂါဖြစ်ချိန် ငြိမ်းချမ်းရေး ဝိုင်းဝန်းဆောင်ကြဉ်း

ကမ္ဘာတစ်ဝန်းတွင် ကိုဗစ်–၁၉ ကမ္ဘာ့ကပ်ရောဂါနှင့် ရင်ဆိုင်နေရသောကြောင့် ကမ္ဘာအနှံ့လက်ရှိဖြစ်ပွားနေသည့် လက်နက်ကိုင်ပဋိပက္ခများ ရပ်တန့်ပေးကြရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ၂၀၂၀ ပြည့်နှစ် မတ်လ ၂၃ ရက်နေ့တွင် ကမ္ဘာ့နိုင်ငံများအားလုံးသို့ တိုက်တွန်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ အဆုံးသတ်ရေး၊ အမျိုးသားရင်ကြားစေ့ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းများကို ပြည်သူ့အစိုးရ နိုင်ငံတော်တာဝန် စတင်ယူစဉ်ကတည်းက တစိုက်မတ်မတ် ကြိုးပမ်းအားထုတ်လျက်ရှိသည်။ တစ်ကမ္ဘာလုံးဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ မြန်မာနိုင်ငံ၌ စတင်ဖြစ်ပွားချိန်တွင် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ပိုမိုထိရောက်လျင်မြန်ကျယ်ပြန့်စွာ ဆောင်ရွက်ခြင်းနှင့်အတူ ထာဝရငြိမ်းချမ်းရေးလုပ်ငန်းများကိုလည်း မျက်ခြည်မပြတ်ဘဲ ဆက်လက်ဖော်ဆောင်လျက်ရှိသည်။

မြန်မာနိုင်ငံ၌ ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ဆောင်ရွက်နေစဉ် မေလ ၉ ရက်နေ့က တပ်မတော်သည် ထာဝရငြိမ်းချမ်းရေးအတွက် နိုင်ငံတကာစံနှုန်းများနှင့်အညီ နိုင်ငံတော်မှ အကြမ်းဖက်ဟု သတ်မှတ်ကြေညာထားသော အကြမ်းဖက်အဖွဲ့အစည်းများရှိသည့်နေရာများမှအပ ကျန်နယ်မြေများ၌ ၂၀၂၀ ပြည့်နှစ် မေလ ၁၀ ရက်နေ့မှ ဩဂုတ်လ ၃၁ ရက်နေ့အထိ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲထားကြောင်း ကြေညာခဲ့သည်။

မြန်မာနိုင်ငံတွင် ကိုဗစ် – ၁၉ ကမ္ဘာ့ကပ်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် နိုင်ငံတော်မှ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီနှင့် အခြားအဆင့်ဆင့်သော ကော်မတီများဖွဲ့စည်းဆောင်ရွက်လျက်ရှိပြီး တပ်မတော်အနေဖြင့်လည်း ၎င်းအဖွဲ့အစည်းများနှင့်အတူ အင်တိုက်အားတိုက် ပါဝင်ကူညီဆောင်ရွက်လျက်ရှိသည်။

ကပ်ရောဂါဖြစ်ပွားနေချိန်တွင် ပြည်သူများ ရောဂါကူးစက်မခံရရေးအတွက် ကာကွယ်စောင့်ရှောက်ပေးနေရပြီး ကူးစက်ခံရသည့်လူနာများကို သက်သာပျောက်ကင်းအောင် ကုသပေးနေရသည်။ ရောဂါကူးစက်မှု တိုးလာသည်နှင့်အမျှ တိုင်းပြည်အတွင်းရှိပြည်သူလူထုအားလုံး ခက်ခဲကျပ်တည်းစွာ နေထိုင်ကြရသည်။ ထိုအချိန်တွင် မငြိမ်းချမ်းသောဒေသများမှ ပြည်သူများအဖို့ ရောဂါဘေးအန္တရာယ်ကို ရင်ဆိုင်နေရခြင်းနှင့်အတူ လက်နက်ကိုင်ပဋိပက္ခဘေးကို ရှောင်ပုန်းရင်ဆိုင်နေရသည်မှာ ပိုမိုစိတ်မချမ်းမြေ့ဖွယ် ဖြစ်ကြရသည်။

ထို့ကြောင့် ကိုဗစ် – ၁၉ ရောဂါဖြစ်ပွားနေစဉ် ယခုကဲ့သို့ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကြေညာချက်မှာ ပြည်သူများအတွက် စိတ်နှလုံးအေးချမ်းမှုကိုဖြစ်စေရာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအားလုံးအနေဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ငြိမ်းချမ်းရေးမူဝါဒ (၆) ရပ်အနက် သဘောတူစာချုပ်များအတိုင်း ကတိတည်ရန်၊ ငြိမ်းချမ်းရေးသဘောတူညီချက်များအပေါ် အမြတ်မထုတ်ရန်၊ ဒေသခံပြည်သူများအပေါ် ဝန်ထုပ်ဝန်ပိုးမဖြစ်ရန်နှင့် နိုင်ငံတော်က ထုတ်ပြန်ထားသည့် တည်ဆဲဥပဒေများကို အလေးထားလိုက်နာပေးကြပါရန် မေတ္တာရပ်ခံပါသည်။

တိုင်းပြည်နှင့် ပြည်သူလူထုအကျိုးအတွက် တပ်မတော်က ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆောင်ရွက်ထားစဉ် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချင်းချင်း တစ်ဖွဲ့နှင့်တစ်ဖွဲ့ အပြန်အလှန်အင်အားသုံး၍ တိုက်ခိုက်ခြင်း၊ ဒေသခံတိုင်းရင်းသားများအပေါ် အနိုင်ကျင့်ခြင်းများ မပြုလုပ်ရေးကို တာဝန်ယူထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်မည်ဖြစ်သည်။ ထို့အတူ နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်မှုယန္တရားအဆင့်ဆင့်ကိုလည်းကောင်း၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးကိုလည်းကောင်း၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်နှင့် အကျိုးစီးပွားများကိုလည်းကောင်း ထိခိုက်မှုမဖြစ်စေရန် ဆောင်ရွက်ကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ ယခုကဲ့သို့ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်းလုံး၌ ကပ်ရောဂါဖြစ်ပွားနေချိန်တွင် တိုင်းရင်းသားပြည်သူများ လိုလားတောင့်တနေသည့် ထာဝရငြိမ်းချမ်းရေးကိုရရှိအောင် ဆောင်ရွက်မည်ဟု သန္နိဋ္ဌာန်ပြုထားသည့်အတိုင်း ကိုဗစ်–၁၉ ကမ္ဘာ့ကပ်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်အဖြစ် အင်တိုက်အားတိုက်ပါဝင်ကူညီဆောင်ရွက်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ထာဝရငြိမ်းချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ကြဉ်းကြရမည် ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## အများပြည်သူသို့ တိုက်တွန်းနှိုးဆော်ချက်

၁။ Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် ရောဂါကူးစက်ခံရနိုင်မှု အခြေအနေကို ခြေရာခံဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ICT နည်းပညာ အထောက်အကူပြုလုပ်ငန်းအဖွဲ့အနေဖြင့် “စောစောရှာ” Mobile Application ကို ရေးဆွဲဆောင်ရွက်ခဲ့ပါသည်။

၂။ “စောစောရှာ” Mobile Application အား ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများ အပါအဝင် ပြည်သူအများ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲစေခြင်းဖြင့် ICT နည်းပညာ အထောက်အကူဖြင့် ကူးစက်ခံရနိုင်ခြေရှိသူများကိုလည်း ရှာဖွေဖော်ထုတ်နိုင်မည်ဖြစ်ပြီး ရောဂါကူးစက်ခံရနိုင်မှု အခြေအနေထိန်းချုပ်နိုင်ရေးကိုလည်း များစွာအထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

၃။ ပြည်သူများအနေဖြင့်“စောစောရှာ” Mobile Application ကို မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုခြင်းဖြင့် အောက်ဖော်ပြပါ အကျိုးကျေးဇူးများကို ရရှိစေမည် ဖြစ်ပါသည်–

(က) ရောဂါကူးစက်ခံထားရသူနှင့် ထိတွေ့ခဲ့နိုင်မှု အခြေအနေကို နေရာ၊ အချိန်တို့နှင့်ဆက်စပ်၍ သိရှိနိုင်ခြင်း၊

(ခ) ရောဂါကူးစက်ခံထားရသူများသွားလာခဲ့သည့် နေရာများစာရင်းကို ၎င်း “စောစောရှာ” Mobile Application အသုံးပြုသူများ အနက်မှ အဆိုပါနေရာများသို့ သွားလာခဲ့သူများကို သတိပေးချက် ဆောလျင်စွာ ပေးပို့နိုင်ခြင်းကြောင့် မိမိအနေဖြင့် ရောဂါကူးစက်ခံထားရသူနှင့်အတူ ရှိနေခဲ့ခြင်းနှင့် ထိတွေ့ခဲ့မှု ရှိ/မရှိ တို့ကို ဆောလျင်စွာ သိရှိနိုင်ခြင်း၊

(ဂ) ပုံမှန်နေထိုင်စဉ် အခြေအနေတွင်ဖြစ်စေ၊ Quarantine ပြုလုပ်နေစဉ် ကာလအတွင်းဖြစ်စေ မိမိ၏ ကျန်းမာရေးအခြေအနေအား သတင်းပေးပို့နိုင်သဖြင့် လိုအပ်ပါက ကုသမှုအကူအညီကို ဆောလျင်စွာ ရရှိနိုင်ခြင်း၊

၄။ အဆိုပါ “စောစောရှာ” Mobile Application ကို သုံးစွဲရန်အတွက် တယ်လီဖုန်းများအတွင်းသို့ Download ပြုလုပ်ခြင်း အပါအဝင် Application သုံးစွဲခြင်းအတွက် အင်တာနက်သုံးစွဲခကို ပြည်သူများအနေဖြင့် ကုန်ကျစရိတ်မရှိစေရန် တယ်လီကွန်းအော်ပရေတာများက အခမဲ့ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။ ၎င်းအပြင် အပိုဆောင်းအနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ (၃၁) ရက်နေ့အထိ ၎င်း Application အား ရယူသုံးစွဲသူများကို တစ်လသက်တမ်းရှိသော 1GB အင်တာနက် အခမဲ့အသုံးပြုခွင့်ကိုလည်း ခွင့်ပြုပေးသွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် COVID–19 ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကိစ္စရပ်များအတွက် အထောက်အကူဖြစ်စေရေးအတွက် “စောစောရှာ” Mobile Application အား ဖော်ပြပါ ဝက်ဘ်ဆိုက် www.sawsawshar.gov.mm နှင့် Operator များက ခွင့်ပြုသတ်မှတ်ထားသည့် နည်းလမ်းများဖြင့် အခမဲ့ရယူ၍ မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၆။ ၎င်း Mobile Application မှ ကောက်ခံရရှိသော အချက်အလက်များကို ရယူဆောင်ရွက်ရာတွင် တစ်ဦးချင်းစီ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များကို ထုတ်ဖော်သွားမည်မဟုတ်ဘဲ COVID–19 အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါကို ထိန်းချုပ်ကာကွယ်နိုင်ရန် ရည်ရွယ်၍ ရောဂါကူးစက်ဖြစ်ပွားနေသည့် သတ်မှတ်ကာလအတွင်းတွင်သာ အသုံးပြုရန် ရယူခြင်းဖြစ်ပြီး အခြားမသက်ဆိုင်သည့်နေရာများတွင် လုံးဝ (လုံးဝ) အသုံးပြုမည်မဟုတ်ပါကြောင်း ဖော်ပြအပ်ပါသည်။

**Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့်**
**အရေးပေါ်တုံ့ပြန်ရေးကော်မတီ**

### SMS Promotion Message

သင်နှင့် သင့်မိသားစု လုံခြုံစိတ်ချစေရေးအတွက် သင်သွားရောက်ခဲ့သည့် ပတ်ဝန်းကျင်တွင် COVID–19 ကူးစက်နိုင်မှု အခြေအနေကို သိရှိနိုင်ရန် “စောစောရှာ” Application အား ဖော်ပြပါ www.sawsawshar.gov.mm တွင် အခမဲ့ Download ရယူသုံးစွဲ၍ တစ်လသက်တမ်းရှိ 1GB အင်တာနက် အသုံးပြုခွင့်ကို အခမဲ့ရယူလိုက်ပါ။

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၂–၅–၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀,၅၀၀ | ၁၀,၅၀၀ | ၅,၃၃၉ | ၅၆,၀၄၈,၅၀၀ |
| MTSH | ၃,၆၀၀ | ၃,၆၀၀ | ၉,၂၁၇ | ၃၃,၁၇၁,၃၅၀ |
| MCB | ၈,၆၀၀ | ၈,၃၀၀ | ၅၈၁ | ၄,၉၆၇,၅၀၀ |
| FPB | ၂၃,၅၀၀ | ၂၄,၀၀၀ | ၁,၃၅၀ | ၃၁,၉၈၅,၅၀၀ |
| TMH | ၂,၇၅၀ | ၂,၇၅၀ | ၉၇၈ | ၂,၇၃၆,၇၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မေ ၁၂

ရန်ကုန်(ရွှေဈေး) ၁၁၉၁၀၀၀ မန္တလေး(ရွှေဈေး) ၁၁၉၁၀၀၀

| စက်သုံးဆီအမျိုးအစား | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၄၂၀/၄၈၅ ကျပ် | ၄၅၀/၄၈၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၄၆၀/၅၀၀ ကျပ် | ၅၂၅/၅၄၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၃၂၀/၃၅၀ ကျပ် | ၃၈၀/၃၉၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၄၃၀/၄၉၅ ကျပ် | ၄၆၅/၄၉၅ ကျပ် |

ရန်ကုန် လက်ကားဈေး

| | | |
|---|---|---|
| ဒီဇယ် | တစ်လီတာ | ၄၀၀ ကျပ် |
| အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၄၁၀ ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၃၄၀/၃၄၂ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၀၇.၉ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၂၃.၅ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၈.၅၉ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၃.၈၀၅ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၂၄.၇၈ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈.၆၄၉ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၁၃.၄၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၉၃.၃၀ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၃၀၉.၁ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၄.၉၉ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

ခေတ္တ စာတည်းမှူးချုပ် – ဦးစိုးစိုးနိုင်
စာတည်းမှူး – ဦးဝင်းနိုင်
စာတည်းများ – ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး – ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ – ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ – ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ
အငယ်တန်းသတင်းထောက်များ – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် – ဦးခင်မောင်ဝင်း
သုတေသန – ဒေါ်ဇင်မာဝင့်
စာပြင် – ဒေါ်ခင်ယုဆွေ၊ ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း – ဒေါ်အေးအေးသင်း၊ ဦးတင်ထွန်းတာနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း – ဦးအောင်ကျော်ဖြိုး၊ ဦးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် – စာတည်းမှူး ၀၆၇–၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇–၃၆၁၂၈၊ ၀၆၇–၃၆၁၃၀၊ ဖက်စ် ၀၆၇–၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁–၂၉၂၈၃၂
မန်နေဂျာ – ၀၁–၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁–၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁–၂၉၂၈၃၀၊ ကြော်ငြာ ၀၁–၃၉၇၃၃၀၊ ဖက်စ် ၀၁–၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက



Coronavirus Disease 2019 (COVID– 19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဈေးများအား စနစ်တကျ စီမံခန့်ခွဲခြင်းနှင့်စပ်လျဉ်း၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်ခိုင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ပြုံးကေသီနိုင်၊ ဒုတိယမြို့တော်ဝန် ဦးရဲမင်းဦးတို့နှင့်တွေ့ဆုံ၍ အပြန်အလှန်ဆွေးနွေးစဉ်။

✪ ရှေ့ဖုံးမှ

စာသင်ကျောင်းများ၌ လက်တွေ့ကျကျဖြစ်နိုင်ခြေရှိမည့်ဘဝများ တည်ဆောက်ရေးအတွက် ရေတိုရေရှည် စဉ်းစားဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့် COVID–19 ကာကွယ်ရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိဂုံးချုပ်အနေဖြင့် ပြောကြားရာတွင် ရေရှည်တွင် ဖြစ်နိုင်ခြေရှိသည့်ဘဝများ တည်ဆောက်နိုင်ရေးအတွက် ဝိုင်းဝန်းစဉ်းစားကြရမည်ဖြစ်ပါကြောင်း၊ အတွေ့အကြုံများမှတစ်ဆင့် နည်းလမ်းများ ပို၍တွေ့ရှိလာမည်ဖြစ်ပါကြောင်း၊ ရေရှည်တိုက်ပွဲတစ်ခုဝင်နိုင်ရန် ခံနိုင်ရည်ရှိရေးသည် အဓိကဖြစ်ပါကြောင်း၊ ခံနိုင်ရည်ရှိရေးအတွက် မျှော်လင့်ချက်ရှိကြရမည်ဖြစ်ပါကြောင်း၊ ထို့အတူ ခွဲ၊ ဝီရိယလည်း ရှိကြရမည်ဖြစ်ပါကြောင်း၊ မျှော်လင့်၍ အလုပ်လုပ်ကြရမည်ဖြစ်ပါကြောင်း၊ မိမိမျှော်လင့်ချက် အောင်မြင်ဖြစ်မြောက်စေရန် ဝါယမစိုက်ထုတ်ကြိုးစားကြရမည်ဖြစ်ပါကြောင်း၊ ခံနိုင်ရည်ရှိရမည်၊ ဆက်၍သွားနိုင်သည့် သတ္တိရှိကြရမည်ဖြစ်ပါကြောင်း၊ ပြည်သူ ပြည်သားများ အနေဖြင့် အဆိုပါအရည်အချင်းများကို အတိုင်းအတာတစ်ခု ပြည့်စုံသည်ဟု ယုံကြည်ပါကြောင်း၊ အရည်အချင်းများ ပိုမိုပြည့်စုံရန် တစ်နေ့ထက်တစ်နေ့ လေ့ကျင့်သွားပါဟု မေတ္တာရပ်ခံလိုပါကြောင်း၊ အားလုံးကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**

## နိုင်ငံတော် အရန်ဆန် ဝယ်ယူ၊ စစ်ဆေး၊ လက်ခံ၊ သိုလှောင်ခြင်းများ ဆောင်ရွက်လျက်ရှိ

**ရန်ကုန် မေ ၁၂**

နိုင်ငံတော် အရန်ဆန် ဝယ်ယူ၊ စစ်ဆေး၊ လက်ခံ၊ သိုလှောင်ခြင်းများ ဆောင်ရွက်လျက်ရှိရာ လဝက်အတွင်း တန်ချိန် ၆၃၀၀ ခန့်ကို ဝယ်ယူထားရှိပြီးဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ထံမှ သိရသည်။

နိုင်ငံတော်၏ အရန်ရိက္ခာဆန် အစီအစဉ်အတွက် အရန်ဆန် ဝယ်ယူ၊ စစ်ဆေး၊ လက်ခံ၊ သိုလှောင်ခြင်းများကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ MITS နှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့က ဧပြီ ၃၀ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယမန်နေ့အထိ ပြည်ပတင်ပို့မည့် ကုမ္ပဏီပေါင်း ၄၀ ထံမှ သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများနှင့်အညီ ဝယ်ယူလက်ခံထားရာ သိုလှောင်ရုံငါးခုတွင် တန်ချိန် ၆၃၀၀ ခန့်ရှိကြောင်း သိရသည်။

နိုင်ငံတော်၏ အရန်ရိက္ခာအစီအစဉ်အောက်တွင် အရန်ဆန်ထားရှိရေးအတွက် ဆန်ပြည်ပတင်ပို့မှုနှင့် ဆက်စပ်ပြီး Exporter များအနေဖြင့် ပြည်ပတင်ပို့မှု၏ ၁၀ ရာခိုင်နှုန်းပမာဏကို အရန်ဆန် (25% broken, well–milled & sorted grade) အဖြစ် သတ်မှတ်သိုလှောင်ရုံများတွင် ပေးသွင်းရမည်ဖြစ်ကာ တတိယအဖွဲ့အစည်းဖြစ်သော MITS မှ အရည်အသွေး၊ အရေအတွက်ကို စစ်ဆေးလက်ခံယူလျက်ရှိသည်။

ထိုသို့လက်ခံယူရာတွင် ပင်လယ်ရေကြောင်းမှတင်ပို့မှုအတွက် ရန်ကုန်တိုင်းဒေသကြီးက အရန်ဆန် လက်ခံလျက်ရှိပြီး နယ်စပ်မှတင်ပို့မှုအတွက် မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနက သိုလှောင်ထိန်းသိမ်းကြီးကြပ်လက်ခံလျက်ရှိသည်။

သို့ဖြစ်၍ ဆန်စပါးဈေးကွက်သည် ပြည်တွင်းဖူလုံမှုအပြည့်အဝရှိသည့်အပြင် လိုအပ်ပါက ရိက္ခာဖြန့်ဖြူးရေးအတွက် အရန်ဆန်ထားရှိရေးကိုပါ စီစဉ်ဆောင်ရွက်ထားသဖြင့် လုံလောက်ဖူလုံမှုရှိကြောင်း၊ ပြည်ပတင်ပို့မှုကိုလည်း ၂၀၂၀ ပြည့်နှစ် မေလမှစတင်၍ ပုံမှန်အတိုင်း ဆောင်ရွက်လျက်ရှိကာ လက်ရှိဘဏ္ဍာနှစ်တွင် တန်ချိန် နှစ်သန်းကျော်တင်ပို့ရန် ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ထံမှ သိရသည်။

လက်ရှိ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေဖြင့် ပြည်တွင်း/ပြည်ပ ဈေးကွက်အခြေအနေနှင့် ကိုဗစ်–၁၉ ရောဂါအခြေအနေတို့ပေါ်တွင်မူတည်၍ ပြည်ပတင်ပို့မှုကို နိုင်ငံတော်အစိုးရနှင့် ညှိနှိုင်းတင်ပြအကြံပြုဆောင်ရွက်လျက်ရှိကြောင်း၊ လတ်တလောအခြေအနေတွင် နွေစပါးပေါ်ချိန်ဖြစ်၍ တောင်သူလယ်သမားများအတွက် သင့်တင့်မျှတသော ဈေးနှုန်းဖြစ်စေရန် ကြိုးပမ်းဆောင်ရွက်သကဲ့သို့ စားသုံးသူပြည်သူများအတွက် ကိုဗစ်–၁၉ ရောဂါကာလတွင် ဆန်ဈေး သင့်တင့်မျှတစေရန် အသင်းချုပ်၊ ညီနောင်အသင်းများနှင့်ကုန်စည်ဒိုင်များ၊ ဆန်စပါးလုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် ဆန်စားသုံးမှုတွင် ပြည်တွင်းဈေးကွက်သည် ထုတ်လုပ်မှု၏ ၇၀ ရာခိုင်နှုန်းကျော်ဖြစ်ပြီး ပြည်ပတင်ပို့မှုသည် ထုတ်လုပ်မှု၏ ၂၀ ရာခိုင်နှုန်းကျော်ဖြစ်သဖြင့် ပြည်တွင်း/ပြည်ပဈေးကွက် နှစ်ခုစလုံးအတွက် ချင့်ချိန်သုံးသပ်ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ထံမှ သိရသည်။

လက်ရှိ ဆန်ပြည်ပတင်ပို့မှုအနေဖြင့် ယခု မေလတွင် တန်ချိန် ၁၅၀၀၀၀ ခန့်ကို ပင်လယ်ရေကြောင်းမှ တန် ၁၀၀၀၀၀ နှင့် နယ်စပ်မှ တန် ၅၀၀၀၀ တင်ပို့ရန်အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်တို့ ညှိနှိုင်းသတ်မှတ်ထားပြီး အာဆီယံနိုင်ငံအချို့နှင့် အိမ်နီးချင်းနိုင်ငံများအား G to G ညှိနှိုင်းရောင်းချရန်ကိုလည်း ဆွေးနွေး စီစဉ်လျက်ရှိကြောင်း သိရသည်။

**ငြိမ်းငြိမ်း**

❖ ထိုင်းမှ

နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏လမ်းညွှန်ချက်နှင့်အညီ မြန်မာသံရုံး၊ ဗန်ကောက်မြို့နှင့် မြန်မာနိုင်ငံရှိ သက်ဆိုင်ရာဝန်ကြီးဌာနတို့နှင့် ပူးပေါင်းညှိနှိုင်းလျက် ထိုင်းနိုင်ငံတွင် အခက်အခဲကြုံတွေ့နေကြသဖြင့် မြန်မာနိုင်ငံသို့ ပြန်လိုသော မြန်မာနိုင်ငံသား ၁၃၅ ဦးအား ပထမအသုတ်အဖြစ် မေ ၆ ရက်တွင် ပြန်လည်ခေါ်ဆောင်ခဲ့ပြီးဖြစ်ရာ ဒုတိယအသုတ်အဖြစ် ပြန်လည်ရောက်ရှိလာသူများအပါအဝင် စုစုပေါင်း ၂၀၂ ဦးအား ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။


**သတင်းစဉ်**

facebook

**ထိန်းချုပ်ကုန်စည်များကို ခွင့်ပြုချက်မရှိဘဲ မရောင်းရ**

သင်သည် စည်းမျဉ်းစည်းကမ်းဖြင့် ကန့်သတ်ထားသည့် ထိန်းချုပ်ကုန်စည်များကို တရားဝင်ခွင့်ပြုချက်မရှိဘဲ Facebook တွင် ရောင်းဝယ်ဖောက်ကားခြင်း လုပ်ခွင့်မရှိပါ။

Facebook ၏ လူမှုကွန်ရက်ဆိုင်ရာ စံနှုန်းများ



# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော်  မေ ၁၂**

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့က ပေးပို့လာသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် အစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ ဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်



# အရန်ရိက္ခာ စားအုန်းဆီတန်ချိန် ၁၂၀၀၀ ဝယ်ယူရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော်  မေ ၁၂**

အရန်ရိက္ခာ စားအုန်းဆီတန်ချိန် ၁၂၀၀၀ ဝယ်ယူရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်နှင့် ရန်ကုန်မြို့ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၌ Video Conferencing စနစ်ဖြင့် ကျင်းပသည်။



**လိုအပ်သည့်အချိန်တွင် ဖြန့်ချိနိုင်ရေး**

အစည်းအဝေးတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က အမှာစကားပြောကြားရာတွင် အရေးပေါ်ရိက္ခာဆန်တန်ချိန် ၅၀၀၀၀ နှင့် စားအုန်းဆီတန်ချိန် ၁၂၀၀၀ တို့အား လိုအပ်သည့်အချိန်တွင် ဖြန့်ချိနိုင်ရေးအတွက် အရေးပေါ်ရိက္ခာ ဝယ်ယူခြင်းဖြစ်ပါကြောင်း၊ စားအုန်းဆီတန်ချိန် ၁၂၀၀၀ ဝယ်ယူရေးအတွက် အသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များနှင့် အကြိမ်ကြိမ်ညှိနှိုင်း ဆွေးနွေးခဲ့ပါကြောင်း၊ စားအုန်းဆီ သိုလှောင်ရန် နိုင်ငံတော်အနေဖြင့် ဆီသိုလှောင်ကန်များမရှိသည့်အတွက် Jerry Can နှင့် ဝယ်ယူသိုလှောင်ထားရှိရန် စီစဉ်ရခြင်းဖြစ်ပါကြောင်း၊ ဝယ်ယူထားသည့် စားအုန်းဆီများအား Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ ညွှန်ကြားချက်အတိုင်း တိုင်းဒေသကြီး/ ပြည်နယ်များသို့ ဖြန့်ဝေရန်လျာထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ အသင်းအဖွဲ့များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များမှ ပူးပေါင်းကူညီဆောင်ရွက်ပေးမှုကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်ပြီး ဒုတိယဝန်ကြီး ဦးအောင်ထူးက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းကိစ္စများကို ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များနှင့် အကြိမ်ကြိမ် ညှိနှိုင်းတိုင်ပင်ဆွေးနွေးခဲ့ပါကြောင်း၊ ကုန်ဈေးနှုန်း တည်ငြိမ်ရေး၊ ကုန်စည် စီးဆင်းမှုမှန်ကန်ရေး၊ အရန်ရိက္ခာ ဝယ်ယူရေးကိစ္စများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်အစိုးရက ရိက္ခာဖြန့်ဝေပေးသည့် ကိစ္စများတွင်လည်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အရေးပေါ်ရိက္ခာများတွင် အရေးကြီးသည့် ဆန်နှင့်ဆီဝယ်ယူရန် ဆောင်ရွက်နေပါကြောင်း၊ တစ်နိုင်ငံလုံး၏ ရက်သတ္တ နှစ်ပတ်ခန့်စာရိက္ခာဆန် တန်ချိန် ၅၀၀၀၀ နှင့် ဆီတန်ချိန် ၁၂၀၀၀ ဝယ်ယူရန် ဆောင်ရွက်ခဲ့ပါကြောင်း၊ အရန်ဆန် ဝယ်ယူရာတွင် ဈေးကွက်တည်ငြိမ်စေရန်အတွက် ပြည်ပဆန်တင်ပို့မှုပမာဏ၏ ၁၀ ရာခိုင်နှုန်းကို ပြည်ပတင်ပို့သည့် ကုမ္ပဏီများထံမှဝယ်ယူခဲ့ပြီး အရန်စားသုံးဆီကို ဈေးနှုန်းသင့်တင့်သည့် စားအုန်းဆီဝယ်ယူရန် ဆောင်ရွက်ခဲ့ပါကြောင်း၊ စားအုန်းဆီမှာ ပြည်ပမှတင်သွင်းခြင်းဖြစ်သလို ပြည်တွင်း၌လည်း ဆီကန်လုံလောက်မှုမရှိခြင်းကြောင့် လုပ်ငန်းရှင်များနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များမှ ပူးပေါင်းဆောင်ရွက်ခြင်းများအတွက် ကျေးဇူးတင်ရှိပါကြောင်းနှင့် လိုအပ်ချက်များကို အသေးစိတ်ညှိနှိုင်းဆွေးနွေးပြီး အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**အသေးစိတ်ညှိနှိုင်းဆွေးနွေး**

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းနှင့် စားအုန်းဆီ တင်သွင်းသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများက အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# လယ်ယာလုပ်ငန်းများတွင်ပေါ်ပေါက်လာမည့် အလုပ်အကိုင်အခွင့်အလမ်းများတွင် ပါဝင်ဆောင်ရွက်နိုင်ရေး အသိပေးကြေညာချက်

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် လာမည့်စိုက်ပျိုးရာသီတွင် လယ်ယာထုတ်ကုန်သီးနှံများ ထုတ်လုပ်မှု မကျဆင်းစေရေးနှင့် လတ်တလော ကမ္ဘာ့နိုင်ငံအနှံ့အပြားတွင် ဖြစ်ပွားနေသည့် ကိုဗစ်ကပ်ရောဂါကြောင့် လယ်ယာလုပ်ငန်းများ ဆောင်ရွက်ရာတွင် တောင်သူလယ်သမားကြီးများ ထွန်ယက်ရေး၊ မျိုးရရှိရေး၊ သွင်းအားစုများ ရရှိသုံးစွဲရေးနှင့် ရင်းနှီးမြှုပ်နှံမှု ငွေကြေးအခက်အခဲများ မဖြစ်ပေါ်စေရေးအတွက် စီမံဆောင်ရွက်လျက်ရှိရာ နိုင်ငံတကာအဖွဲ့အစည်းများ၏ ချေးငွေ၊ အထောက်အပံ့နှင့် နိုင်ငံတော်ဘတ်ဂျက်တို့ဖြင့် နိုင်ငံတစ်ဝန်းရှိ ဧက (၂)သိန်းတွင် သီးနှံစုံမျိုးစေ့ထုတ်လုပ်ခြင်းနှင့် စံပြကျေးရွာများတွင် သီးနှံစုံစိုက်ပျိုးထုတ်လုပ်ခြင်း၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အစီအစဉ်ဖြင့် တောင်သူများနှင့် အကျိုးတူလယ်ယာစနစ် (Contract Farming) ဧက(၂)သိန်းစိုက်ပျိုးထုတ်လုပ်ခြင်း၊ စုစုပေါင်း ဧက(၄)သိန်း အကောင်အထည်ဖော်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိပါသည်။

၂။ အဆိုပါ ဧက(၄)သိန်းတွင် ဆောင်ရွက်ရမည့် ပျိုးထောင်ခြင်း၊ မြေယာပြုပြင်ခြင်း၊ ပျိုးနုတ်ခြင်း၊ ကောက်စိုက်ခြင်း၊ မြေဩဇာထည့်သွင်းခြင်း၊ ပေါင်းသတ်ဆေး/ပိုးသတ်ဆေးများ ပက်ဖျန်းခြင်း၊ ရေသွင်း/ရေထုတ်ပြုလုပ်ခြင်း၊ မျိုးကွဲပယ်နုတ်ခြင်းအပါအဝင် အပင်ပြုစုခြင်း၊ ရိတ်သိမ်းခြင်း၊ ခြွေလှေ့ခြင်း၊ ခူးဆွတ်ခြင်း၊ သန့်စင်ခြင်း၊ ထုပ်ပိုးခြင်းစသည့်လုပ်ငန်းများတွင် လုပ်သားများစွာလိုအပ်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ များစွာပေါ်ပေါက်မည်ဖြစ်ပါသည်။

၃။ သို့ပါ၍ ဖော်ပြပါလယ်ယာလုပ်ငန်းများ၌ အလုပ်လုပ်ကိုင်ရန် စိတ်ပါဝင်စားသူများအနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန (နေပြည်တော်၊ ရုံးချုပ်)၊ ဖုန်း–၀၆၇–၄၁၀၅၂၆ သို့ ဆက်သွယ်နိုင်ပါကြောင်း နှင့် နီးစပ်ရာ စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူးရုံးများသို့ဆက်သွယ်၍ စာရင်းပေးသွင်းထားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# ရန်ကုန်ရွှေဈေးကွက် မေ ၁၆ ရက်တွင် ပြန်ဖွင့်မည်

**ရန်ကုန်  မေ ၁၂**

ရန်ကုန်ရွှေဈေးကွက် မေ ၁၆ ရက်တွင် ပြန်ဖွင့်မည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်က ပြောသည်။ လက်ရှိ ရန်ကုန်ရွှေဈေးကွက်ဖွင့်လှစ်နိုင်ရေး သက်ဆိုင်ရာဌာနဆိုင်ရာများနှင့်တွေ့ဆုံပြီး လမ်းညွှန်မှုများခံယူလျက်ရှိနေကြောင်း ၎င်းက ပြောသည်။

**ခြောက်ပေခွာနေ**

"ရန်ကုန်ရွှေဈေးကွက်ကို ၁၆ ရက်မှာ ပြန်ဖွင့်မယ်လို့တော့အကြမ်းဖျင်း မှန်းထားတယ်။ မေ ၁၅ ရက်မှာ ကျန်းမာရေးဝန်ကြီးဌာနက ကိုဗစ် –၁၉ ရောဂါနဲ့ပတ်သက်ပြီး ထုတ်ပြန်ထားတဲ့ စည်းမျဉ်း၊ ညွှန်ကြားချက်တွေ ပြီးသွားမယ်ဆိုရင် မေ ၁၆ ရက် မနက်ပိုင်း အသင်းရုံးမှာ အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးလုပ်မယ်။ ပြီးရင် ထွေ/အုပ်က ညွှန်ကြားချက်ကို ရှင်းလင်းတင်ပြမယ်၊ အဓိကကတော့ လက်ဆေးတာ၊ နှာခေါင်းစည်းတပ်တာ၊ တစ်ယောက်နဲ့တစ်ယောက် ခြောက်ပေခွာနေတာ ဒီစည်းကမ်းတွေ လိုက်နာပြီး ရွှေဈေးကွက် ပြန်ဖွင့်သွားမယ်"ဟု ဦးမျိုးမြင့်က ပြောသည်။

လက်ရှိ ပြည်တွင်းရွှေဈေးကွက်အတွင်း အခေါက်ရွှေ တစ်ကျပ်သားလျှင် ငွေကျပ် ၁၁၇၀၀၀၀ ကျော်သာရှိပြီး ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၇၀၀ ကျော်ထိရှိကြောင်း ရွှေဈေးကွက်အတွင်းမှ သိရသည်။

ထိုသို့ ပြည်တွင်းရွှေဈေးကျဆင်းနေပြီး ကမ္ဘာ့ရွှေဈေးမြင့်တက်နေခြင်းမှာ ကိုဗစ် –၁၉ ကြောင့် ပြည်တွင်းရွှေဈေးကွက် မဖွင့်လှစ်နိုင်သည့်အပြင် ပြည်ပနိုင်ငံများဖြစ်သည့် အိန္ဒိယ၊ တရုတ်နိုင်ငံတို့ဖြင့် ကူးလူးဆက်ဆံရေးမရှိသောကြောင့် အရောင်းအဝယ်မှာလည်း အေးနေကြောင်း ဦးမျိုးမြင့်က ဆက်လက်ပြောသည်။ လက်ရှိ ရွှေဈေးကွက်မဖွင့်သေးသော်လည်း ရွှေဆိုင်အချို့ အဝယ်လက်ခံနေကြောင်း ရွှေလုပ်ငန်းရှင်များထံမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် ရွှေဆိုင်တစ်သောင်းကျော်ရှိပြီး ယခင်က တစ်နေ့လျှင် ရွှေပိဿာချိန် ၅၀ ခန့် အရောင်းအဝယ်ရှိကြောင်း၊ လက်ရှိ ကိုဗစ် –၁၉ ကြောင့် ရန်ကုန်တိုင်းဒေသကြီးရှိ ရွှေဈေးကွက်ကို ပိတ်ထားကြောင်း သိရသည်။

ငြိမ်းငြိမ်း

## စည်းလုံးညီညွတ်မှု၊ ချစ်ကြည်လေးစားမှု၊ ရိုင်းပင်းကူညီမှုများ ပိုမိုလိုအပ်

ဒီနေ့အချိန်အခါဟာ ကျွန်မတို့နိုင်ငံမှာ တိုင်းရင်းသားများအားလုံး စည်းလုံးညီညွတ်မှု၊ ချစ်ကြည်လေးစားမှု၊ ရိုင်းပင်းကူညီမှုများ ပိုမိုလိုအပ်လာတဲ့ အချိန်အခါလည်း ဖြစ်ပါတယ်။ ဒါ့အပြင် ပြည်ထောင်စုသားချင်းများ တစ်ဦးချင်းစီရဲ့ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ၊ လုံ့လဝီရိယ၊ ရိုးသားဖြောင့်မတ်မှု စတဲ့အရည်အချင်းများ ပိုမိုမြင့်မား၊ ခိုင်မာလာအောင် တည်ဆောက်ရမယ့်အချိန် ဖြစ်ပါတယ်။ ဒါ့အပြင် အချင်းချင်း ရိုင်းပင်းကူညီမှု၊ ချစ်ခင်လေးစားမှုများကိုအခြေခံပြီး ငြိမ်းချမ်းရေးကို အရယူနိုင်တဲ့ပုဂ္ဂိုလ်တွေ ဖြစ်စေချင်ပါတယ်။

*[နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ၁-၂-၂၀၂၀ ရက်နေ့တွင်ကျင်းပသည့် သွေးချင်းတို့ရဲ့ပွဲတော်ဆီ ၂၀၂၀ ဖွင့်ပွဲအခမ်းအနားသို့ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက် ]*







ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဦးကျော်တင်နှင့် ဒေါက်တာဝင်းမြတ်အေးတို့က မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို သံတမန်များအား ရှင်းလင်းပြောကြားစဉ်။

■ ကျောဖုံးမှ

အီးယူဆိုင်ရာ သံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးအကြီးအကဲများနှင့် ကုလသမဂ္ဂဌာနေ ညှိနှိုင်းရေးမှူးတို့ တက်ရောက်ကြသည်။

### ရှင်းလင်းပြောကြား

ရှင်းလင်းပွဲတွင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက COVID–19 ကပ်ရောဂါ တားဆီးကာကွယ်ရေးနှင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝများအပေါ် သက်ရောက်မှုများ လျော့ကျစေရေးတို့အတွက် အစိုးရ၏ကြိုးပမ်းဆောင်ရွက်နေမှုများ၊ တိုင်းရင်းသားလက်နက်ကိုင်ဒေသများတွင် COVID–19 ကာကွယ်ထိန်းချုပ်ရေးအတွက် EAOs များနှင့် ပူးပေါင်းဆောင်ရွက်ရေးအတွက် ကြိုးပမ်းနေမှု၊ ငြိမ်းချမ်းရေးရရှိရေးအတွက် အေအေ အပါအဝင် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များအားလုံးနှင့် NCA လက်မှတ်ရေးထိုးရန် ကြိုးပမ်းခဲ့မှု၊ အေအေနှင့် အာဆာအဖွဲ့များ၏ အကြမ်းဖက်လုပ်ရပ်များအခြေအနေ၊ အေအေမှ ရခိုင်ပြည်နယ်တွင် အစိုးရအုပ်ချုပ်ရေးယန္တရားပျက်ပြားအောင် လုပ်ဆောင်နေမှု၊ IDP များအတွက် လူသားချင်းစာနာမှု အကူအညီများ တိုးမြှင့်ပေးရန် ဆောင်ရွက်ပေးနေမှု၊ COVID–19 ကပ်ရောဂါ ကာလအတွင်း တပ်မတော်မှပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးကြေညာခဲ့သည့်ကိစ္စများကို ရှင်းလင်းပြောကြားသည်။

### ပြည်သူများ၏ အားကိုးစုစည်း

ထို့နောက် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က COVID–19 ကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် အစိုးရအနေဖြင့် ပြည်သူများ၏ အားကိုးစုစည်းပြီး IDP များ၊ အကျဉ်းထောင်များ၊ မသန်စွမ်းများအပါအဝင် တစ်နိုင်ငံလုံးရှိ အသိုက်အဝန်းအားလုံးအတွက် မည်သူ့ကိုမှ ချန်လှပ်မထားသည့် (Leaving no one behind) မူဝါဒအရ အစိုးရမှ ဆောင်ရွက်ပေးနေသည့်ကိစ္စများ၊ နေရပ်စွန့်ခွာသူများနေထိုင်သည့် စခန်းများတွင် COVID–19 ကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် ICRC နှင့် လုပ်ငန်းစီမံချက် ရေးဆွဲဆောင်ရွက်မည့်ကိစ္စ၊ စီးပွားရေးထိခိုက်မှုလျော့ကျစေရန်အတွက် COVID–19 ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးစီမံကိန်း(COVID–19 Economic Relief Plan) ချမှတ်ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက နေရပ်စွန့်ခွာသူများ၏ စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင် COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများကို စီမံချက်ချမှတ်ဆောင်ရွက်နေမှုများ၊ သတင်းအချက်အလက်များ ဖြန့်ဝေပေးခြင်း၊ လက်သန့်ဆေးရည်၊ ဆပ်ပြာ၊ လက်ဆေးဘေစင်၊ ပါးစပ်နှင့်နှာခေါင်းစည်းများနှင့် အပူချိန်တိုင်းကိရိယာများ ထောက်ပံ့ပေးမှု၊ COVID–19 ကပ်ရောဂါကာလအတွင်း သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးငယ်များအား အာဟာရဖြစ်ထွန်းရေးအတွက် ငွေကြေးထောက်ပံ့ခြင်းကိစ္စများကို ပြောကြားသည်။

### ရှင်းလင်းဖြေကြား

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများက တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ရှင်းလင်းဖြေကြားကြသည်။

ယနေ့ ကျင်းပခဲ့သည့် ရှင်းလင်းပွဲကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော COVID–19 ကပ်ရောဂါဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ကျင်းပခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## COVID-19 ကူးစက်ရောဂါဖြစ်ပေါ်နေချိန် မုန်တိုင်းအန္တရာယ်နှင့်ပတ်သက်၍ သတိပြုလိုက်နာဆောင်ရွက်နိုင်ရန် အသိပေးပန်ကြားခြင်း

- မြန်မာနိုင်ငံတွင် မုန်တိုင်းအဖြစ်များသောကာလမှာ မိုးဦးကာလနှင့် မိုးနှောင်းကာလတို့ဖြစ်ရာ ယခု COVID–19 ကူးစက်ရောဂါ ဖြစ်ပွားနေချိန်တွင် ရာသီကာလအလိုက်ဖြစ်ပွားတတ်သည့် သဘာဝဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်မှုများကို ပိုမိုသတိပြုဆောင်ရွက်ရန်လည်း လိုအပ်ပါသည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် COVID–19 ကူးစက်ရောဂါဖြစ်ပွားစဉ်ကာလတွင် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ စီမံခန့်ခွဲဆောင်ရွက်ရာ၌ COVID–19 ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ အစီအမံများကိုလည်း ပေါင်းစပ်ထည့်သွင်းပြီး ကြိုတင်စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။
- ပြည်သူများအနေဖြင့်လည်း ယခုကဲ့သို့မုန်တိုင်းဖြစ်ပေါ်နိုင်သည့်ရာသီကာလတွင် မိသားစုအလိုက် ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်ရာ၌ COVID–19 ကူးစက်ရောဂါဆိုင်ရာ လိုက်နာရမည့် ညွှန်ကြားချက်များကိုလည်း မမေ့မလျော့ထည့်သွင်းဆောင်ရွက်နိုင်ပါရန်နှင့် အောက်ပါအတိုင်း သတိပြုနေထိုင်ခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်နိုင်ပါရန် နှိုးဆော်အပ်ပါသည်–
  - မိုးလေဝသသတင်းများကို စဉ်ဆက်မပြတ်နားထောင်ပါ။ မိမိ၏အိမ်နီးချင်းများကိုလည်း အသိပေးနှိုးဆော်ပါ။
  - အိမ်ပေါ်သို့ ကျိုးကျနိုင်သော သစ်ပင်၊ သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းထားပါ။
  - COVID–19 ကူးစက်ရောဂါဖြစ်ပွားနေချိန်ဖြစ်သဖြင့် တတ်နိုင်ပါက မိမိအိမ်၌သာခိုလှုံနေထိုင်နိုင်ရေးအတွက်နေအိမ်အဆောက်အဦများအား လေဒဏ်၊ မိုးဒဏ်ခံနိုင်စေရန် ကြိုတင်ပြင်ဆင်ပါ။
  - မိမိနေအိမ်သည် လုံခြုံမှုမရှိနိုင်ဟုယူဆပါက မိသားစုများ အရေးပေါ်ပြောင်းရွှေ့ရန် ဘေးလွတ်ကင်းသည့်နေရာ ကြိုတင်ရွေးချယ်ထားပါ။ အဆိုပါနေရာတွင် တစ်ဦးနှင့်တစ်ဦး အနည်းဆုံး (၃)ပေအကွာ နေနိုင်ရေးဆောင်ရွက်ပါ။ ဆပ်ပြာ၊ လက်သန့်ဆေးရည်၊ မျက်နှာနှင့် နှာခေါင်းစည်းများ ကြိုတင်စုဆောင်းယူဆောင်သွားပါ။ COVID–19 ကူးစက်ရောဂါဆိုင်ရာ လိုက်နာရမည့် ညွှန်ကြားချက်များကို တိကျစွာလိုက်နာပါ။
  - မိမိအစီအစဉ်ဖြင့် ပြောင်းရွှေ့မည့်နေရာ မရရှိနိုင်ပါက ဒေသရှိ တာဝန်ရှိဌာန၊ အဖွဲ့အစည်းများ၏ စီမံဆောင်ရွက်မှုကို လိုက်နာဆောင်ရွက်ပါ။
  - ကမ်းရိုးတန်းဒေသများတွင် မုန်တိုင်းနှင့်အတူ မုန်တိုင်းဒီရေတက်ရောက်နိုင်ကြောင်း၊ ကုန်းတွင်းပိုင်းဒေသများသည် မုန်တိုင်းအရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းရာမှ လျှပ်တစ်ပြက်ရေကြီးမှုများ ဖြစ်ပေါ်နိုင်ကြောင်း အထူးသတိပြုနေထိုင်ပါ။
  - လှေများ၊ အသက်ကယ်ဘောကွင်းများ၊ Life Jacket များနှင့် ရေလုံသော ပလတ်စတစ်ပုံးများ ကြိုတင်စုဆောင်းပါ။
  - မိသားစုအလိုက် (၁)ပတ်စာခန့် အရေးပေါ်အသင့်စားအစားအစာများ၊ ဆေးဝါး၊ သောက်ရေများ ကြိုတင်စုဆောင်းထားပါ။
  - မိသားစုများ တကွဲတပြားစီဖြစ်သွားပါက ပြန်လည်ဆုံတွေ့နိုင်မည့်နေရာကို ကြိုတင်သတ်မှတ်ထား၍ မိသားစုဝင်အားလုံးသိရှိပါစေ။
  - လေပြင်းတိုက်ခတ်မှုများ၊ မိုးရွာသွန်းမှုများ၊ လျှပ်စီးလက်ခြင်းနှင့် မိုးခြိမ်းခြင်းများဖြစ်ပွားနေချိန်တွင် ဖုန်းများကိုအသုံးမပြုပါနှင့်။
- ပြည်သူလူထုအနေဖြင့် COVID–19 ကူးစက်ရောဂါဖြစ်ပွားနေချိန် ယခုကာလတွင် မုန်တိုင်းဘေး၊ ရေဘေးအန္တရာယ်များ ဖြစ်ပွားနိုင်သည်ကိုလည်း ကြိုတင်သတိပြုနိုင်ပါရန်၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်များကို အလေးထားဂရုပြုနားထောင်ရန်နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot–line ဖုန်းများဖြစ်သော ၀၆၇–၃၄၀၄၆၆၆ နှင့် ၀၆၇–၃၄၀၄၇၇၇ တို့သို့လည်း ဆက်သွယ်သတင်းယူခြင်း၊ အကူအညီတောင်းခံ နိုင်ခြင်းများ ဆောင်ရွက်နိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်**
**ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# လက်ခံသင့်သော နှာခေါင်းစည်း ယဉ်ကျေးမှု

ဒေါက်တာမြင့်သန်း (ညောင်လေးပင်)

နွေဦးရာသီရောက်လာပြီဆိုတာနဲ့ ဂျပန်နိုင်ငံမှာ ပန်းပေါင်းစုံပွင့်လေ့ရှိပါတယ်။ အထူးသဖြင့် ဧပြီလဆန်းမှာ ချယ်ရီပန်းတွေပွင့်တာမို့ ချယ်ရီပန်းပွဲတော်တွေကို တစ်နိုင်ငံလုံးမှာ ကျင်းပလေ့ရှိကြပါတယ်။ အဲဒီလိုပန်းတွေကို ကြည့်ကြရင်းနဲ့ နှာချေ၊ နှာရည်ယို၊ ချောင်းဆိုး၊ ယားယံခြင်းစတာတွေ ခံစားလာတတ်ကြပါတယ်။ ဒီလိုဖြစ်ရတာဟာ Hay Fever လို့ခေါ်တဲ့ ဓာတ်မတည့်ခြင်းကြောင့် ဖြစ်ကြောင်း သိရပါတယ်။ အအေးမိခြင်း၊ ဗိုင်းရပ်စ်ပိုး တစ်ခုခုကူးစက်ခံရခြင်းတို့ကြောင့် ဖြစ်ပွားရတာမဟုတ်ဘဲ ပန်းပွင့်လေးတွေကထွက်တဲ့ ပန်းဝတ်မှုန်လေးတွေကို ရှူရှိုက်မိရာက ဓာတ်မတည့်ခြင်း (Allergic Reaction) ကြောင့် ဖြစ်ရတာဖြစ်ပါတယ်။ တိရစ္ဆာန်လေးတွေကထွက်တဲ့ အမှုန်အမွှားလေးတွေ၊ တခြားအမှုန်အမွှားလေးတွေကြောင့်လည်း ဖြစ်တတ်ပါတယ်။ ဂျပန်နိုင်ငံသား ၁၂၇ သန်းရဲ့ သုံးယောက်မှာတစ်ယောက်နှုန်း အခုလိုဖြစ်တတ်ကြကြောင်း သိရပါတယ်။ ဒီလိုအခါမှာ နှာခေါင်းစည်း တပ်လိုက်ရင် ကာကွယ်ပြီးသားဖြစ်သွားပါတယ်။ လူတိုင်း နှာခေါင်းစည်း တပ်လာကြသလို၊ အလည်လာတဲ့ ဧည့်သည်တိုင်းလိုလိုကလည်း တပ်ဆင်ကြပါတယ်။ လမ်းတွေပေါ်မှာ မျက်နှာဗလာနဲ့လူကို မတွေ့ရသလောက်ပါပဲတဲ့။ ဒီလိုနဲ့အပြင်ထွက်တိုင်း နှာခေါင်းစည်း တပ်ကြလေ့ရှိလာပါတယ်။ အလုပ်သွားလည်းတပ်၊ နည်းနည်းနေထိုင်မကောင်းဖြစ်တာနဲ့ နှာခေါင်းစည်းတပ်ကြပါတယ်။ နှာခေါင်းစည်းတပ်ခြင်းဟာ မိမိထံက တခြားသူဆီမကူးစေနိုင်သလို တခြားသူက တပ်ထားရင်လည်း ကိုယ့်ထံကို မကူးစက်နိုင်ဘူးလို့ လက်ခံကျင့်သုံးလာကြပါတယ်။ ဒါကြောင့် ဂျပန်နိုင်ငံမှာ နှာခေါင်းစည်းတွေ အသုံးများလာပါတယ်။ အထူးသဖြင့် ၂၀၁၅ ခုနှစ်ဟာ နှာခေါင်းစည်းအများဆုံးထုတ်လုပ်ရတဲ့ နှစ်ဖြစ်ကြောင်း သိရပါတယ်။ ၄ ဒသမ ၅ ဘီလီယံ အရေအတွက်မျှ ထုတ်လုပ်ရပါတယ်။ ပုံမှန်ထက် ၂၀ ရာခိုင်နှုန်းခန့် ပိုပါတယ်။ နိုင်ငံသားတိုင်း အိမ်အပြင်ထွက်ရင် နှာခေါင်းစည်းတပ်ရမယ်ဆိုတာ လုပ်နေကျအလုပ်တစ်ခုလို ဖြစ်လာခဲ့ပါတယ်။ Mask Dependency (သို့မဟုတ်) Mask Culture လို့ခေါ်တဲ့ နှာခေါင်းစည်း ယဉ်ကျေးမှုတစ်ရပ်လို့တောင် ခေါ်ကြပါတယ်။ ၂၀၁၄ ခုနှစ်က နှာခေါင်းစည်း ချုပ်လုပ်ရောင်းချရမှုဟာ ယန်း ၂၃ ဒသမ ၂ ဘီလီယံ (ဒေါ်လာ ၂၉၄ သန်း) မျှရှိကြောင်း Fuji Keizai အမည်ရှိ နှာခေါင်းစည်းထုတ်လုပ်ရေး ကုမ္ပဏီက ဆိုပါတယ်။ ၂၀၀၉ ခုနှစ် H1N1 (Swine Flu) ဖြစ်ပွားစဉ်ကဆို ယန်း ၃၄ ဘီလီယံမျှရှိကြောင်းလည်း သိရပါတယ်။ ၂၀၀၃ ခုနှစ် ဆားစ်ရောဂါ(SARS) ဖြစ်ပွားစဉ်က Unichem ကုမ္ပဏီကြီးက အမှုန်လေးတွေကိုသာမက ကူးစက်ရောဂါပိုးတွေကိုပါ ကာကွယ်နိုင်တဲ့ PM2.5 အလွန်သေးငယ်တဲ့ အစစ်ကလေးတွေပါဝင်ရုံမက သက်သောင့်သက်သာရှိစေတဲ့ နှာခေါင်းစည်းတွေကို ထုတ်လုပ်ခဲ့ပါတယ်။ "နှာစေးသလား၊ နှာချေသလား၊ ချောင်းဆိုးသလား" ဒီလိုဖြစ်တာနဲ့ နှာခေါင်းစည်းတပ်ရမယ်ဆိုတာ မိသားစုတိုင်းက လက်ခံကျင့်သုံးလာခဲ့ကြပါတယ်။ ၂၀၀၈ ခုနှစ်က ဂျပန်နိုင်ငံသား ငါးဦးမှာ တစ်ဦးနှုန်း၊ ၂၀၁၁ ခုနှစ်မှာ သုံးဦးမှာ တစ်ဦးနှုန်း နှာခေါင်းစည်းကို လူတိုင်းနီးပါး အသုံးပြုလာကြတာကို တွေ့ရပါတယ်။ အမျိုးသမီးတွေကလည်း သုံးရတာ နှစ်သက်ပါတယ်တဲ့။ ''နှာခေါင်းစည်း တပ်ထားရင် အပြင်ထွက်တဲ့အခါ မိတ်ကပ်မလိမ်းဘဲ ထွက်လို့ရတယ်''လို့ ဆိုပါတယ်။

အခု ကိုဗစ်-၁၉ ဖြစ်ပွားစဉ်မှာတော့ ဝန်ကြီးချုပ် မစ္စတာအာဘေးက အိမ်ထောင်စုတစ်ခုစီကို ပြန်အသုံးပြုလို့ရတဲ့ အဝတ်သားနှာခေါင်းစည်း နှစ်ခုစီ (အရေအတွက် ၅၀ ဘီလီယံ) ဝေမယ်လို့ ပြောပါတယ်။ နှာခေါင်းစည်းတွေကိုတပ်ဆင်တာဟာ တကယ်ကိုကျင့်သားရနေတဲ့ အလေ့အထယဉ်ကျေးမှုတစ်ခု ဖြစ်နေပါပြီလို့ ဆိုကြပါတယ်။ ''အေးလှတဲ့ဆောင်းရာသီမှာ သူ့ကြောင့် လည်ချောင်းနွေးပါတယ်၊ ဒီတော့ အအေးမိတာ မဖြစ်တော့ဘူး။ ဒီလိုသုံးလာတာ ငါးနှစ်လောက်ရှိလာပါပြီ''လို့ လုပ်ငန်းရှင်တစ်ဦးက ပြောပါတယ်။ အသက်၃၀-၄၀အရွယ်တွေဟာ Masks Addict နှာခေါင်းစည်းစွဲတယ်လို့ ဆိုရလောက်အောင် အိမ်ပြင်ထွက်တာနဲ့ နှာခေါင်းစည်းတပ်ရတာကို စွဲနေသလို ဖြစ်နေကြပါတယ်။ အမျိုးသမီးတွေရဲ့ ၆၀ ရာခိုင်နှုန်းလောက်ဟာ ဒီလိုဖြစ်နေကြတယ်။ အခုလို ကိုဗစ်ကပ်ရောဂါအချိန်မှာတော့ သိပ်ကို



အဆင်ပြေသွားတာပါပဲလို့ ဆိုပါတယ်။ အရှေ့အာရှနိုင်ငံတွေဖြစ်တဲ့ ဂျပန်၊ တောင်ကိုရီးယား၊ ဟောင်ကောင်တို့ဟာ ဒီကပ်ရောဂါကြီးကို အချိန်စောစောအောင်နိုင်ခဲ့တာဟာ နှာခေါင်းစည်းတွေ တပ်ဆင်ကြခြင်းက လွန်စွာအထောက်အကူပြုခဲ့တာဖြစ်ကြောင်းတွေ့ရပါတယ်။

### Masks For All ချက်သမ္မတနိုင်ငံနှင့် နှာခေါင်းစည်းလှုပ်ရှားမှု

ဥရောပတိုက်က ချက်သမ္မတနိုင်ငံဟာလည်း ကိုဗစ်ရောဂါထိန်းချုပ်ရေးမှာ အလွန်အောင်မြင်ခဲ့တဲ့ နိုင်ငံတစ်ခုဖြစ်ပါတယ်။ ဥရောပကို ကိုဗစ်ကူးစက်နေပြီလို့သိတာနဲ့ အဓိကဝင်ပေါက်ဖြစ်တဲ့ ဩစတြီးယားနဲ့ ဟန်ဂေရီနိုင်ငံနယ်စပ်တွေမှာ စစ်ဆေးမှုတွေလုပ်ခဲ့ပါတယ်။ ပြည်တွင်းမှာ လူတိုင်းနှာခေါင်းစည်းတပ်ဖို့၊ လက်ဆေးဖို့၊ ခပ်ခွာခွာနေကြဖို့၊ အိမ်မှာနေကြဖို့ စတာတွေကို တင်းကျပ်စွာ ဆောင်ရွက်ခဲ့ပါတယ်။ အစားအစာနဲ့ ဆေးဝါးဆိုင်တွေကလွဲပြီး မည်သည့်ရောင်းဝယ်မှုတွေကိုမျှ မတ် ၁၄ ရက်နေ့မှ ဧပြီ ၃၀ ရက်နေ့အထိ မဖွင့်ရလို့ အမိန့်ပေးတားမြစ်ထားပါတယ်။ အစိုးရနဲ့ သက်ဆိုင်ရာ ဒေသန္တရအမိန့်တွေကို ချိုးဖောက်ရင်၊ နှာခေါင်းစည်းမတပ်ရင် ဒဏ်ငွေ အမေရိကန်ဒေါ်လာ ၈၀၀ တပ်ပါတယ်။ အထူးသဖြင့် နှာခေါင်းစည်းတပ်ခြင်းကို ဖိအားပေးခဲ့ပါတယ်။ နှာခေါင်းစည်းတွေ အရေးပေါ်လိုအပ်လာပါတယ်။ နှာခေါင်းစည်းတွေဟာ အရေးပါတဲ့အစီအမံဖြစ်တယ်လို့ လက်ခံယုံကြည်ကြတာကြောင့် Masks 4All....Masks for All Campaign..My mask protect you.Your mask protect me အစရှိတဲ့ ကြွေးကြော်မှုတွေနဲ့အတူ လှုပ်ရှားမှုကြီး တစ်နိုင်ငံလုံးမှာ လုပ်ခဲ့ကြပါတယ်။။ No. N95 Respirator မလိုပါ၊ နှာခေါင်းနဲ့ပါးစပ်အုပ်ကာကွယ်ထားဖို့သာ အဓိကတဲ့။ တစ်နိုင်ငံလုံးကနိုင်ငံသား ၁၀ သန်းအတွက် နှာခေါင်းစည်းတွေကို အိမ်တွင်းမှာချုပ်ကြပါတယ်။ မိသားစုတိုင်းက ပါဝင်ကူညီကြသလို အသင်းအဖွဲ့တွေကလည်း ပါဝင်ကြပါတယ်။ စက်ရုံတွေကိုပိတ်လိုက်ရတာကြောင့် စက်ရုံအများစုကို နှာခေါင်းစည်းထုတ်လုပ်နိုင်တဲ့ လုပ်ငန်းတွေအဖြစ် ပြောင်းလဲလိုက်ကြပါတယ်။ ကျောင်းတွေ၊ တက္ကသိုလ်တွေလည်းပိတ်လိုက်တာမို့ အဲဒီနေရာတွေဟာ နှာခေါင်းစည်း ချုပ်ရာနေရာတွေ ဖြစ်သွားခဲ့ပါတယ်။ စက်ရုံထုတ်တွေထက် အိမ်ထုတ်နှာခေါင်းစည်း(Home made masks)တွေ ပိုထုတ်နိုင်အောင် ကြိုးပမ်းကြတာ ဖြစ်ပါတယ်။ တစ်နိုင်ငံလုံးကို အချိန်သုံးရက်အတွင်း အခမဲ့ ဖြန့်ဝေနိုင်အောင် အားစိုက်ဆောင်ရွက်ခဲ့ကြပါတယ်။ သုံးရက်အတွင်း လူ ၁၀ သန်းဆီ အရောက်ပို့ပြီး မဖြစ်မနေ အသုံးပြုနိုင်ကြလို့ ကိုရိုနာပိုးကို ကောင်းစွာဖြတ်တောက်နိုင်ခဲ့ကြပါတယ်။

ချက်နိုင်ငံမှာ မတ်လ ၃၁ ရက်နေ့က သေဆုံးသူ ၂၄ဦး၊ ဖြစ်ပွားသူ ၃၀၀၄ ဦးနဲ့ ထိန်းချုပ်သွားနိုင်ပါတယ်။ ဆောင်ရွက်မှုတွေမှာ ချက်နိုင်ငံရောက် ဗီယက်နမ်လူမျိုးတွေရဲ့ ပါဝင်ဆောင်ရွက်မှုတွေကလည်း အတော်ထိရောက်ခဲ့တယ်လို့ သိရပါတယ်။ ချက်နိုင်ငံမှာ အခြေချနေထိုင်တဲ့ ဗီယက်နမ်လူမျိုး ၆၇၀၀၀ ခန့်ရှိပြီး ဆလိုဗက်နဲ့ ယူကရိန်းစတဲ့လူမျိုးတွေပြီးရင် အများဆုံးရှိနေတဲ့ လူနည်းစု minority ဖြစ်ကြောင်း သိရပါတယ်။ သူတို့ဟာ ချက်နိုင်ငံမှာနေထိုင်ကြတာ နှစ်ပေါင်းသုံးဆယ်ခန့်ရှိနေကြပြီး အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းတွေ အောင်မြင်နေကြပါတယ်။ အခုလို အရေးကြီးလာတော့ သူတို့က Heart and Masks ဆိုတဲ့လှုပ်ရှားမှု လုပ်ကြပါတယ်။ လူမှုကွန်ရက်ကနေလည်း အဖွဲ့ဖွဲ့ပါတယ်။ အဖွဲ့ဝင် ၁၀၀၀ ခန့် ချက်ချင်းရလိုက်ပြီး လူ ၂၅၀ ခန့်စီ အလှည့်ကျ home made masks တွေ ချုပ်ကြပါတယ်။ အခြားသူတွေကလည်း သင့်တော်ရာအစီအစဉ်တွေနဲ့ ပါဝင်ကြပါတယ်။ သူတို့ဟာ များသောအားဖြင့် ကိုယ့်အဝတ်အစားကို ကိုယ်တိုင်ချုပ်ဝတ်နေကျဖြစ်လို့ နှာခေါင်းစည်းတွေ ချုပ်ရာမှာလည်း အလွန်ခရီးပေါက်ကြပါတယ်။ အာရှသားတွေပီပီ သူတို့ကိုနေထိုင်ခွင့်ပေးထားတဲ့ နိုင်ငံမို့ ကျေးဇူးဆပ်ရမယ်ဆိုတဲ့ စိတ်ဓာတ်လည်း ရှိနေကြသူတွေ ဖြစ်ကြပါတယ်။ သူတို့ရဲ့လုပ်အားတွေအပါအဝင် တစ်နိုင်ငံလုံးက အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ကြတာကြောင့် တစ်နိုင်ငံလုံးကို နှာခေါင်းစည်းတွေ ဖြန့်ဝေနိုင်ခဲ့ပါတယ်။ လူထုကလည်း လိုက်နာဆောင်ရွက်ကြပါတယ်။ တစ်နိုင်ငံလုံးကို သုံးရက်အတွင်း ဖြန့်ဝေအသုံးချနိုင်ခဲ့ကြလို့ အချိန်တိုအတွင်း ကူးစက်ရောဂါကြီးအပေါ် အောင်နိုင်ခဲ့ပါတယ်။ နှာခေါင်းစည်းတွေ အသုံးချနိုင်ခြင်းရဲ့ ထိရောက်ပုံကို လက်တွေ့ တွေ့မြင်ရခြင်းနဲ့အတူ စည်းလုံးညီညွတ်မှုရဲ့ အကျိုးတရားကိုလည်း တွေ့နိုင်ပါတယ်။

### အမေရိကန်နိုင်ငံ တင်နက်ဆီပြည်နယ်မှ နှာခေါင်းစည်း လှုပ်ရှားမှု

အမေရိကန်နိုင်ငံ တင်နက်ဆီပြည်နယ်က Sandra Sacco ဆိုသူ အမျိုးသမီး တစ်ယောက်အကြောင်း News Week မဂ္ဂဇင်းကြီးရဲ့ Heroes of Pandemic အစီအစဉ်မှာ ဖတ်ရပါတယ်။ သူဟာ သားလေးမကျန်းမာလို့ဆေးခန်းသွားပြတဲ့အခါ ဆရာဝန်က ကလေးကိုနှာခေါင်းစည်းအမြဲတပ်ထားပေးဖို့ ညွှန်ကြားပါတယ်။ အသက်ရှူလမ်းကြောင်းမကောင်းတဲ့ သူ့ရဲ့သားငယ်လေးဟာ နှာခေါင်းစည်းတပ်ထားတာကြောင့် နာမကျန်းဖြစ်မှုတွေလျော့သွားတာ တွေ့ရပါတယ်။ ဒါနဲ့ အမြဲတပ်ခဲ့ပါတယ်။ နှာခေါင်းစည်းတစ်ခုချင်းစီကိုဝယ်သုံးရတာ အဆင်မပြေတာနဲ့ သူကိုယ်တိုင်အိမ်မှာချုပ်ပါတယ်။ သူ့ကလေးအတွက်လည်းသုံး၊ တခြားလိုအပ်သူတွေကိုလည်း ဝေငှပါတယ်။ အခု ကိုဗစ်-၁၉ ရောဂါဟာ အမေရိကန်မှာလည်း ဖြစ်လိုက်တာ မြင်မကောင်းကြားမကောင်းအောင်ဖြစ်တော့ သူလည်းတတ်နိုင်သလောက်ကူညီမယ်ဆိုပြီး ဖေ့စ်ဘွတ် Mask Makers Groupကနေ Knoxvellie Area Mask Makers Group ဆိုတဲ့အမည်နဲ့ အုပ်စုတစ်ခု ဖွဲ့လိုက်ပါတယ်။ သူကအကျိုးအကြောင်းရှင်းပြပြီး အများအကျိုးပြုဖို့ နှာခေါင်းစည်းတွေချုပ်ကြမယ်ဆိုပြီး စည်းရုံးလိုက်ပါတယ်။ အဖွဲ့ဝင်ပေါင်း ၂၅၀ လောက်ရရှိပြီး အိမ်လုပ်နှာခေါင်းစည်း ချုပ်ကြပါတယ်။ ရက်သတ္တတစ်ပတ်ကို နှာခေါင်းစည်းပေါင်း ၁၀၀၀ လောက် ချုပ်နိုင်ကြပါတယ်။ ဆေးရုံဆေးခန်းတွေကို အခမဲ့ဝေငှပါတယ်။ သူတို့ အကျိုးအမြတ်အတွက် ဘာမှမယူပါဘူး။ စေတနာရှင်တွေက လှူဒါန်းတဲ့ ကုန်ကြမ်းပစ္စည်းတွေကိုသာ လက်ခံပြီး ကုန်ချောအဖြစ် ဖန်တီးလှူဒါန်းကြပါတယ်။ တင်နက်ဆီပြည်နယ် ကျန်းမာရေးဌာနရဲ့ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ပိုးတွေ့အတည်ပြုခံရသူ ၅၉၂၃ ဦး၊ သေဆုံးသူ ၁၂၄ ဦးနဲ့ အမေရိကန် ပြည်နယ် ၅၀ မှာ တော်တော်ဆိုးရွားမှု နည်းတဲ့ ပြည်နယ်တစ်ခုဖြစ်ကြောင်း သိရပါတယ်။ ဒီလိုဖြစ်ရတာဟာ အခြားသောကာကွယ် ကုသမှုတွေနဲ့အတူ နှာခေါင်းစည်းတွေ တွင်ကျယ်စွာသုံးနိုင်ခြင်းကြောင့်ဖြစ်ကြောင်း ယူဆကြပါတယ်။ "နှာခေါင်းစည်းတပ်ခြင်းဟာ ကိုရိုနာဗိုင်းရပ်စ်ပြန့်ပွားခြင်းကို ထိထိရောက်ရောက် မဟန့်တားနိုင်ပါ" ဆိုတဲ့ အယူအဆကြောင့် ဥရောပအချို့နိုင်ငံတွေနဲ့ အမေရိကန်နိုင်ငံတို့မှာ နှာခေါင်းစည်းကို စိတ်မဝင်စားခဲ့ကြပါဘူး။ သို့သော် တင်နက်ဆီပြည်နယ်က လက်ခံကျင့်သုံးခဲ့ပါတယ်။ အထူးသဖြင့် Knoxvellie Area Mask Makers Groupရဲ့ ကူညီဆောင်ရွက်မှုကလည်း များစွာထိရောက်စေခဲ့ပါတယ်လို့ ပြည်နယ်ကျန်းမာရေးဌာန တာဝန်ရှိသူတို့က ဆိုပါတယ်။ အခုအခါ သူတို့အဖွဲ့ ဟာ နှာခေါင်းစည်း အရေအတွက်ပေါင်း ၁၀၀၀၀၀ ခန့်ကို ချုပ်လုပ်နေကြကြောင်း သိရပါတယ်။

### The Masks

နှာခေါင်းစည်းတွေကို ပြင်သစ်ခွဲစိတ်ဆရာဝန်ကြီး Paul Berger က ၁၈၉၇ ခုနှစ်က ပဲရစ်မြို့ ဆေးရုံမှာ ခွဲစိတ်ကုသစဉ်အတွင်း စတင်အသုံးပြုခဲ့ကြောင်း သိရပါတယ်။ ကူးစက်ရောဂါတွေကို ကာကွယ်နိုင်ကြောင်း ၂၀ ရာစုအစပိုင်းမှာ စတင်တွေ့ရှိခဲ့ပြီး ကျယ်ပြန့်စွာ အသုံးချခဲ့ကြပါတယ်။ Wu lien-the ဆိုသူ တရုတ်လူမျိုးတစ်ဦးက သင့်တော်တဲ့မျက်နှာဖုံး (နှာခေါင်းနှင့် ပါးစပ်ဖုံး)ပုံစံကိုတီထွင်ပြီး ၁၉၁၀-၁၉၁၁ ခုနှစ် ပလိပ်ကပ်ရောဂါ (Pneumonic Plague) မန်ချူးရီးယားမှာဖြစ်စဉ် အသုံးပြုခဲ့ပါတယ်။ အသုံးဝင်လှလို့ ၁၉၁၈ ခုနှစ် တုပ်ကွေးအဖျားကပ်ရောဂါ (Pandemic Flu) မှာ အသုံးပြုခဲ့ကြပါတယ်။ ကျန်းမာရေးဝန်ထမ်းတွေ အသုံးပြုခြင်းကို ၁၉၁၈ ခုနှစ်မှာပဲ စတင်ခဲ့ပြီး ၁၉၄၀ ပြည့်နှစ်တွေအတွင်း တီဘီရောဂါရှင်တွေကို ပြုစုနေကြတဲ့ သူနာပြုတွေအတွက် cheesecloth (gauze-like carded cotton cloth)ချိစ်အဝတ်စတွေနဲ့ ချုပ်ထားတဲ့နှာခေါင်းစည်းတွေကို သုံးခဲ့ပါသေးတယ်။

အခုအသုံးများနေတဲ့ Surgical masks ခွဲစိတ်ခန်းသုံးနှာခေါင်းစည်းတွေကို ၁၉၆၀ ပြည့်နှစ်တွေမှာ သုံးခဲ့ပါတယ်။ Non-waven fabric ပိတ်စမဟုတ်တဲ့ နိုင်လွန်ထည်တွေ ဖြစ်ပါတယ်။ ပိတ်စနှာခေါင်းစည်းတွေကိုတော့ ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ ၂၀၀၂-၂၀၀၄ အာရှတိုက် ဆားစ် (SARS) ရောဂါ၊၂၀၁၃-၂၀၁၆ ခုနှစ် အနောက်အာဖရိက အီဘိုလာရောဂါတို့မှာ ကျယ်ပြန့်စွာသုံးခဲ့ကြပါတယ်။

ပိတ်စနှာခေါင်းစည်းတွေအသုံးပြုမှုကို အချို့သောပညာရှင်တွေက လက်မခံကြသေးတာကို တွေ့ခဲ့ရပါတယ်။ သို့သော် အခုလိုအချိန်မှာတော့ Conditionally recommend for general public အများပြည်သူသုံးရန်သင့်တော်ကြောင်း လက်ခံလာကြပါတယ်။ အမေရိကန်နိုင်ငံက ဆေးရုံပေါင်း ၁၆၀၇ ခုမှာ လေးပတ်ကြာလေ့လာခဲ့ရာ two layer cotton mask ပိတ်စ နှစ်ထပ်နှာခေါင်းစည်းတွေဟာ အတိုင်းအတာတစ်ခုအထိ အသုံးဝင်ကြောင်း၊ လျှော်ဖွပ်ပြီး ပြန်သုံးနိုင်ကြောင်း တွေ့ရှိကြလို့ ဖြစ်ပါတယ်။(Source..Prevent Epidemics)

အခြားလေ့လာမှုတစ်ခုအရလည်း ပိတ်စနှာခေါင်းစည်းတွေဟာ 10μm or less (PM10) အရွယ်ရှိ အမှုန်အမွှားတွေကို စစ်နိုင်ကြောင်း တွေ့ရပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်ပြီး ကိုဗစ်-၁၉ ကူးစက်ကပ်ရောဂါကြီးကို တစ်နိုင်ငံလုံးညီညွတ်စွာ တွန်းလှန်နေကြပါတယ်။ အထူးသဖြင့် နှာခေါင်းစည်းတွေ တပ်ဆင်ခြင်းဟာ စိတ်ဝင်စားဖွယ်ဖြစ်သလို အကျိုးပြုနိုင်တဲ့ ဆောင်ရွက်မှုတစ်ခုလည်း ဖြစ်ပါတယ်။ နှာခေါင်းစည်းတွေ ကိုယ်တိုင်ချုပ်ကြတာ၊ တပ်ဆင်အသုံးပြုကြတာတွေဟာ ကူးစက်ရောဂါတွေကို ကာကွယ်နိုင်ရုံမက အလေ့အထတစ်ခုလို လက်ခံအသုံးပြုနိုင်မယ်ဆိုရင် ကျွန်တော်တို့ရဲ့ ပတ်ဝန်းကျင်မှာ ကူးစက်မှုတွေကို အတိုင်းအတာ တစ်ခုအထိ ကာလကြာရှည်စွာ ကာကွယ်နိုင်မယ်လို့လည်း ယုံကြည်ပါတယ်။ ကိုရိုနာဗိုင်းရပ်စ်ပိုးတွေဟာ ကူးစက်ပျံ့နှံ့တဲ့အဆင့်ကနေ ကျဆင်းသွားလည်း ကမ္ဘာမြေမှာ အခြေအနေတစ်ခုအနေနဲ့ ရှိနေနိုင်တယ်ဆိုတဲ့ ပညာရှင်အချို့ရဲ့ ခန့်မှန်းမှုတွေ ရှိပါတယ်။ ဒါကြောင့် ကိုဗစ်-၁၉ အလွန် လူနေမှုစတိုင် (Life styles beyond COVID – 19) ဆိုတာတွေကိုတောင် ကြိုတင်မျှော်မှန်းနေမှုတွေ ရှိနေပါပြီ။ လူသားတွေအနေနဲ့ စည်းလုံးညီညွတ်ကြဖို့၊ ပညာနဲ့ သတိတရားတွေထားကြဖို့၊ သဘာဝပတ်ဝန်းကျင်ကြီးကို ထိန်းသိမ်းကြဖို့၊ လူသားကျင့်ဝတ်တွေနဲ့ ကျန်းမာရေးရာကိစ္စတွေကို မျက်ကွယ်မပြုကြဖို့အစရှိတာတွေကို မမေ့မလျော့ ဆောင်ရွက်ကြဖို့ ဖြစ်ပါတယ်။ ဒါမှသာနေပျော်တဲ့ ကမ္ဘာကြီးဖြစ်လာမှာပါ။ ဒီလို အချက်တွေထဲမှာ ကောင်းမွန်ပြီး အများလိုက်နာဆောင်ရွက်နိုင်တဲ့နှာခေါင်းစည်းယဉ်ကျေးမှု(Mask culture) ကဲ့သို့ အကျင့်စရိုက်တွေ ထည့်သွင်းဆောင်ရွက် ကြသင့်ကြောင်းပါခင်ဗျာ။ ။

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း သတင်းစာလပေး မှာယူဖတ်ရှုလိုသူများ ဆက်သွယ်ဝယ်ယူနိုင်

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ သတင်းစာဖတ်ပြည်သူများအတွက် မြန်မာ့အလင်း၊ ကြေးမုံသတင်းစာများအား လပေးမှာယူဖတ်ရှုလိုပါက အောက်ပါကိုယ်စားလှယ် ဖုန်းနံပါတ်များသို့ ဆက်သွယ်မှာယူနိုင်ကြောင်း အသိပေးအပ်ပါသည်-

| စဉ် | ကိုယ်စားလှယ်အမည် | မြို့နယ် | ဆက်သွယ်ရန်ဖုန်း |
|---|---|---|---|
| ၁။ | ဦးကျော်ညွန့် | စစ်ကိုင်း | ၀၉-၄၀၈၆၆၂၇၉၀ |
| ၂။ | ဒေါ်အေးအေးသန်း | မုံရွာ | ၀၇၁-၂၁၇၅၃ |
| ၃။ | ဦးသောင်းဌေး | ချောင်းဦး | ၀၉-၇၇၁၅၆၃၃၇၅ |
| ၄။ | ဒေါ်ထက်ထက်လင်း | မြောင် | ၀၉-၉၆၀၇၃၇၆၈၆ |
| ၅။ | ဦးနေလင်းအောင် | မြင်းမူ | ၀၉-၆၆၆၁၉၈၅၅၂ |
| ၆။ | ဦးကျော်ကျော်ဝင်း | ရွှေဘို | ၀၉-၄၅၁၈၄၇၁၈၅ |
| ၇။ | ဦးစိန်အောင် | ရေဦး | ၀၉-၄၀၀၄၅၂၄၉၄ |
| ၈။ | ဒေါ်သဇ္ဇာထွန်း | တန့်ဆည် | ၀၉-၂၅၆၀၆၅၀၄၅ |
| ၉။ | ဒေါ်နွယ်နွယ်ခိုင် | ယင်းမာပင် | ၀၉-၄၄၀၇၅၂၃၄၃ |
| ၁၀။ | ဒေါ်ဝင်းဝင်းမော် | ကနီ | ၀၉-၄၄၂၀၇၅၄၆၈ |
| ၁၁။ | ဒေါ်ဌေးဌေးမြင့် | ခင်ဦး | ၀၉-၄၀၀၅၂၀၁၂၆ |
| ၁၂။ | ဦးသောင်းညွန့် | ကျွန်းလှ | ၀၉-၄၀၀၄၂၂၈၀၇ |
| ၁၃။ | ဦးသိန်းရွှေ | ကောလင်း | ၀၇၅-၄၂၃၀၀ |
| ၁၄။ | ဦးကံထွန်း | ဝန်းသို | ၀၉-၂၅၆၂၀၃၁၁၇ |
| ၁၅။ | ဦးမြင့်အောင် | အင်းတော် | ၀၉-၂၅၆၁၈၇၇၆၉ |
| ၁၆။ | ဦးချစ်လှိုင် | ကသာ | ၀၉-၇၈၉၈၅၈၅၂၆ |
| ၁၇။ | ဒေါ်စန်းမြင့် | ပခုက္ကူ | ၀၉-၂၃၀၁၂၅၄ |
| ၁၈။ | ဦးမင်းနိုင် | ရေစကြို | ၀၉-၇၈၇၄၇၁၁၀၃ |
| ၁၉။ | ဦးထွန်းရွှေ | တမူး | ၀၉-၄၀၀၅၁၇၆၃၁ |
| ၂၀။ | ဒေါ်ဇာဇာလှိုင် | ကလေးဝ | ၀၉-၄၄၂၀၇၄၀၁၉ |
| ၂၁။ | ဦးဇူလိုင်နေဝင်း | မင်းကင်း | ၀၉-၂၅၈၆၀၀၉၅၄ |
| ၂၂။ | ဦးမောင်မောင်လွင် | မော်လိုက် | ၀၇၃-၄၂၀၄၇ |

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၁၂၀၁၉ | ၁၈၀ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၇၆ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း - ၃၉၈၃

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၆၄ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူစာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၁၄၅ | ၅ |
| ၂ | ပဲခူး | ၇ | ၁ |
| ၃ | စစ်ကိုင်း | ၇ | |
| ၄ | ချင်း | ၆ | |
| ၅ | ရှမ်း(ရှေ့) | ၃ | |
| ၆ | မန္တလေး | ၃ | |
| ၇ | ရှမ်း(တောင်) | ၂ | |
| ၈ | ရှမ်း(မြောက်) | ၂ | |
| ၉ | နေပြည်တော် | ၂ | |
| ၁၀ | မွန် | ၁ | |
| ၁၁ | မကွေး | ၁ | |
| ၁၂ | ကချင် | ၁ | |
| | စုစုပေါင်း | ၁၈၀ | ၆ |

❖ အောက်ပါ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

| ပြည်နယ် | တိုင်းဒေသကြီး |
|---|---|
| ကယားပြည်နယ် | တနင်္သာရီတိုင်းဒေသကြီး |
| ကရင်ပြည်နယ် | ဧရာဝတီတိုင်းဒေသကြီး |
| ရခိုင်ပြည်နယ် | |

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၁၂-၅-၂၀၂၀ ရက်၊ ည (၈)နာရီ

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|
| အမေရိကန် | ၁၃၈၇၄၉၉ | ၂၆၂၂၅ | ၈၁၉၃၇ |
| စပိန် | ၂၆၉၅၂၀ | ၁၈၀၄၇၀ | ၂၆၉၂၀ |
| ရုရှား | ၂၃၂၂၄၃ | ၄၃၅၁၂ | ၂၁၁၆ |
| ဗြိတိန် | ၂၂၃၀၆၀ | စိစစ်ဆဲ | ၃၂၀၆၅ |
| အီတလီ | ၂၁၉၈၁၄ | ၁၀၆၅၈၇ | ၃၀၇၃၉ |
| ပြင်သစ် | ၁၇၇၄၂၃ | ၅၆၇၂၄ | ၂၆၆၄၃ |
| ဂျာမနီ | ၁၇၂၆၂၆ | ၁၄၇၂၀၀ | ၇၆၆၁ |
| ဘရာဇီး | ၁၇၀၀၁၂ | ၆၇၃၈၄ | ၁၁၇၀၁ |
| တူရကီ | ၁၃၉၇၇၁ | ၉၅၇၈၀ | ၃၈၄၁ |
| အီရန် | ၁၁၀၇၆၇ | ၈၈၃၅၇ | ၆၇၃၃ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|
| စင်ကာပူ | ၂၄၆၇၁ | ၃၂၂၅ | ၂၁ |
| အင်ဒိုနီးရှား | ၁၄၇၄၉ | ၃၀၆၃ | ၁၀၀၇ |
| ဖိလစ်ပိုင် | ၁၁၃၅၀ | ၂၁၀၆ | ၇၅၁ |
| မလေးရှား | ၆၇၄၂ | ၅၂၂၃ | ၁၀၉ |
| ထိုင်း | ၃၀၁၇ | ၂၇၉၈ | ၅၆ |
| ဗီယက်နမ် | ၂၈၈ | ၂၅၂ | ၀ |
| မြန်မာ | ၁၈၀ | ၇၆ | ၆ |
| ဘရူနိုင်း | ၁၄၁ | ၁၃၄ | ၁ |
| ကမ္ဘောဒီးယား | ၁၂၂ | ၁၂၀ | ၀ |
| လာအို | ၁၉ | ၁၃ | ၀ |

## အောင်ပန်း စက်မှုလက်မှုပညာသင်တန်းကျောင်း၌ သင်ထောက်ကူပစ္စည်းများ ရောက်ရှိပြင်ဆင်နေရာချထားမှုများ ကြည့်ရှုစစ်ဆေး



**အောင်ပန်း မေ ၁၂**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် (အခြေခံ) ဦးတင်မောင်မြင့်သည် ရုံးချုပ်မှ တာဝန်ရှိသူများ၊ ရှမ်းပြည်နယ်ရုံး ပြည်နယ် ဦးစီးမှူးတို့နှင့်အတူ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း (အောင်ပန်း)အား ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် စတင်ဖွင့်လှစ်သင်ကြားနိုင်ရေးအတွက် ယခုဘဏ္ဍာနှစ်အတွင်း ဝယ်ယူဖြည့်တင်းပေးခဲ့သည့် သင်ထောက်ကူပစ္စည်းများ ရောက်ရှိမှု၊ သင်ကြားနိုင်ရေးပြင်ဆင်နေရာချထားမှုနှင့် တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးမှုအခြေအနေကို ယနေ့နံနက်ပိုင်းက ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ သင်တန်းကျောင်း၌ သင်တန်းသားများ သင်ကြားနိုင်ရေး၊ စာတွေ့လက်တွေ့ခန်းများ ပြင်ဆင်နေမှု၊ အလုပ်ရုံစာသင်ဆောင်၊ အိပ်ဆောင်၊ စားရိပ်သာ၊ ဝန်ထမ်းအိမ်ရာများ ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ကြေးမုံ

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ကမ္ဘာ့ဘဏ်မှ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ဘဏ္ဍာငွေရရှိသုံးစွဲခဲ့မှုအခြေအနေ လေ့လာဆန်းစစ်တွေ့ရှိချက်များ တင်ပြဆွေးနွေးပွဲသို့ တက်ရောက်



**နေပြည်တော် မေ ၁၂**

ကမ္ဘာ့ဘဏ် (World Bank) မှ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အထိ ဘဏ္ဍာငွေရရှိသုံးစွဲခဲ့မှုအခြေအနေ လေ့လာဆန်းစစ်ခဲ့မှု တွေ့ရှိချက်များ တင်ပြဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းက Video Conferencing စနစ်ဖြင့် ကျင်းပသည်။

**အကျိုးရှိထိရောက်စွာ အသုံးချ**

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက အစိုးရနှင့် အခြားအဖွဲ့အစည်းများမှ ထောက်ပံ့သည့်ရန်ပုံငွေနှင့် ရယူထားသည့် ချေးငွေများ စီမံခန့်ခွဲရာတွင် အကျိုးရှိထိရောက်စွာ အသုံးချမှု၊ ဘဏ္ဍာငွေအား လိုအပ်သည့်နေရာ၊ လိုအပ်သည့် ကဏ္ဍအတွက် ကျိုးကြောင်းဆီလျော်စွာ အချိန်နှင့်တစ်ပြေးညီ ခွဲဝေချထားမှုတို့သည် ဘဏ္ဍာငွေရရှိမှုပမာဏ အတိုင်းအတာထက်ပင် ပိုမိုအရေးကြီးပါကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရေးအတွက် ခိုင်မာတိကျသော သတင်းအချက်အလက်နှင့် စာရင်းဇယားများ လိုအပ်သဖြင့် ကျန်းမာရေး သတင်းအချက်အလက် စနစ်ကောင်းရရှိရန် လိုအပ်ပါကြောင်း၊ ယခု ကိုဗစ်-၁၉ ဖြစ်ပွားနေစဉ်ကာလအတွင်း ဝန်ကြီးဌာနရှိ ကျန်းမာရေးစီမံချက် (၆၈) ခု၏ သတင်းအချက်အလက် စနစ်များ ပိုမိုကောင်းမွန်စေရေးနှင့် ပြည့်စုံစေရေးအတွက် ပြန်လည်ဆန်းစစ်သုံးသပ်ခြင်းနှင့် မွမ်းမံပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်ရန် ညွှန်ကြားထားရှိပါကြောင်း၊ ဝန်ကြီးဌာနရှိ စာရင်းဇယားများ၊ သတင်းအချက်အလက်များကို စာရွက်စာတမ်းများဖြင့် ပေးပို့ခြင်းစနစ်မှ ဒစ်ဂျစ်တယ်နည်းပညာသုံး သတင်းအချက်အလက်စနစ်ဖြင့် ဆောင်ရွက်ရန် လုပ်ငန်းများ အဆင့်လိုက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနမှ ဖြန့်ဝေထားသည် Mobile Tablet များကို အထူးဦးစားပေး အသုံးပြု၍ ရောဂါဖြစ်ပွားမှုများ စောင့်ကြပ်ကြည့်ရှုခြင်းနှင့် သတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီပေးပို့ခြင်း စသည်တို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

**ပူးပေါင်းပါဝင်စေလို**

ယနေ့အစည်းအဝေးတွင် ကမ္ဘာ့ဘဏ်မှ တင်ပြချက်များနှင့် အကြံပြုချက်များကို ဝန်ကြီးဌာနအနေဖြင့် အလေးအနက်ထားစဉ်းစားကာ လာမည့်ဘဏ္ဍာနှစ်လုပ်ငန်းများကို ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနတွင် ဘဏ္ဍာငွေအသုံးချမှုဆိုင်ရာ စောင့်ကြည့်ဆန်းစစ်မှုအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်ရာတွင် ကမ္ဘာ့ဘဏ်မှ ပညာရှင်များ ပူးပေါင်းပါဝင်စေလိုပါကြောင်း၊ ဝန်ကြီးဌာန၏ ဘဏ္ဍာငွေ စီမံခန့်ခွဲမှုစနစ်နှင့် ဆေးနှင့်ဆေးပစ္စည်းဝယ်ယူဖြန့်ဖြူးမှုစနစ်တို့ အားကောင်းခိုင်မာစေရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း ကမ္ဘာ့ဘဏ်မှ ပူးပေါင်းပါဝင်စေလိုပါကြောင်း၊ ဝန်ကြီးဌာန၏ လုပ်ငန်းအမျိုးအစား၊ ကဏ္ဍ၊ စီမံချက်အမျိုးအစားအလိုက် ဘဏ္ဍာငွေရရှိသည့် အရင်းအမြစ်နေရာ၊ သုံးစွဲမှုတို့အား လေ့လာဆန်းစစ်မှု (Resource flow analysis) များ အမြန်ဆုံးပြုလုပ်သွားမည်ဖြစ်ပါကြောင်း၊ ဘဏ္ဍာရေးဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြှင့်တင်ခြင်းလုပ်ငန်းများကိုလည်း ကမ္ဘာ့ဘဏ်နှင့် ပူးပေါင်းကာ အရှိန်မြှင့်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထိုသို့ဆန်းစစ်မှုများကို အခြေခံ၍ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ဘဏ္ဍာငွေစီမံခန့်ခွဲမှု၊ သုံးစွဲမှုများ အကျိုးရှိထိရောက်စေရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ကမ္ဘာ့ဘဏ်မှ Health Financing Consultant Mr. Tom Traill က ဝန်ကြီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အထိ သာမန်ရန်ပုံငွေ၊ ငွေလုံးငွေရင်းရန်ပုံငွေ၊ ဆေးဝါးအသုံးစရိတ်နှင့် စုစုပေါင်းဘဏ္ဍာရန်ပုံငွေရရှိမှုနှင့် သုံးစွဲမှု အခြေအနေ လေ့လာဆန်းစစ်တွေ့ရှိချက်နှင့် အကြံပြုချက်များကို အသေးစိတ်တင်ပြဆွေးနွေးသည်။

**အထွေထွေဆွေးနွေးမှုများ ဆောင်ရွက်**

ဆက်လက်၍ အစည်းအဝေးသို့တက်ရောက်လာသည့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ကမ္ဘာ့ဘဏ်မှ တာဝန်ရှိသူများက လေ့လာဆန်းစစ်တွေ့ရှိချက်များအပေါ် နိုင်ငံတော်ဘဏ္ဍာငွေနှင့် ရန်ပုံငွေများကို လျာထားသုံးစွဲမှု၊ လေ့လာဆန်းစစ်မှုများပြုလုပ်ရာတွင် နိုင်ငံတော်ဘဏ္ဍာငွေနှင့် ပြင်ပအထောက်အပံ့များကို သီးခြားစီ ဆန်းစစ်ရန်၊ အလှူရှင်များထံမှ ရန်ပုံငွေနှင့် ပြင်ပအထောက်အပံ့များ အချိန်မီမရရှိမှု၊ ဝန်ကြီးဌာနနှင့် အလှူရှင်အဖွဲ့အစည်းများ ဘဏ္ဍာရေးနှစ် သတ်မှတ်ပုံကွဲပြားမှု၊ ဝန်ကြီးဌာနမှ တိုင်းဒေသကြီး/ပြည်နယ်များတွင် လက်ထောက်စာရင်းကိုင်များ ခန့်အပ်သွားမည့်ကိစ္စ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများနှင့် အခြား အထွေထွေဆွေးနွေးမှုများ ဆောင်ရွက်သည်။

**တက်ရောက်**

အစည်းအဝေးသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ အမြဲတမ်းအတွင်းဝန် ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း၊ ညွှန်ကြားရေးမှူးချုပ် (ပြည်ထောင်စုဝန်ကြီးရုံး) ဒေါက်တာသာထွန်းကျော်၊ ညွှန်ကြားရေးမှူးချုပ် (ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန) ဒေါက်တာစိုးဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ/ဘဏ္ဍာ) ဒေါ်အေးအေးစိန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (မိခင်၊ ကျောင်းကျန်းမာရေး၊ ကလေး၊ အာဟာရ) ဒေါက်တာမြင့်မြင့်သန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေး) ဒေါက်တာသန္တာလွင်၊ ညွှန်ကြားရေးမှူး (ဘဏ္ဍာရေး၊ ကုသရေးဦးစီးဌာန) ဦးဝင်းဦး၊ ညွှန်ကြားရေးမှူး (ဘဏ္ဍာရေး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန) ဒေါက်တာခိုင်ခိုင်ကြည်၊ ညွှန်ကြားရေးမှူး (ဘဏ္ဍာရေး၊ ဝန်ကြီးရုံး) ဒေါ်ခင်လေးညို နှင့် တာဝန်ရှိသူများ၊ ကမ္ဘာ့ဘဏ်မှ Human Development Program Coordinator ဒေါ်နှင်းနှင်းပိုင်၊ Senior Health Specialist ဒေါက်တာနန်းမိုခမ်းနှင့် Senior Health Specialist Ms. Tomo Morimoto တို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့် လူဇင်ဘတ်ဖွံ့ဖြိုးတိုးတက်မှုအေဂျင်စီတို့ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော စီမံကိန်း MYA/001 အစည်းအဝေး ကျင်းပ



**နေပြည်တော် မေ ၁၂**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးထိန်းချုပ်ရေးလုပ်ငန်းများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်နေသကဲ့သို့ ကိုဗစ်-၁၉ ရောဂါကြောင့် လုပ်ငန်းများ ရပ်ဆိုင်းထားစဉ်ကာလအတွင်း အွန်လိုင်းစနစ်ဖြင့် လူ့စွမ်းအားဖွံ့ဖြိုးရေးလုပ်ငန်းများကို ဖွံ့ဖြိုးမှုမိတ်ဖက် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းနှင့် ဧည့်ဝန်ဆောင်မှုကဏ္ဍအတွင်း လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာ ပံ့ပိုးကူညီဆောင်ရွက်လျက်ရှိသော လူဇင်ဘတ်ဖွံ့ဖြိုးတိုးတက်မှုအေဂျင်စီ၏ စီမံကိန်း MYA/001 လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန နီလာအစည်းအဝေးခန်းမ၌ Video Conferencing ဖြင့် ပြုလုပ်သည်။

**တက်ရောက်**

အစည်းအဝေးသို့ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်၊ ဒုတိယဝန်ကြီး ဦးတင်လတ်၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်နှင့် တာဝန်ရှိသူများ၊ လူဇင်ဘတ်ဖွံ့ဖြိုးတိုးတက်မှုအေဂျင်စီ၏ စီမံကိန်း MYA/001 မှ တာဝန်ရှိသူများက Video Conferencing ဖြင့် ပါဝင်တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့် လူဇင်ဘတ်ဖွံ့ဖြိုးတိုးတက်မှုအေဂျင်စီတို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာနကို အဆင့်မြင့်မွမ်းမံပြင်ဆင်ရေးကိစ္စရပ်များ၊ ၎င်းဌာနတွင် ကိုဗစ်-၁၉ ကာလအတွင်း အွန်လိုင်းမှတစ်ဆင့် ခရီးသွားလုပ်ငန်းဆိုင်ရာ သင်တန်းများကို သင်ကြားပို့ချနိုင်ရေး၊ နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးရှိ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနရှိ ရုံးများတွင် Language Labs များ ဖွင့်လှစ်နိုင်ရန်အတွက် စီမံကိန်းမှ ထောက်ပံ့ပေးနိုင်ရေး၊ ပြည်ပမှ သဘာဝအခြေခံခရီးသွားလုပ်ငန်းဆိုင်ရာ ဧည့်လမ်းညွှန်သင်တန်းများကို ပြည်တွင်းရှိ ဧည့်လမ်းညွှန်များသို့ အွန်လိုင်းမှတစ်ဆင့် သင်ခန်းစာများ သင်ကြားခွင့်ရရှိရေး၊ ကိုဗစ်-၁၉ အလွန်ကာလ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ လျင်လျင်မြန်မြန် ပြန်လည်ဖွံ့ဖြိုးလာရေးနှင့် ဘေးအန္တရာယ်ကျရောက်ပါက ထိခိုက်မှုအနည်းဆုံးဖြစ်စေရေးအတွက် ကြိုတင်ပြင်ဆင်နိုင်ရေး COVID- 19 Myanmar MSME Tourism Survey ကောက်ယူ၍ Crisis Management / Resilience Training Course ကို အွန်လိုင်းမှ ပို့ချပေးရေးတို့ကို ဆွေးနွေးညှိနှိုင်းသည်။

**ရှင်းလင်း**

ဆက်လက်၍ ဒုတိယဝန်ကြီးက စီမံကိန်းမှ COVID-19 Myanmar Tourism Survey ကောက်ယူထားမှု အခြေအနေများ၊ Online ecotourism course အတွက် အရည်အချင်းသတ်မှတ်ရေးနှင့် Language Labs အတွက် နည်းပညာနှင့် အခြေခံလိုအပ်ချက်များနှင့် Myanmar Tourism COVID-19 Relief Strategy Roadmap နှင့် Myanmar Tourism Master Plan ချိတ်ဆက်ဆောင်ရွက်နိုင်ရေးကိစ္စများကို ရှင်းလင်းဆွေးနွေးသည်။

**အကြံပြုဆွေးနွေး**

ထို့နောက် လူဇင်ဘတ်ဖွံ့ဖြိုးတိုးတက်မှုအေဂျင်စီမှ တာဝန်ရှိသူများက စီမံကိန်း MYA/001 အကောင်အထည်ဖော် ဆောင်ရွက်ရေးဆိုင်ရာများ၊ ကိုဗစ်- ၁၉ အလွန် ခရီးသွားကဏ္ဍ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အွန်လိုင်းမှတစ်ဆင့် သင်တန်းများ ဖွင့်လှစ်သင်ကြားရေး၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို အကြံပြုဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေး၍ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

■

## မူမှန်ပြက္ခဒိန် ရောင်းချမည်

**နေပြည်တော် မေ ၁၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ရဟန်းရှင်လူ ပြည်သူအများ တညီတညွတ်တည်း သုံးစွဲနိုင်ရန်အတွက် မြန်မာနိုင်ငံ ပြက္ခဒိန်အကြံပေးအဖွဲ့က မြန်မာ-ရခိုင်-အင်္ဂလိပ် မူမှန်ပြက္ခဒိန်ကို ရေးဆွဲ၍ အနုပညာဦးစီးဌာနက နှစ်စဉ် ရောင်းချပေးလျက်ရှိသည်။

ယခုနှစ်တွင်လည်း မြန်မာနိုင်ငံ ပြက္ခဒိန်အကြံပေးအဖွဲ့ ပညာရှင်များက ရေးဆွဲထားသည့် မြန်မာသက္ကရာဇ် ၁၃၈၂-၁၃၈၃ ခုနှစ်၊ ခရစ်သက္ကရာဇ် ၂၀၂၁ ခုနှစ်အတွက် မြန်မာ-ရခိုင်-အင်္ဂလိပ် မူမှန်ပြက္ခဒိန်ကို ၂၀၂၀ ပြည့်နှစ် ဇွန်လဆန်းမှစတင်၍ တစ်စောင်လျှင် ၁၀၀၀ကျပ်/- (ကျပ်တစ်သောင်းတိတိ)ဖြင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၅)၊ အနုပညာဦးစီးဌာန (နေပြည်တော်)တွင် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ် ပထမအကြိမ် လုပ်ငန်းအဖွဲ့ အစည်းအဝေးကျင်းပ



**နေပြည်တော် မေ ၁၂**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က အဖွဲ့ဝင်အဖြစ် ပါဝင်သည့် အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ် (Southeast Asia National Human Rights Institutions Forum – SEANF) ၏ ပထမအကြိမ် လုပ်ငန်းအဖွဲ့အစည်းအဝေးကို ယနေ့တွင် အစည်းအဝေး ပထမနေ့အဖြစ် ၂၀၂၀ ပြည့်နှစ်အတွက် အလှည့်ကျဥက္ကဋ္ဌ တာဝန်ယူဆောင်ရွက်လျက်ရှိသော အင်ဒိုနီးရှားနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်က ဦးဆောင်၍ Video Conferencing ဖြင့် ကျင်းပသည်။

ဖိုရမ်သို့ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ပါဝင်တက်ရောက်ခဲ့ကြပြီး အခြားဖိုရမ်အဖွဲ့ဝင်များဖြစ်သည့် မလေးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ ထိုင်းနိုင်ငံနှင့် တီမောလက်စ်တေနိုင်ငံတို့မှ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်း ကိုယ်စားလှယ်များ၊ အင်ဒိုနီးရှားနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ရုံးဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် အင်ဒိုနီးရှားနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌက အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားရာ၌ လက်ရှိဖြစ်ပွားနေသော ကိုဗစ်-၁၉ ကပ်ရောဂါ အခြေအနေကြောင့် ဖိုရမ်၏ လုပ်ငန်းအဖွဲ့အစည်းအဝေးကို Video Conferencing ပုံစံဖြင့် ကျင်းပခြင်းဖြစ်ကြောင်း၊ ဖိုရမ်အနေဖြင့် Video Conferencing ဖြင့် အစည်းအဝေး ကျင်းပခြင်းမှာ ယခုအကြိမ်သည် ပထမဆုံး အကြိမ်ဖြစ်ကြောင်း၊ ပါဝင်တက်ရောက်ကြသည့် ဖိုရမ်အဖွဲ့ဝင် အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်အဖွဲ့များကို ကြေးဇူးတင်ပါကြောင်း ပြောကြားသည်။

**တင်ပြဆွေးနွေး**

ဆက်လက်၍ ဖိုရမ် (၁၆) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးအပြီး ဖိုရမ်အဖွဲ့ဝင်များ၏ လူ့အခွင့်အရေးနှင့်စပ်လျဉ်းသည့် တိုးတက်ဆောင်ရွက်ချက်များကို ဖိုရမ်အဖွဲ့ဝင်ကော်မရှင်များက တင်ပြဆွေးနွေးကြရာ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်အဖွဲ့ဝင် ဦးပေါ်လွင်စိန်က ဖိုရမ်၏ (၁၆) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးအပြီး မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်၏ တိုးတက်ဆောင်ရွက်ချက်များ ခေါင်းစဉ်ဖြင့် တင်ပြဆွေးနွေးသည်။

ထို့နောက် ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားနေသည့်ကာလအတွင်း အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများ၏ အခန်းကဏ္ဍနှင့်စပ်လျဉ်း၍ ဖိုရမ်အဖွဲ့ဝင် ကော်မရှင်များက တင်ပြဆွေးနွေးကြပြီး မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် အဖွဲ့ဝင် ဒေါက်တာ သန်းမြင့်က ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှုနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ၏ ဆောင်ရွက်နေမှုများနှင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ဆောင်ရွက်ချက်များကို ဖိုရမ်၏ လုပ်ငန်းအဖွဲ့အစည်းအဝေးသို့ တင်ပြဆွေးနွေးသည်။

ဖိုရမ်၏ ပထမအကြိမ် လုပ်ငန်းအဖွဲ့အစည်းအဝေးကို မေ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် Video Conferencing ဖြင့် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နှစ်(၂၀၀)ပြည့် ဖလော့ရင့်နိုက်တင်ဂေးလ်၏မွေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ၂၀၂၀ပြည့်နှစ်ကို အပြည်ပြည်ဆိုင်ရာသူနာပြုနှင့် သားဖွားဆရာမများ၏နှစ်အဖြစ် သတ်မှတ်သည့်အခမ်းအနား ကျင်းပ

**နေပြည်တော် မေ ၁၂**

နှစ် (၂၀၀) ပြည့် ဖလော့ရင့်နိုက်တင်ဂေးလ်၏ မွေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ၂၀၂၀ ပြည့်နှစ်ကို အပြည်ပြည်ဆိုင်ရာ သူနာပြုနှင့် သားဖွားဆရာမများ၏နှစ်အဖြစ် သတ်မှတ်သည့် အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန အစည်းအဝေးခန်းမတွင် Video Conferencing ဖြင့် ကျင်းပသည်။

**မေ ၇ ရက်တွင်ထုတ်ဝေ**

အခမ်းအနားတွင် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ တင်တင်လေးက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အနေဖြင့် နိုင်ငံတော်အတွင်းနေထိုင်ကြသည့် ပြည်သူတစ်ရပ်လုံးအား ကျန်းမာရေးစောင့်ရှောက်မှု လွှမ်းခြုံမှုပေးနိုင်ရန် အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၊ ICN နှင့် Nursing Now အဖွဲ့တို့မှ ပထမဆုံးသော State of World's Nursing Report 2020 ကို မေ ၇ ရက်တွင် ထုတ်ဝေခဲ့ပါကြောင်း၊ ယနေ့ပြုလုပ်သော အခမ်းအနားသည် အဆိုပါ State of World's Nursing Report 2020 ကို စတင်အသိပေးသည့် အခမ်းအနားပင်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့်လည်း State of World's Nursing Report 2020" ဖြစ်မြောက်ရေးတွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကုသရေးဦးစီးဌာနနှင့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာနတို့ပူးပေါင်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ဦးဆောင်မှု၊ National Health Workforce Account Focal များ၊ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီ၊ မြန်မာနိုင်ငံ သူနာပြုနှင့်သားဖွားအသင်းနှင့် မိတ်ဖက်အဖွဲ့အစည်းများ၏ ပူးပေါင်းမှုဖြင့် ပါဝင်ဆောင်ရွက်ခဲ့ပါကြောင်း။

Nursing Now Myanmar လှုပ်ရှားမှုများကို စည်ကားသိုက်မြိုက်စွာ မကျင်းပနိုင်သော်လည်း သူနာပြုများ၊ သားဖွားဆရာမများသည် အခြားကျန်းမာရေးဝန်ထမ်းများနှင့်အတူ ပြည်သူလူထုကို ပြုစုစောင့်ရှောက်မှုပေးရင်း Year of Nurses and Midwives ကို မှတ်တမ်းဝင်နှစ်တစ်နှစ်အဖြစ် ဆင်နွှဲနေကြသည်ဟုဆိုချင်ပါကြောင်း၊ ဤ Report တွင်ပါသည့် အကြောင်းအရာများကိုလည်း ဆက်လက်ဆွေးနွေးကြမည်ဖြစ်သည့်အတွက် ကမ္ဘာနှင့် မြန်မာနိုင်ငံရှိ သူနာပြုနှင့် သားဖွားဆရာမများ၏ အခြေအနေအရပ်ရပ်ကို သိရှိသုံးသပ်ပြီး မူဝါဒချမှတ်ရေးဆွဲနိုင်ခြင်း၊ သူနာပြုနှင့် သားဖွားဆရာမများ၏ အရေးကြီးသည့်အခန်းကဏ္ဍကို ပိုမိုသိရှိပြီး ဂုဏ်ယူကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။



ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ တင်ထွန်းနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Dr. Stephan paul Jost တို့က နှုတ်ခွန်းဆက်စကားပြောကြားကြသည်။ State of World's Nursing Report 2020 မှ အကြောင်းအရာများအား သက်ဆိုင်ရာတာဝန်ရှိသူများက တင်ပြကြရာ Video Conferencing ဖြင့် ဝိုင်းဝန်းဆွေးနွေးကြပြီး ညွှန်ကြားရေးမှူးချုပ်က နိဂုံးချုပ်စကားပြောကြားသည်။

**တက်ရောက်**

အခမ်းအနားသို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ ဆရာ ဆရာမများ၊ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနများမှ တာဝန်ရှိသူများ၊ သူနာပြုတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများ၊ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများ၊ ပုဂ္ဂလိကဆေးရုံများမှ သူနာပြုအရာရှိများ ပါဝင်တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဆည်ရေသောက်စနစ် အဆင့်မြှင့်တင် ပြုပြင်ခြင်းလုပ်ငန်းများတွင် လုပ်သားအင်အားများ လိုအပ်လျက်ရှိကြောင်း အသိပေးနှိုးဆော်ချက်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက တည်ဆောက်ထိန်းသိမ်းထားသော အောက်ဖော်ပြပါ ဆည်ရေသောက်စနစ် (၅)ခု အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းများကို ကမ္ဘာ့ဘဏ်ချေးငွေနှင့် ဂျပန်နိုင်ငံ ODA ချေးငွေတို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် လူအင်အား (လုပ်သားအင်အား) ကို အဓိကထားသုံးစွဲ ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော ဒေသများတွင် အလုပ်အကိုင်ရရှိဆောင်ရွက်လိုသော ပြည်သူများအနေဖြင့် အောက်ဖော်ပြပါလုပ်ငန်းများထဲမှ မိမိတို့နှင့် နီးစပ်ရာလုပ်ငန်းခွင်များရှိ တာဝန်ခံများနှင့်ဆက်သွယ်၍ သင့်လျော်ရာလုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်နိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

| စဉ် | ဆည်ရေသောက်စနစ် | မြို့နယ်/တိုင်းဒေသကြီး | ဆက်သွယ်ရမည့်တာဝန်ခံ | ရာထူး | ဖုန်းနံပါတ် |
|---|---|---|---|---|---|
| ၁။ | သဲကော | လက်ပံတန်း၊ သာယာဝတီ/ပဲခူး | ဦးစပ်ခွန်ဦး | လ/ထညွှန်ကြားရေးမှူး | ၀၉-၂၀၀၂၀၅၉ |
| ၂။ | ဘောနီ | ဒိုက်ဦး/ပဲခူး | ဦးမောင်မောင်မိုးညွန့် | လ/ထညွှန်ကြားရေးမှူး | ၀၉-၂၅၀၀၆၄၉၀၉ |
| ၃။ | ငလိုက် | ဥတ္တရသီရိ/နေပြည်တော် | ဦးကျော်ကျော်နိုင် | လ/ထညွှန်ကြားရေးမှူး | ၀၉-၂၅၀၆၈၉၁၈၅ |
| ၄။ | ဇီးတော | ကျောက်ဆည်/မန္တလေး | ဦးအောင်ဇော်မင်း | လ/ထညွှန်ကြားရေးမှူး | ၀၉-၄၃၀၆၄၂၉၇ |
| ၅။ | သဖန်းဆိပ် | ရွှေဘို၊ ကန့်ဘလူ/စစ်ကိုင်း | ဦးဝင်းထိုက် | ဒုတိယညွှန်ကြားရေးမှူး | ၀၉-၄၂၈၆၁၇၃၂၃ |

## ထူးခြားသည့် နေ့အပူချိန်

**နေပြည်တော် မေ ၁၂**

| | | |
|---|---|---|
| မြင်းမူ | ၄၅ | ဒီဂရီစင်တီဂရိတ် |
| ချောက် | ၄၅ | ဒီဂရီစင်တီဂရိတ် |
| မုံရွာ | ၄၄ | ဒီဂရီစင်တီဂရိတ် |
| ညောင်ဦး | ၄၄ | ဒီဂရီစင်တီဂရိတ် |
| မင်းဘူး | ၄၄ | ဒီဂရီစင်တီဂရိတ် |
| မကွေး | ၄၄ | ဒီဂရီစင်တီဂရိတ် |
| တောင်တွင်းကြီး | ၄၄ | ဒီဂရီစင်တီဂရိတ် |
| ပေါက် | ၄၄ | ဒီဂရီစင်တီဂရိတ် |
| ရွှေဘို | ၄၃ | ဒီဂရီစင်တီဂရိတ် |
| ကြေးမုံ | ၄၃ | ဒီဂရီစင်တီဂရိတ် |
| မြင်းခြံ | ၄၃ | ဒီဂရီစင်တီဂရိတ် |
| အောင်လံ | ၄၃ | ဒီဂရီစင်တီဂရိတ် |
| ပခုက္ကူ | ၄၃ | ဒီဂရီစင်တီဂရိတ် |
| ဂန့်ဂေါ | ၄၃ | ဒီဂရီစင်တီဂရိတ် |
| ဆင်ဖြူကျွန်း | ၄၃ | ဒီဂရီစင်တီဂရိတ် |

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်နေသည့် ဆေးအဖွဲ့များအား လုံခြုံရေးဆောင်ရွက်ပေးလျက်ရှိသည့် တပ်ဖွဲ့ဝင်များကို AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များက အဝေးထိန်းမိုင်းနှစ်လုံးဖြင့် ဖောက်ခွဲတိုက်ခိုက်




**နေပြည်တော် မေ ၁၂**

တပ်မတော်အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး၊ ထိန်းချုပ်ရေးနှင့် ကုသရေးလုပ်ငန်းများအား နိုင်ငံအတွင်း နယ်မြေဒေသအသီးသီး၌ အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ရခိုင်ပြည်နယ် ကျောက်တော်မြို့တွင်းရှိ မြို့နယ်ပြည်သူ့ဆေးရုံနှင့် မဟာကံကြီးရှင်ဘုရားတို့တွင် ယမန်နေ့က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြု ဆေးပစ္စည်းများ သွားရောက်ပေးအပ်လှူဒါန်းခဲ့ပြီး ဒေသခံပြည်သူများအား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်းနှင့် ဆေးဖျန်းပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း။

**ဖောက်ခွဲတိုက်ခိုက်**

ယင်းသို့ဆောင်ရွက်ပေးနေမှုများနှင့် ကျောက်တော်မြို့တွင်း လုံခြုံရေးကို ဆောင်ရွက်ပေးနေသည့် တပ်ဖွဲ့ဝင်များ မြို့တွင်းမှ အခြေပြုနေရာသို့ ပြန်လည်ထွက်ခွာလာရာ ကစ္စပနဒီတံတား အနောက်ဘက် မီတာ ၃၀၀ ခန့်အကွာသို့ ညနေ ၅ နာရီခန့်တွင် ရောက်ရှိစဉ် AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များက ရန်ကုန်-စစ်တွေ ပြည်ထောင်စုကားလမ်းမကြီး၏ ညာဘက်လမ်းပခုံးတွင် ထောင်ထားသည့် အဝေးထိန်းမိုင်း နှစ်လုံးဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့ကြောင်း။

**နှောင့်ယှက်ဖျက်ဆီး**

တပ်မတော်မှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး၊ ထိန်းချုပ်ရေးနှင့် ကုသရေးလုပ်ငန်းများကို အမျိုးသားအရေး၊ နိုင်ငံ့အရေးအဖြစ် သတ်မှတ်၍ ပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ဆောင်ရွက်နေချိန်တွင် AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များက ယခုကဲ့သို့ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်လာခြင်းသည် လက်မခံနိုင်ဖွယ်ရာဖြစ်ကြောင်းနှင့် ဒေသခံများ၏အကျိုးအတွက် ဆောင်ရွက်မှုများကို နှောင့်ယှက်ဖျက်ဆီးနေခြင်းပင်ဖြစ်ကြောင်း။

အဆိုပါ မိုင်းပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်းနှင့် ၎င်းနေရာတစ်ဝိုက်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက မိုင်းရှင်းလင်းရေးလုပ်ငန်းများနှင့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

## AA အကြမ်းဖက်သောင်းကျန်းသူများက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိသည့် အဖွဲ့အစည်းများ၏ အဆောက်အအုံ၊ ပစ္စည်းများအား အကြောင်းမဲ့နှောင့်ယှက်ဖျက်ဆီး

**နေပြည်တော် မေ ၁၂**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် ကုလားဘာကျေးရွာအနီး ရန်ကုန်- ကျောက်ဖြူသွားကားလမ်း မိုင်တိုင်အမှတ် (၁၀၈/၁၀၉) အကြား ကားလမ်း၏တောင်ဘက် ပေ ၁၀၀ ခန့်အကွာရှိ PSC စက်ယန္တရားကုမ္ပဏီပိုင် အဆောက်အအုံအား AA အကြမ်းဖက်သောင်းကျန်းသူများက မေ ၈ ရက် ညပိုင်းတွင် မိုင်းဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ကျောက်ဖြူမြို့နယ် မင်းပြင်ရဲစခန်းသို့ ၎င်းအဆောက်အအုံ၏ အစောင့်ဖြစ်သူ ဦးဌေးမြင့် က မေ ၈ ရက် ည ၉ နာရီခွဲခန့်တွင် ဖုန်းဆက်အကြောင်းကြားလာသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ PSC စက်ယန္တရားကုမ္ပဏီပိုင် အဆောက်အအုံ၏ ရှေ့မျက်နှာစာ ညာဘက်အခြမ်းတွင် ကာထားသည့်အထပ်သားများ၊ ပြတင်းပေါက်မှန်များ ပေါက်ကွဲပျက်စီးနေသည်ကို တွေ့ရှိရပြီး အနီးဝန်းကျင်တစ်ဝိုက်မှ ပါဝါခေတ်ခဲအပြာရောင် နှစ်လုံး၊ Dianwei ခေတ်ခဲအနီရောင် တစ်လုံးနှင့် ကွန်ကျူပိုက် အပိုင်းအစများအား တွေ့ရှိခဲ့ကြောင်း။

အဆိုပါ PSC စက်ယန္တရားကုမ္ပဏီပိုင် အဆောက်အအုံမှာ ၂၀၁၁ ခုနှစ်တွင် ဂုံချိန်-ကျောက်ဖြူ လမ်းခင်းသည့် လုပ်ငန်းဆောင်ရွက်စဉ် စက်ယန္တရားများထားရှိရန် ယာယီဆောက်လုပ်ခဲ့သည့် အဆောက်အအုံဖြစ်ကြောင်းနှင့် လက်ရှိတွင် လူနေထိုင်ခြင်းမရှိကြောင်း။

အလားတူ ချင်းပြည်နယ် ပလက်ဝမြို့၏အနောက်ဘက် မီတာ ၃၀၀ ခန့်အကွာ တောင်ကုန်းပေါ်ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ရုပ်သံထပ်ဆင့်လွှင့် တာဝါတိုင်အား မေ ၇ ရက် ည ၁၀ နာရီခန့်တွင် AA အကြမ်းဖက်သောင်းကျန်းသူများက ဖြိုချဖျက်ဆီးသွားခဲ့ကြောင်း။

AA အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးပျက်ပြားစေရန်ရည်ရွယ်၍ မိုင်းထောင်၊ မိုင်းဆွဲတိုက်ခိုက်ခြင်းများ ဆောင်ရွက်လျက်ရှိသည့်အပြင် ယခုကဲ့သို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အဖွဲ့အစည်းများ၏ အဆောက်အအုံ၊ ပစ္စည်းများကိုပါ အကြောင်းမဲ့နှောင့်ယှက်ဖျက်ဆီးလျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

## ကျောက်တော်မြို့နယ်အတွင်း AA အကြမ်းဖက်သောင်းကျန်းသူများနှင့် ပတ်သက်ဆက်နွှယ်သူများအား ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၂**

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်အတွင်း လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က မေ ၈ ရက်တွင် ကန်စောက်ကျေးရွာအနီး၌ မော်တော်ယာဉ် ဖြတ်သန်းသွားလာမှုများအား စစ်ဆေးဆောင်ရွက်လျက်ရှိစဉ် AA အကြမ်းဖက်သောင်းကျန်းသူများနှင့် ပတ်သက်ဆက်နွှယ်သူ သုံးဦးအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပူးပေါင်းအဖွဲ့သည် ကန်စောက်ကျေးရွာအနီး မော်တော်ယာဉ် ဖြတ်သန်းသွားလာမှုများအား စစ်ဆေးလျက်ရှိစဉ် မေ ၈ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် ကျောက်တော်မြို့ဘက်မှ စစ်တွေမြို့ဘက်သို့ မောင်းနှင်လာသော Super Custom အမျိုးအစား မော်တော်ယာဉ် တစ်စီးကို ရပ်တန့်စစ်ဆေးရာ ဦးဆန်းကြည် အသက် (၃၃) နှစ်နှင့် ဦးစံလင်း အသက် (၃၄) နှစ်တို့ နှစ်ဦးကို ၎င်းတို့ယူဆောင်လာသည့် ကျောပိုးအိတ်အတွင်းမှ AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ ဆက်ကြေးငွေများ၊ စာရွက်စာတမ်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း။

ဖမ်းဆီးရမိသူများအား စစ်ဆေးမေးမြန်းမှုများ ဆောင်ရွက်ခဲ့ရာ ငှက်ပျောချောင်းကျေးရွာမှ ဦးအောင်ကြာဇံသည်လည်း AA အကြမ်းဖက်သောင်းကျန်းသူများနှင့် ပတ်သက်ဆက်နွှယ်မှုများရှိကြောင်း သိရှိရပြီး ၎င်းနေ့ ညနေပိုင်းတွင် စစ်ဆေးရေးဂိတ်အနီး ဦးအောင်ကြာဇံ အသက် (၅၈) နှစ်အား ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း။

အဆိုပါ AA အကြမ်းဖက်သောင်းကျန်းသူများနှင့် ပတ်သက်ဆက်နွှယ်ပြီး ကျေးရွာသူ ကျေးရွာသားများအား ဆက်ကြေးကောက်ခံခြင်း၊ လူသစ်စုဆောင်းခြင်းများ ပြုလုပ်ခဲ့သည့် ဖမ်းဆီးရမိသူ သုံးဦးကို တရားဥပဒေအရ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**





## တိုင်းဒေသကြီး/ပြည်နယ်အချို့တို့တွင် လေပြင်းများတိုက်ခတ်၊ ထောက်ပံ့ကူညီမှုများဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၁၂**

မြန်မာနိုင်ငံအနေဖြင့် မိုးကြိုကာလများဖြစ်သော မတ်လ၊ ဧပြီလနှင့် မေလများအတွင်း လေပြင်းတိုက်ခတ်ခြင်း၊ မိုးတိမ်တောင်များဖြစ်ပေါ်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ မိုးသီးကြွေခြင်းများဖြစ်ပေါ်လေ့ရှိပြီး ယခုနှစ်တွင်လည်း လေပြင်းတိုက်ခတ်မှုများဖြစ်ပွားလျက်ရှိရာ ယမန်နေ့တွင် နေပြည်တော် မြို့နယ်သုံးခု၌ နေအိမ်ငါးလုံး ပြိုကျပျက်စီးပြီး နေအိမ် အလုံး ၁၀၀ အမိုးအကာလန်ပျက်စီးခြင်း၊ ကယားပြည်နယ် လွိုင်ကော်မြို့နယ်၌ နေအိမ် ၁၀ လုံးနှင့် ဘာသာရေးအဆောက်အအုံ တစ်လုံး အမိုးအကာလန်ပျက်စီးခြင်း၊ ကရင်ပြည်နယ် မြို့နယ်ငါးခု၌ နေအိမ်ခြောက်လုံး ပြိုကျပျက်စီးပြီး နေအိမ် ၅၅ လုံးနှင့် ဘာသာရေးအဆောက်အအုံငါးလုံး အမိုးအကာလန်ပျက်စီးခြင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မြို့နယ်လေးခု၌ နေအိမ်နှစ်လုံး ပြိုကျပျက်စီးပြီး နေအိမ် ၁၆ လုံး အမိုးအကာလန်ပျက်စီးခြင်း၊ တနင်္သာရီတိုင်းဒေသကြီး မြို့နယ်နှစ်ခု၌ နေအိမ်နှစ်လုံး ပြိုကျပျက်စီးပြီး နေအိမ်တစ်လုံးနှင့် ဘာသာရေးအဆောက်အအုံတစ်လုံး အမိုးအကာလန်ပျက်စီးခြင်း၊ ပဲခူးတိုင်းဒေသကြီး မြို့နယ်လေးခု၌ နေအိမ် ၁၄၇ လုံး ပြိုကျပျက်စီးပြီး နေအိမ် ၆၂၀ အမိုးအကာလန်ပျက်စီးခြင်းတို့ ဖြစ်ပေါ်ခဲ့သည်။

အလားတူ မကွေးတိုင်းဒေသကြီး မြို့နယ်ရှစ်ခု၌ နေအိမ် ၂၀ ပြိုကျပျက်စီးပြီး နေအိမ် ၉၇၄ လုံးနှင့် ဘာသာရေးအဆောက်အအုံကိုးလုံး အမိုးအကာလန်ပျက်စီးခြင်း၊ မန္တလေးတိုင်းဒေသကြီး မြို့နယ်ခုနစ်ခု၌ နေအိမ်တစ်လုံး ပြိုကျပျက်စီးပြီး နေအိမ် ၂၇၅ လုံးနှင့် ဘာသာရေးအဆောက်အအုံ ခြောက်လုံး အမိုးအကာလန်ပျက်စီးခြင်း၊ မွန်ပြည်နယ် ရေးမြို့နယ်၌ နေအိမ်တစ်လုံး ပြိုကျပျက်စီးခြင်း၊ ရှမ်းပြည်နယ်မြို့နယ်ငါးခု၌ နေအိမ်နှစ်လုံးနှင့် ဘာသာရေးအဆောက်အအုံတစ်လုံး ပြိုကျပျက်စီးပြီး နေအိမ် အလုံး ၅၀ နှင့် ဘာသာရေးအဆောက်အအုံတစ်လုံး အမိုးအကာလန်ပျက်စီးခြင်း၊ ဧရာဝတီတိုင်းဒေသကြီး မြို့နယ်နှစ်ခု၌ နေအိမ်သုံးလုံးနှင့် ဘာသာရေးအဆောက်အအုံတစ်လုံး ပြိုကျပျက်စီးပြီး နေအိမ် ၆၂ လုံး အမိုးအကာလန်ပျက်စီးခြင်းတို့ဖြစ်ပေါ်ခဲ့သဖြင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန တိုင်းဒေသကြီး/ပြည်နယ်ရုံးများမှ ထောက်ပံ့မှုများ အမြန်ဆုံး သွားရောက်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံတစ်ဝန်း မေ ၉ ရက်မှ ၁၂ ရက်အထိ လေပြင်းတိုက်ခတ်မှုများကြောင့် နေအိမ် ၆၈၉ လုံးနှင့် ဘာသာရေးအဆောက်အအုံ ၁၈ လုံး ပြိုကျပျက်စီးခြင်း၊ နေအိမ် ၉၃၅၁ လုံးနှင့် ဘာသာရေးအဆောက်အအုံ ၁၆၉ လုံး အမိုးအကာလန်ပျက်စီးခြင်းများ ဖြစ်ပွားခဲ့ပြီး လူခြောက်ဦး သေဆုံးခဲ့သည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ဆန်ရိက္ခာဖိုး၊ အိမ်ဆောက်ပစ္စည်းဖိုး၊ ကယ်ဆယ်ရေးပစ္စည်းဖိုးများနှင့် သေဆုံးသူထောက်ပံ့ခြင်းများအတွက် စုစုပေါင်းငွေကျပ် ၄၄၉ ဒသမ ၅ သန်းကျော် ထောက်ပံ့ခဲ့ပြီးဖြစ်သည်။

ပြည်သူလူထုအနေဖြင့်လည်း ယခုကာလ၌ဖြစ်ပွားတတ်သည့် လေပြင်းတိုက်ခတ်ခြင်း၊ အချိန်အခါမဟုတ် မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးသီးကြွေခြင်း၊ မိုးကြိုးပစ်ခြင်းတို့နှင့်ပတ်သက်၍ အထူးဂရုပြုနေထိုင်ကြပါရန်နှင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်အကူအညီ တောင်းခံနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**



## အဝစု-ကျုံတာလမ်း ခွဲကျောက်ခင်းခြင်းလုပ်ငန်းသို့ တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု

**ကျောင်းကုန်း မေ ၁၂**

ဆောက်လုပ်ရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ်၌ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အဝစု-ကျုံတာလမ်း ခွဲကျောက်အမာခံ ခင်းခြင်းလုပ်ငန်းကို ယမန်နေ့ ညနေ ၃ နာရီတွင် မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာထိန်ဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မျိုးဝင်း တို့က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြသည်။

အဆိုပါလမ်းသည် အရှည် တစ်မိုင်ကျော်၊ အကျယ် ၁၂ ပေ၊ ဒု ခြောက်လက်မအား ခွင့်ပြုငွေကျပ် ၆၈ ဒသမ ၆၆၇ သန်းဖြင့် EMERALD DELTA Co.,Ltd. မှ ဆောင်ရွက်လျက်ရှိရာ ၈၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# နိုင်ငံတစ်ဝန်း ကိုရိုနာဗိုင်းရပ်စ် ကန့်သတ်ချက်အမိန့် ရုရှားသမ္မတ ပူတင်ရုပ်သိမ်း

**မော်စကို မေ ၁၂**

နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု ဆက်လက်မြင့်တက်နေသော်လည်း ရုရှားသမ္မတ ဗလာဒီမာပူတင်က နိုင်ငံတစ်ဝန်း အသွားအလာကန့်သတ်မှုကို ရုပ်သိမ်းလိုက်ပြီဖြစ်သည်။

ရုရှားနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုအရေအတွက် ၂၃၂၂၄၃ အထိ ရောက်ရှိလာခဲ့ပြီဟု ရုရှားအစိုးရက မေ ၁၁ ရက်တွင် ကြေညာခဲ့သည်။ မကြာသေးမီရက်များအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု ၁၀၀၀၀ ကျော် ထပ်မံဖြစ်ပွားခဲ့သည်။ အတည်ပြု ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုအရေအတွက်အရ ရုရှားနိုင်ငံက ကမ္ဘာပေါ် တွင် စတုတ္ထနေရာတွင်ရှိပြီး အီတလီနိုင်ငံက ပဉ္စမနေရာတွင်ရှိကြောင်း အမေရိကန် နိုင်ငံမှ ဂျွန်ဟော့ကင်းတက္ကသိုလ်က ပြောသည်။ မတ်လ အတွင်း ချမှတ်ခဲ့သည့် တစ်နိုင်ငံလုံးအတိုင်းအတာ အသွား အလာကန့်သတ်ချက် အစီအမံများကို မူလစီစဉ်ထားသည့်အတိုင်း ယနေ့ ရုပ်သိမ်းမည်ဟု ယမန်နေ့က ရုပ်သံ ထုတ်ပြန်ချက်တစ်ခုအတွင်း ပူတင်က ကြေညာခဲ့သည်။

ဒေသဆိုင်ရာအုပ်ချုပ်ရေးမှူးများအနေဖြင့် ခရီးတိုသွားလာမှု ကန့်သတ်ချက်များ၊ ကြိုတင်ကာကွယ်ရေး အစီအမံများ အပါအဝင် ဒေသအခြေအနေများအပေါ် မူတည်၍ ဆုံးဖြတ်ရန် လိုအပ်ကြောင်း ၎င်းက ဆိုသည်။ ရုရှားနိုင်ငံ၌ ရောဂါ ကူးစက်မှုများ၏ ထက်ဝက်ခန့်ရှိရာ မော်စကိုမြို့တော်တွင်ဒေသခံများအနေဖြင့် အများပြည်သူသယ်ယူပို့ဆောင်ရေးစနစ် အသုံးပြုချိန်တွင် အီလက်ထရောနစ် ယာဉ်စီးခွင့်လက်မှတ်ယူလာရန်လိုအပ်သည်ဆိုသော ကန့်သတ်ချက်များ ဆက်လက်ထားရှိမည်ဖြစ်သည်။

အလုပ်သမားဦးရေ ၁ ဒသမ ၄ သန်းခန့် အလုပ်အကိုင်များ ဆုံးရှုံးခဲ့ကြောင်း ပူတင်က ထုတ်ဖော်ပြောကြားခဲ့သည်။ ကန့်သတ်ချက်များ ဖြေလျှော့မည့်ဆောင်ရွက်ချက်မှာ တိုင်းပြည်၏ စီးပွားရေး ထပ်မံမဆိုးရွားသွားစေရန် ရည်ရွယ်သည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - ကျော်ထိုက်စိုး**





## အိမ်ဖြူတော် ဝန်ထမ်းများ နှာခေါင်းစည်းတပ်ကြရန် သမ္မတ အမိန့်ထုတ်

**ဝါရှင်တန် မေ ၁၂**

အိမ်ဖြူတော်ဝန်ထမ်းများထဲမှ နှစ်ဦးတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခြင်းခံထားရကြောင်း စမ်းသပ်တွေ့ရှိပြီးနောက်တွင် ဝန်ထမ်းအားလုံး နှာခေါင်းစည်းတပ်ကြရန် သမ္မတဒေါ်နယ်ထရမ့်က အမိန့်ထုတ်ပြန်ခဲ့သည်။

အမေရိကန်သမ္မတထရမ့်နှင့် ဒုတိယသမ္မတမိုက်ပန့်စ်တို့အနီးတွင် တာဝန်ထမ်းဆောင်နေသည့် အိမ်ဖြူတော်ဝန်ထမ်းနှစ်ဦးတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံထားရကြောင်း လွန်ခဲ့သည့်ရက်သတ္တပတ်အတွင်းက စမ်းသပ်တွေ့ရှိခဲ့ရသည်။

အမေရိကန်အစိုးရ၏ ကိုရိုနာဗိုင်းရပ်စ်တုံ့ပြန်တိုက်ဖျက်ရေးအဖွဲ့မှ အရေးပါသည့် အဖွဲ့ဝင်အချို့သည် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသည့် ဝန်ထမ်းတစ်ဦးနှင့်ထိတွေ့မှုရှိခဲ့ပြီးနောက် ၎င်းတို့ဘာသာ သီးသန့်ခွဲနေထိုင်နေကြသည်။

အိမ်ဖြူတော်၏ အနောက်ဘက်အဆောင်နှင့် အိမ်ဖြူတော်ရှိ ၎င်း၏ ရုံးခန်းအတွင်းသို့ ဝင်ရောက်ကြသည့် ဝန်ထမ်းများအား နှာခေါင်းစည်းများတပ်ဆင်ကြရန် ၎င်းက တောင်းဆိုခဲ့ကြောင်း ယမန်နေ့တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ သမ္မတထရမ့်က အတည်ပြုပြောကြားခဲ့သည်။

အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာနက ပြည်သူများအနေဖြင့် နှာခေါင်းစည်းများဝတ်ဆင်၍ သွားလာလုပ်ကိုင်ကြရန် အကြံပြုထောက်ခံမှုများ ပြုလုပ်နေစဉ်မှာပင် သမ္မတ ထရမ့်နှင့် ဒုတိယသမ္မတမိုက်ပန့်စ် အပါအဝင် သမ္မတထရမ့်၏ အနီးကပ်လက်ထောက်များ အနေဖြင့် အများပြည်သူနှင့် ထိတွေ့ရာ၌ နှာခေါင်းစည်းများ မဝတ်ဆင်ကြခြင်းအပေါ် ဝေဖန်ပြောကြားမှုများ ရှိနေသည်။

**ကိုးကား- အန်အိတ်ချ်ကေ၊ဘာသာပြန်-ဇော်ဝင်း**

## ရုရှားနိုင်ငံရှိ ကိုရိုနာဗိုင်းရပ်စ် ကုသရေးဆေးရုံတွင် မီးလောင်မှုဖြစ်ပွားရာ လူနာငါးဦး သေဆုံး

**စိန့်ပီတာစဘတ် မေ ၁၂**

ရုရှားနိုင်ငံ၏ ဒုတိယအကြီးမားဆုံးမြို့ စိန့်ပီတာစဘတ်ရှိ ဆေးရုံတစ်ရုံတွင် ယနေ့ မီးလောင်မှုဖြစ်ပွားရာ အသက်ရှူအထောက်အကူပြုကိရိယာ တပ်ဆင်ထားသူ ကိုရိုနာဗိုင်းရပ်စ်လူနာ ငါးဦးသေဆုံးခဲ့ကြောင်း တာဝန်ရှိသူများနှင့် သတင်းအေဂျင်စီများက ပြောကြားသည်။

ယင်းမြို့ရှိ စိန့်ဂျော့ဆေးရုံ၏ ဆဋ္ဌမထပ်တွင် နံနက်စောစော မီးလောင်မှုဖြစ်ပွားပြီးနောက် လူနာငါးဦးသေဆုံး၍ အခြားလူနာ ၁၅၀ ကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ရကြောင်း ရုရှားနိုင်ငံ၏ အရေးပေါ်အခြေအနေဝန်ကြီးဌာနမှ သတင်းအရင်းအမြစ်က အေအက်ဖ်ပီ သတင်းဌာနသို့ ပြောကြားသည်။

ယင်းဆေးရုံသည် ကိုရိုနာဗိုင်းရပ်စ်လူနာများကို ဆေးကုသရန်အတွက် သင့်လျော်အောင် ပြင်ဆင်ထားသည့် ဆေးရုံဖြစ်ကြောင်း၊ မီးလောင်သေဆုံးခဲ့သည့် လူနာများသည် မီးစတင်လောင်ချိန်တွင် အသက်ရှူ အထောက်အကူပြု ကိရိယာများ တပ်ဆင်ထားကြကြောင်း တာ့စ်သတင်းအေဂျင်စီက ဖော်ပြသည်။

ယင်းမီးလောင်မှုသည် လျှပ်စစ်ဆိုင်ရာ ချွတ်ယွင်းချက်ကြောင့်ဖြစ်ကြောင်း အရေးပေါ် ကယ်ဆယ်ရေးဌာနမှ ပြောရေးဆိုခွင့်ရပုဂ္ဂိုလ်ကို ကိုးကား၍ အာရ်အိုင်အေနိုဗိုစတီ သတင်းအေဂျင်စီက ဖော်ပြသည်။ ထိုစဉ်တွင် အင်တာဖက်စ်သတင်းဌာနက သတင်းရင်းမြစ်တစ်ခုကို ကိုးကား၍ ယင်းမီးလောင်မှုသည် အသက်ရှူအထောက်အကူပြုကိရိယာများ အသုံးပြုမှုကြောင့် လျှပ်စစ်ဓာတ်အား မတန်တဆ ပို့လွှတ်ပေးရာမှဖြစ်ပေါ်သည်ဟု ဖော်ပြသည်။

ကြီးလေးသည့်အမှုများကို စစ်ဆေးသည့် ရုရှားနိုင်ငံ၏ စုံစမ်းစစ်ဆေးရေးကော်မတီက ယင်းဖြစ်ရပ်ကို စုံစမ်းစစ်ဆေးရန် စတင်ဆောင်ရွက်နေကြောင်း ပြောကြားသည်။

နိုင်ငံအတွင်း၌ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ ၂၃၂၂၄၃ ကျော်ရှိကြောင်း ရုရှားနိုင်ငံက အတည်ပြုထားသည်။ အမေရိကန်၊ စပိန်နှင့် ဗြိတိန်တို့၏ နောက်တွင် ရုရှားနိုင်ငံသည် ကမ္ဘာပေါ်တွင် စတုတ္ထမြောက် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု အများဆုံးနိုင်ငံဖြစ်သည်။

**ကိုးကား - အေအက်ဖ်ပီ**
**ဘာသာပြန် - အောင်ဇော်လင်း**




## ကိုရိုနာဗိုင်းရပ်စ်ကြောင့် တိုယိုတာကုမ္ပဏီ အမြတ်ငွေ ကျဆင်း

**တိုကျို မေ ၁၂**

ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုကြောင့် တိုယိုတာကားကုမ္ပဏီ၏ အမြတ်အစွန်းများမှာ ၈၀ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ကြောင်း သိရသည်။ ယနေ့တွင် ထုတ်ပြန်သော ကုမ္ပဏီ၏ပြောကြားချက်အရ တစ်ကမ္ဘာလုံးတွင် မော်တော်ယာဉ်အရေအတွက် ၈ ဒသမ ၉ သန်းရောင်းချရန်စီစဉ်ထားပြီး ၎င်းအရေအတွက်မှာ လွန်ခဲ့သောနှစ်နှင့်နှိုင်းယှဉ်ပါက ၁၄ ဒသမ ၉ ရာခိုင်နှုန်း ကျဆင်းသွားခဲ့ကြောင်း သိရသည်။

တိုယိုတာ၏ ထုတ်လုပ်ရေးမှရရှိခဲ့သောအမြတ်ငွေမှာ ၅၀၀ ဘီလီယံသို့ ကျဆင်းသွားကြောင်း သိရသည်။ ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုကြောင့် ကမ္ဘာတစ်ဝန်းရှိ စက်ရုံများကို ခေတ္တပိတ်ထားခဲ့ရပြီး အမေရိကန်နှင့်ဥရောပရှိ စက်ရုံများကို ယခုလတွင် ပြန်လည်ဖွင့်လှစ်ရန်စီစဉ်ထားသည်။

သို့သော် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုကြောင့်ဖြစ်ပေါ်လာသော အရောင်းကျဆင်းမှုအခြေအနေကို ကြုံတွေ့ရမည်ဟု ကုမ္ပဏီက ပြောကြားသည်။

**ကိုးကား -အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-စိုးသူရ**






## တရုတ်နှင့် တောင်ကိုရီးယားတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုထပ်မံဖြစ်ပွားမှုများအား စိုးရိမ်ပူပန်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲ ပြောကြား

**ကုလသမဂ္ဂ မေ ၁၂**

တောင်ကိုရီးယားနှင့် တရုတ်ကဲ့သို့သောနိုင်ငံများ၌ ကိုရိုနာဗိုင်းရပ်စ်ပိုးကူးစက်မှုများ ထပ်မံဖြစ်ပေါ်ခဲ့ခြင်းအတွက် စိုးရိမ်ပူပန်မိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အကြီးအကဲ ဂီဘရီယီးဆပ်က ယနေ့ ပြောကြားလိုက်သည်။

မေ ၂ ရက်တွင် မြို့တော်ဆိုးလ်ရှိ ညကပွဲရုံတစ်ရုံသို့ လာရောက်ခဲ့သည့်ဧည့်သည်များအကြားတွင် ကိုရိုနာဗိုင်းရပ်စ်အစုအပြုံလိုက် ကူးစက်ဖြစ်ပွားမှုတစ်ရပ် ဖြစ်ပေါ်ခဲ့သည်ဟု တောင်ကိုရီးယားကျန်းမာရေးဝန်ကြီးဌာနက အတည်ပြုပြောကြားခဲ့သည်။

တရုတ်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ပိုး ကူးစက်ပြန့်ပွားမှု စတင်ဖြစ်ပေါ်ခဲ့သည့် ဝူဟန်မြို့၌လည်း ဗိုင်းရပ်စ်ကူးစက်မှုထပ်မံဖြစ်ပွားကြောင်း မေ ၈ ရက်တွင် အတည်ပြုကြေညာခဲ့ရာ ယင်းဗိုင်းရပ်စ်ကူးစက်မှုမှာ ဝူဟန်မြို့တွင် တစ်လကြာမျှ ဗိုင်းရပ်စ်ကူးစက်မှု လုံးဝမရှိခဲ့ပြီးနောက် ပထမဆုံးအကြိမ် ကူးစက်မှုထပ်မံဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကျင်းပသည့် ပုံမှန်သတင်းစာရှင်းလင်းပွဲ၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှုနှုန်း ကျဆင်းနေကြောင်း မြင်တွေ့နေရသည့် နိုင်ငံများ၌ ယင်းဗိုင်းရပ်စ်ကူးစက်မှုများ တစ်ဖန် ပြန်လည်နိုးထလာခြင်းအပေါ် စိုးရိမ်ပူပန်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အကြီးအကဲ ဂီဘရီယီးဆပ်က ပြောကြားသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-ဇော်ဝင်း**

## ကိုဗစ်-၁၉ ရောဂါအရေး နိုင်ငံခြောက်နိုင်ငံမှ ဝန်ကြီးများနှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးတို့ ဆွေးနွေး

**ဝါရှင်တန် မေ ၁၂**

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယိုသည် ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါတိုက်ဖျက်ရာတွင် ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးရန် ယမန်နေ့က နိုင်ငံခြောက်နိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးများနှင့် ဗီဒီယိုကွန်ဖရင့်တစ်ခု ပြုလုပ်ခဲ့ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

အဆိုပါဗီဒီယိုကွန်ဖရင့်တွင် ပွန်ပီယို၊ တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ကန်ကျောင်းဟွာနှင့် ဩစတြေးလျ၊ ဘရာဇီး၊ အိန္ဒိယ၊ အစ္စရေးနှင့် ဂျပန်နိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးများ ပါဝင်ခဲ့သည်။ နိုင်ငံခြားရေးဝန်ကြီး ပွန်ပီယိုနှင့် မိတ်ဖက်နိုင်ငံခြားရေးဝန်ကြီးများသည် ကိုဗစ်-၁၉ ကပ်ရောဂါတိုက်ဖျက်ရာနှင့် ရောဂါဖြစ်ပွားစေသော အကြောင်းများ ဖြေရှင်းရာတွင် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု၏အရေးပါမှု၊ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုရှိရေးတို့ကို ဆွေးနွေးခဲ့ကြောင်း ဝန်ကြီးဌာနက ထုတ်ပြန်ချက်တစ်ခုအတွင်း ပြောကြားသည်။

အနာဂတ် ကမ္ဘာ့ကျန်းမာရေး အကျပ်အတည်းများ တားဆီးကာကွယ်ရာတွင် ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးခဲ့သလို စည်းမျဉ်းအခြေခံ နိုင်ငံတကာဥပဒေ၏ အရေးပါမှုကိုလည်း ထပ်လောင်းအတည်ပြုခဲ့ကြောင်း ထုတ်ပြန်ချက်က ဆိုသည်။ နှစ်နိုင်ငံကြား ကိုဗစ်-၁၉ ရောဂါတုံ့ပြန်မှုနှင့်ပတ်သက်၍ ဆွေးနွေးရန် ကန်ကျောင်းဟွာနှင့် ပွန်ပီယိုတို့ ဖုန်းဖြင့်ဆွေးနွေးပြီးနောက် ယခုကဲ့သို့ ဗီဒီယိုကွန်ဖရင့် ကျင်းပခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဖုန်းဖြင့်ဆွေးနွေးမှုအတွင်း ပွန်ပီယိုက တောင်ကိုရီးယားနိုင်ငံ၏ အနီးကပ်ပူးပေါင်းဆောင်ရွက်မှုနှင့် ကိုရိုနာဗိုင်းရပ်စ်နှင့်ပတ်သက်သော သတင်းအချက်အလက်များ မျှဝေခြင်းအတွက် ကျေးဇူးတင်ရှိခဲ့ပြီး နှစ်နိုင်ငံ မဟာမိတ်ပြုမှု၏အင်အားကို ထပ်လောင်းအတည်ပြုခဲ့သည်။

**ကိုးကား-ယွန်ဟပ်**
**ဘာသာပြန်-ကျော်ထိုက်စိုး**



တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ကန်ကျောင်းဟွာ၊ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယို၊ ဂျပန်နိုင်ငံခြားရေးဝန်ကြီး မိုတီဂီ




## ဂျိုးဘိုင်ဒင်အား သမ္မတလောင်းအဖြစ်ရွေးချယ်နိုင်ရန် မဲရုံပြင်ပမှ မဲပေးခြင်းစနစ်ကို ကျင့်သုံးသွားမည်ဟု ဒီမိုကရက်ပါတီပြောကြား

**နယူးယောက် မေ ၁၂**

ဂျိုးဘိုင်ဒင်အား ထောက်ခံသူများအနေဖြင့် ၂၀၂၀ သမ္မတရွေးကောက်ပွဲတွင် ၎င်းအား ဒီမိုကရက်တစ်ပါတီမှ သမ္မတလောင်းအဖြစ် အမည်စာရင်းတင်သွင်းနိုင်ရန် မဲရုံပြင်ပမှ မဲပေးခြင်းကို ဆောင်ရွက်သွားမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် လိုက်နာရမည့်စည်းမျဉ်းများကို ဒီမိုကရက်ပါတီမှ သတ်မှတ်သွားမည်ဖြစ်ကြောင်း ပါတီမှ တာဝန်ရှိသူတစ်ဦးက ယနေ့ ပြောကြားသည်။

ဂျိုးဘိုင်ဒင်သည် နိုဝင်ဘာ ၃ ရက်တွင် ကျင်းပမည့် ရွေးကောက်ပွဲတွင် သမ္မတထရမ့်အား ယှဉ်ပြိုင်မည့် ဒီမိုကရက်ပါတီမှ ပြိုင်ဘက်တစ်ဦးဖြစ်သည်။ ဒီမိုကရက်တစ်ဦးဖြစ်သူ ဘာနီဆန်းဒါးကလည်း ဂျိုးဘိုင်ဒင်အား သမ္မတလောင်းတစ်ဦးအဖြစ် ထောက်ခံလျက်ရှိပြီး ထရမ့်အား အနိုင်ရရှိရေးအတွက် ပူးပေါင်းဆောင်ရွက်သွားရမည်ဟု ပြောကြားသည်။ ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားနေမှုကြောင့် ဂျိုးဘိုင်ဒင်အား ပါတီ၏သမ္မတလောင်းအဖြစ် တရားဝင်တင်သွင်းရန် မဲပေးသည့်အစည်းအဝေးကို ဇူလိုင်လလယ်မှ ဩဂုတ် ၁၇ ရက်အထိ ရွှေ့ဆိုင်းခဲ့ရသည်။

ယခုကဲ့သို့သော အရေးကြီးသည့်အချိန်တွင် ပါတီ၏ သမ္မတလောင်းအား တရားဝင်ရွေးချယ်မည့် အစည်းအဝေးကို စီစဉ်ဆောင်ရွက်သူများအနေဖြင့် မဲပေးသူများအတွက် အရေးကြီးသော အစီအမံများပြုလုပ်ဆောင်ရွက်နေရကြောင်း ပါတီမှတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ လေးနှစ်တစ်ကြိမ်ကျင်းပသော ဒီမိုကရက်နှင့် ရီပတ်ဘလစ်ကန်ပါတီတို့၏ သမ္မတလောင်းရွေးချယ်ပွဲကို လူထောင်ပေါင်းများစွာ တက်ရောက်ကြသည်။

**ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန်-စိုးသူရ**

## ကိုဗစ်-၁၉ ရောဂါကြောင့် ထိခိုက်မှုရှိခဲ့သည့် နိုင်ငံ့ဘဏ္ဍာငွေကို အထောက်အပံ့ဖြစ်စေရေး ဆော်ဒီအာရေဗျက ခြိုးခြံချွေတာရေးအစီအစဉ် စတင်မည်

**ရီယက်ဒ် မေ ၁၂**

ဆော်ဒီအာရေဗျနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုများကြောင့် ထိခိုက်မှုရှိခဲ့သည့် နိုင်ငံ့ဘဏ္ဍာငွေကြေးအား အထောက်အပံ့ဖြစ်စေရေးအတွက် ခြိုးခြံချွေတာရေးအစီအစဉ်ကို စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

အဆိုပါ ချွေတာရေးအစီအစဉ်တွင် တန်ဖိုးမြင့်အခွန်များကို သုံးဆတိုးမြှင့်ခြင်းနှင့် ပုဂ္ဂလိကလုပ်ငန်းများ ရပ်နားထားခြင်းတို့ ပါဝင်ပြီး အသုံးစရိတ်ကို ရီယယ်လ် ဘီလီယံ ၁၀၀ သို့မဟုတ် အမေရိကန်ဒေါ်လာ ၂၇ ဘီလီယံနီးပါးအထိ လျှော့ချရန်လည်း မျှော်လင့်ထားသည်။

ဆော်ဒီအာရေဗျနိုင်ငံတွင် ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ ကုန်ကျစရိတ်မြင့်တက်ခြင်းအပါအဝင် ကမ္ဘာလုံးဆိုင်ရာဝယ်လိုအား လျော့ကျခြင်းကြောင့်လည်း ရေနံဈေးနှုန်းများ ကျဆင်းခဲ့ကြောင်း ဆော်ဒီအာရေဗျ ဘဏ္ဍာရေးဝန်ကြီးဌာနက ယမန်နေ့က ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

ဇူလိုင်လမှစတင်ကာ အခွန်နှုန်းထားကိုလည်း ၅ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအထိ တိုးမြှင့်သွားမည်ဖြစ်သည်။

ဆော်ဒီအာရေဗျ ဘုရင့်နိုင်ငံသည် အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ဝင်ငွေခွန် သက်ညှာခွင့်ပေးခြင်းတို့ဖြင့် သက်ဦးဆံပိုင် ဘုရင်စနစ်ကို ထိန်းသိမ်းထားဆဲဖြစ်သည်။ သို့ရာတွင် နိုင်ငံ့ဘဏ္ဍာငွေ အခက်အခဲကို အလေးထားကာ တန်ဖိုးမြင့်အခွန်အခကို သုံးဆအထိတိုးမြှင့်ရန် စီစဉ်ထားကြောင်း သိရသည်။

ရင်းနှီးမြှုပ်နှံသူများကမူ အခွန်နှုန်းထား တိုးမြှင့်လာခြင်းကြောင့် ဝယ်လိုအားထပ်မံ ကျဆင်းလာနိုင်ကြောင်းနှင့် စီးပွားရေး ကျဆင်းမှု အရှိန်မြင့်လာနိုင်ကြောင်း စိုးရိမ်လျက်ရှိသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-ဂျေတီ**



# ခရီးသွားလာခွင့် ပိတ်ပင်မှုတွေ ဖြေလျှော့ပေးခဲ့တဲ့ ပြင်သစ်နိုင်ငံ

အလင်းသစ်

**ပြင်သစ်နိုင်ငံဟာ လူဦးရေသန်းပေါင်းများစွာ လုပ်ငန်းခွင်ကို ပြန်လည်ဝင်ရောက်လာခြင်းနဲ့ အတူ နိုင်ငံရဲ့ ခရီးသွားလာခွင့်ပိတ်ပင်မှုတွေကို သီတင်းရှစ်ပတ်အကြာ သတ်မှတ်ခဲ့ပြီးချိန်မှာ ဖြေလျှော့ပေးမှုတွေကိုလည်း ပြန်လည်စတင်လိုက်ပြီဖြစ်ပါတယ်**



ပြင်သစ်နိုင်ငံရဲ့ဒေသတချို့မှာ ဈေးဆိုင်တွေနဲ့ ကျောင်းတွေပြန်လည်ဖွင့်လှစ်လာတဲ့အပြင် ပြည်သူတွေအနေနဲ့လည်း အိမ်ကနေထွက်ခွာတဲ့အခါမှာ ခရီးသွားလာခွင့် ထောက်ခံချက်တွေ မလိုအပ်တော့ပါဘူး။ ဒါပေမယ့် နိုင်ငံရဲ့မြို့တော် ပါရီအပါအဝင် ဒေသတချို့မှာတော့ တင်းကျပ်တဲ့ထိန်းချုပ်မှုတွေအောက်မှာ ရှိနေဆဲဖြစ်ပါတယ်။ အဲဒီလိုဆောင်ရွက်ချက်တွေရှိနေပေမယ့် ပြင်သစ်နိုင်ငံအစိုးရကတော့ ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာကိုင်တွယ်ဖြေရှင်းမှုတွေနဲ့ ပတ်သက်ပြီး ဝေဖန်မှုတွေနဲ့ ရင်ဆိုင်နေရဆဲပဲဖြစ်ပါတယ်။

**ပြည်ပထောက်ခံမှုတွေရရှိခဲ့**

ပြင်သစ်သမ္မတမက်ခရွန်ကတော့ နိုင်ငံအတွင်း ခရီးသွားလာခွင့်ဆိုင်ရာ ကန့်သတ်ထိန်းချုပ်မှုတွေကို မတ် ၁၇ ရက်မှာစတင်ပြီး သတ်မှတ်နိုင်ခဲ့လို့ ပြည်ပထောက်ခံမှုတွေရရှိခဲ့ပါတယ်။ ပြင်သစ်နိုင်ငံမှာ မတ်လ ၁ ရက်ကနေစပြီး ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရသူအရေအတွက်ဟာ ၂၆၀၀၀ ကျော်ရှိသွားပြီဖြစ်ပြီး ဥရောပတစ်ဝန်းမှာ ကိုဗစ်-၁၉ ရောဂါ ကူးစက် ဖြစ်ပွားမှုအများဆုံးနိုင်ငံတွေထဲက တစ်နိုင်ငံလည်း ဖြစ်ပါတယ်။

ပြင်သစ်နိုင်ငံအနေနဲ့ ခရီးသွားလာခွင့်ပိတ်ပင်မှုတွေ ဖြေလျှော့လာသလို အခြားသော ဥရောပနိုင်ငံအများအပြားကလည်း မေ ၁၁ ရက်ကစပြီး ခရီးသွားလာခွင့်ဆိုင်ရာကန့်သတ်ထိန်းချုပ်မှုတွေကို ဖြေလျှော့ပေးလျက်ရှိပါတယ်။ အဲဒီနိုင်ငံတွေထဲမှာ ဘယ်လ်ဂျီယံ၊ နယ်သာလန်၊ ဆွစ်ဇာလန်နဲ့ စပိန်နိုင်ငံတို့လည်း အပါအဝင်ဖြစ်ပါတယ်။

ဘယ်လ်ဂျီယံနိုင်ငံဟာ ခပ်ခွာခွာနေခြင်းဆိုတဲ့ လမ်းညွှန်ချက်နဲ့အညီ ဈေးဆိုင်တွေကို ဖွင့်လှစ်လျက်ရှိပါတယ်။ နယ်သာလန်နိုင်ငံကလည်း စာကြည့်တိုက်တွေ၊ ဆံသဆိုင်တွေနဲ့ ယာဉ်မောင်းသင်တန်းတွေကို ဖွင့်လှစ်ပေးလျက်ရှိသလို မူလတန်းကျောင်းတွေကိုလည်း တဖြည်းဖြည်းဖွင့်လှစ်ပေးလျက်ရှိပါတယ်။

ဆွစ်ဇာလန်နိုင်ငံမှာတော့ မူလတန်းကျောင်းတွေရော အလယ်တန်းကျောင်းတွေကိုပါ စတင်ဖွင့်လှစ်ပေးလျက်ရှိပြီး စားသောက်ဆိုင်အချို့ကိုလည်း ခပ်ခွာခွာနေခြင်းစည်းမျဉ်းတွေနဲ့အညီ ဖွင့်လှစ်ပေးနေပါပြီ။ ဒါ့အပြင် ဩစတြီးယား၊ ဒိန်းမတ်၊ ဂျာမနီ နဲ့ အီတလီတို့ကလည်း ခရီးသွားလာခွင့်ပိတ်ပင်မှုတွေကို စောစီးစွာဖြေလျှော့ပေးနိုင်ဖို့ စတင်ဆောင်ရွက်နေပြီဖြစ်ပါတယ်။

**အလေးထားပြောကြား**

ဂျာမနီနိုင်ငံကတော့ ကိုရိုနာဗိုင်းရပ်စ်ကြောင့် ချမှတ်ထားတဲ့ ခရီးသွားလာခွင့်ပိတ်ပင်မှုလျှော့ချရေးဆိုင်ရာနဲ့ ပတ်သက်တဲ့ ဆုံးဖြတ်ခွင့်တွေကို နိုင်ငံရဲ့ ပြည်နယ် ၁၆ ခုကို လွှဲပြောင်းပေးအပ်တော့မှာဖြစ်ပြီး ဂျာမန်အဓိပတိ အိန်ဂျလာမာကယ်ကတော့ ထပ်မံကူးစက်မှုတွေရှိလာတဲ့ ဘယ်နေရာမှာမဆို အရေးပေါ်အခြေအနေဟာ သက်ရောက်မှုရှိနေမှာဖြစ်တယ်လို့ အလေးထားပြောကြားခဲ့ပါတယ်။

ဂျာမနီနိုင်ငံအနေနဲ့ ဈေးဆိုင်တွေနဲ့ ကျောင်းတွေကို တဖြည်းဖြည်းဖွင့်လှစ်သွားဖို့ ခွင့်ပြုပေးခဲ့တဲ့အပြင် ကားအရောင်းဆိုင်တွေ၊ စက်ဘီးအရောင်းဆိုင်တွေနဲ့ စာအုပ်ဆိုင်တွေ အပါအဝင် အသေးစားဆိုင်တွေအားလုံးကို ဧပြီ ၂၀ ရက်ကစပြီး ဖွင့်လှစ်ခွင့်ပေးခဲ့တာဖြစ်သလို ဂျာမန်ဘွန်ဒက်လီဂါဘောလုံးပြိုင်ပွဲကိုလည်း မေ ၁၆ ရက်(စနေနေ့)မှာ တံခါးပိတ် အနေအထားနဲ့ကျင်းပသွားဖို့ ခွင့်ပြုပေးခဲ့တာဖြစ်ပါတယ်။ ဒီပြိုင်ပွဲဟာ ဥရောပတစ်ဝန်းမှာ ပထမဆုံးခွင့်ပြုပေးခဲ့တဲ့ ဘောလုံးပြိုင်ပွဲလည်း ဖြစ်ပါတယ်။

**အပြင်ထွက်ခွင့်ပေး**

ပြင်သစ်နိုင်ငံကတော့ ပြင်သစ်ပထမတန်းဘောလုံးပြိုင်ပွဲ ပြန်လည်စတင်ကျင်းပမှုကို ပယ်ဖျက်ခဲ့ပြီး အမှတ်ပေးဇယားထိပ်ဆုံးက ပီအက်စ်ဂျီအသင်းကို ချန်ပီယံအဖြစ် ခွင့်ပြုပေးခဲ့တာဖြစ်ပါတယ်။ ပြင်သစ်နိုင်ငံဟာ လူ ၁၀ ဦးထက်ပိုပြီးစုဝေးခွင့်ကို ခွင့်ပြုပေးလိုက်တဲ့အပြင် အသက်အရွယ်ကြီးရင့်သူတွေနဲ့ ခုခံအားနည်းသူတွေကိုလည်း အပြင်ထွက်ခွင့်ပေးခဲ့ပါတယ်။ အဲဒီလို ပြင်သစ်နိုင်ငံအနေနဲ့ ခရီးသွားလာခွင့်ပိတ်ပင်မှုတွေကို ဖြေလျှော့ပေးလိုက်ပေမယ့် လမ်းမတွေပေါ်ကို လူအများအပြားစုဝေးလာတာတော့ မရှိသေးတာဖြစ်ပါတယ်။

လက်ရှိအချိန်မှာ ပြင်သစ်နိုင်ငံအနေနဲ့ အစိမ်းရောင်ဇုန်နဲ့ အနီရောင်ဇုန်ဆိုပြီး ခွဲခြားထားတာဖြစ်ပြီး ဆိုးဆိုးရွားရွားကူးစက်ဖြစ်ပွားမှုမရှိတဲ့နေရာကို အစိမ်းရောင်ဇုန်၊ ကူးစက်ပျံ့နှံ့မှုအရေအတွက် အမြင့်ဆုံးနေရာကို အနီရောင်ဇုန်အဖြစ် သတ်မှတ်ထားတာဖြစ်ပါတယ်။

**ဖွင့်လှစ်ခွင့်ပြုမှာမဟုတ်**

ပြင်သစ်နိုင်ငံမှာ မူလတန်းကျောင်းတွေနဲ့ နေ့ကလေးထိန်းကျောင်းတွေ အများအပြားကို မေ ၁၁ ရက်မှာ ဖွင့်လှစ်ခွင့်ပြုခဲ့တာဖြစ်ပါတယ်။ အသက် ၁၁ နှစ်ကနေ ၁၅ နှစ်အထိ ကလေးငယ်တွေတက်ရောက်ရတဲ့ ကျောင်းတွေကို မေ ၁၈ ရက်မှာ အစိမ်းရောင်ဇုန်အတွင်းမှာပဲ ဖွင့်လှစ်ခွင့်ပြုမှာဖြစ်ပြီး အသက် ၁၅ နှစ်ကနေ ၁၈ နှစ်အထိ ကလေးငယ်တွေအတွက် ကျောင်းတွေကိုတော့ ဇွန်လအထိ ဖွင့်လှစ်ခွင့်ပြုမှာမဟုတ်ဘူးလို့သိရပါတယ်။

ပြင်သစ်နိုင်ငံရဲ့ ဒေသအများအပြားရှိကျောင်းတွေမှာ မေ ၁၁ ရက်ကို ကျောင်းတွေရဲ့ကြိုတင်ပြင်ဆင်ရေးနေ့အဖြစ် သတ်မှတ်ကာ စတင်ဖွင့်လှစ်ခဲ့တာဖြစ်ပြီး မေ ၁၂ ရက်မှာတော့ သင်ခန်းစာပို့ချမှုတွေကို စတင်ခဲ့ပါတယ်။ အဲဒီလို ဒေသတချို့မှာ လုပ်ဆောင်မှုတွေရှိခဲ့ပေမယ့် တချို့သောဒေသအာဏာပိုင်တွေကတော့ ကျောင်းသားမိဘတွေရဲ့ ဖိအားပေးမှုနဲ့အတူ ကျောင်းတွေကို ပိတ်ထားဆဲပဲဖြစ်ပါတယ်။

ကဖေးဆိုင်တွေနဲ့ စားသောက်ဆိုင်တွေကိုလည်း ဇွန်လအစောပိုင်းမှာ ဖွင့်လှစ်နိုင်ဖို့ စီစဉ်နေတာဖြစ်ပါတယ်။ ပါရီမြို့ရဲ့ ဆင်ခြေဖုံးဒေသတွေနဲ့ ပြင်သစ်နိုင်ငံရဲ့ အရှေ့မြောက်ပိုင်းဒေသတွေမှာတော့ အနီရောင်ဇုန်ထဲမှာပဲ ဆက်လက်ထားရှိဦးမှာဖြစ်ပါတယ်။

**စိုးရိမ်မှုတွေ မြင့်တက်**

ပြင်သစ်နိုင်ငံအနေနဲ့ Stop Covid လို့ အမည်ပေးထားတဲ့ ဗိုင်းရပ်စ်ဆိုင်ရာသဲလွန်စနဲ့ လမ်းကြောင်းကို ခြေရာခံနိုင်မယ့် အက်ပလီကေးရှင်းသစ်တစ်ခုကို စတင်စမ်းသပ်ဆောင်ရွက်နေပြီဖြစ်ပြီး ဇွန် ၂ ရက်မှာ စတင်အသုံးပြုနိုင်ဖို့ မျှော်လင့်ထားတာဖြစ်ပါတယ်။ အဲဒီဆောင်ရွက်ချက်နဲ့ပတ်သက်ပြီး ပြင်သစ်ပါလီမန်က မေလနှောင်းပိုင်းမှာ ဆွေးနွေးသွားဖို့ရှိသလို အသုံးပြုသူတွေအနေနဲ့ နည်းစနစ်မှန်ကန်စွာနဲ့ အသုံးပြုနိုင်မလားဆိုတာကလည်း စိုးရိမ်မှုတွေ မြင့်တက်နေတာဖြစ်ပါတယ်။

ပြင်သစ်နိုင်ငံဟာ လက်ရှိမှာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားသူ ၁၇၇၄၂၃ ဦးရှိပြီး သေဆုံးသူအရေအတွက်မှာ ၂၆၆၄၃ ဦး ရှိခဲ့ကာ ရောဂါမှ ပြန်လည်သက်သာလာသူ အရေအတွက်ဟာလည်း ၅၆၇၄၂ ဦး ရှိသွားပြီဖြစ်ပါတယ်။

ပြင်သစ်သမ္မတမက်ခရွန်ကတော့ နိုင်ငံအတွင်း ခရီးအသွားအလာကန့်သတ်ထိန်းချုပ်မှုတွေကို ဖြေလျှော့ပေးရေးစတင်ဖို့ မတ်လ အတွင်းက နိုင်ငံအခြေပြုမိန့်ခွန်းမှာ ပြောကြားခဲ့ပါတယ်။ ပြည်သူအများစုကတော့ အဲဒီဆောင်ရွက်ချက်ကို ထောက်ခံခဲ့ပြီး ပြင်သစ်နိုင်ငံအစိုးရရဲ့ ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ ကိုင်တွယ်မှုအပေါ် ဝေဖန်မှုတွေရှိနေတာလည်း ဖြစ်ပါတယ်။

**ဖြေလျှော့ပေးဖို့ စတင်**

ကန့်ကွက်သူတွေကတော့ ဆေးဘက်ဆိုင်ရာ အထောက်အကူပြုပစ္စည်းတွေ ပြတ်လပ်မှုတွေရှိခဲ့တာကြောင့် အခြားနိုင်ငံတွေနဲ့နှိုင်းယှဉ်ပြီး ပြင်သစ်နိုင်ငံရဲ့ စမ်းသပ်စစ်ဆေးမှုအဆင့်တွေဟာ နိမ့်ကျနေတယ်လို့ ထောက်ပြခဲ့ပါတယ်။ အဲဒီလို ဝေဖန်မှုတွေရှိနေဆဲဖြစ်ပေမယ့် ပြင်သစ်နိုင်ငံအနေနဲ့လက်ရှိအချိန်မှာ နိုင်ငံအတွင်း ခရီးသွားခွင့် ပိတ်ပင်မှု တွေကို ဖြေလျှော့ပေးဖို့ စတင်လိုက်ပြီဖြစ်ပါတယ်။

**ကိုးကား-ဘီဘီစီ**

## နိုင်ငံအတွင်း ရောက်ရှိလာသူများကို ၁၄ ရက် အသွားအလာ ကန့်သတ်စောင့်ကြည့်မည်ဟု စပိန်အစိုးရ ကြေညာ



**မက်ဒရစ် မေ ၁၂**

ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှု လျော့ကျစေရန်အတွက် စပိန်နိုင်ငံသို့ ရောက်ရှိလာသူများသည် ၁၄ ရက် အသွားအလာ ကန့်သတ်စောင့်ကြည့်မှုကို မဖြစ်မနေခံယူရမည် ဖြစ်ကြောင်း စပိန်အစိုးရက ယနေ့ ကြေညာသည်။

၎င်းအစီအမံသည် မေ ၁၅ ရက်မှစ၍ အာဏာသက်ရောက်မည်ဖြစ်ပြီး အရေးပေါ်အခြေအနေကာလ သက်တမ်းကုန်ဆုံးမည့် မေလ ၂၄ ရက်နေ့အထိ သို့မဟုတ် ယင်းအစီအမံကာလကို သက်တမ်းတိုးပါက ၎င်းရက်ထက်ကျော်လွန်၍ အာဏာသက်ရောက်မည်ဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

ကမ္ဘာတစ်ဝန်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုကို ထောက်ချင့်၍ ကြိုတင်ကာကွယ်မှုအခြေခံသဘောတရားအရ လုပ်ဆောင်ခြင်းဖြစ်၍ နိုင်ငံခြားမှ ရောက်လာသူမည်သူမဆို ၁၄ ရက် အသွားအလာ ကန့်သတ်စောင့်ကြည့်မှုခံယူရန် လိုအပ်ကြောင်း ကြေညာချက်က ဆိုသည်။

ထိုကာလအတွင်း အသွားအလာကန့်သတ် စောင့်ကြည့်ခံရသူတို့ကို မရှိမဖြစ်ပစ္စည်းဝယ်ရန် သို့မဟုတ် အရေးတကြီးဆေးကုသမှုခံယူရန်အတွက်သာ အပြင်ထွက်ခွင့်ပြုမည်ဖြစ်ကြောင်း၊ နှာခေါင်းစည်းအမြဲတပ်ဆင်ထားရမည်ဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

စပိန်နိုင်ငံသို့ ရောက်လာသည့် ဆေးဘက်ဆိုင်ရာဝန်ထမ်းများ၊ လေယာဉ်အမှုထမ်းများ၊ နယ်စပ်ဖြတ်ကျော်၍ ကုန်ပစ္စည်း သယ်ယူပို့ဆောင်နေသည့် အလုပ်သမားများသည် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ တစ်ဦးဦးနှင့် ထိတွေ့မှုမရှိသမျှ ကာလပတ်လုံး ယင်းအစီအမံနှင့်မသက်ဆိုင်ဟု ကြေညာချက်က ဆိုသည်။

ရက်သတ္တနှစ်ပတ် ကာလအတွင်း အသွားအလာ ကန့်သတ်စောင့်ကြည့်ရေးစည်းမျဉ်းများကို အသေအချာ လိုက်နာဆောင်ရွက်စေရန်အတွက် ကျန်းမာရေးအာဏာပိုင်များက ၎င်းတို့ကို ဆက်သွယ်မှုပြုလုပ်မည်ဖြစ်ကြောင်း ယင်းကြေညာချက်က သတိပေးထားသည်။

ယခုအချိန်အထိ ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူဦးရေ ၂၇၀၀၀ နီးပါးရှိပြီး ဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှု အဆိုးရွားဆုံးခံရသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည့် စပိန်နိုင်ငံသည် မတ်လလယ်က အရေးပေါ်အခြေအနေ ကြေညာခဲ့စဉ် နိုင်ငံ၏ ကုန်းမြေနယ်စပ်ကို ပိတ်ထားခဲ့သည်။

**ကိုးကား-အေအက်ဖ်ပီ**

**ဘာသာပြန်-အောင်ဇော်လင်း**

## ပဲခူးတိုင်းဒေသကြီး လက်စွပ်ကျကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးအေးကိုကိုအပေါ် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်အရေးယူ

**နေပြည်တော် မေ ၁၂**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် လက်စွပ်ကျကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးအေးကိုကိုသည် ကျေးရွာအုပ်စုအတွင်း အုတ်လုပ်ငန်းလုပ်ကိုင်သူများအား အုတ်လုပ်ငန်းလိုင်စင် လျှောက်ထားခြင်းမရှိစေဘဲ ငွေကြေးရယူ၍ လုပ်ကိုင်ခွင့်ပြုခြင်းအား အရေးယူပေးပါရန် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားခဲ့သည်။

တိုင်ကြားစာအရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ရာ ပဲခူးတိုင်းဒေသကြီး လက်စွပ်ကျကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးအေးကိုကိုသည် အုတ်ဖုတ်လုပ်ငန်းလုပ်ကိုင်သူများထံမှ ငွေကြေးများနှင့် အုတ်များအားရာထူးတာဝန်ကို အလွဲသုံးစားပြု၍ တံစိုးလက်ဆောင်အဖြစ် လက်ခံရယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ၎င်းအပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၇ အရ ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့မရဲစခန်း၌ မေ ၁၁ ရက်တွင် ပထမသတင်းပေး တိုင်ကြားချက်ဖွင့်လှစ်၍ တရားစွဲဆို အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။

**သတင်းစဉ်**

## မူဆယ်မြို့အဝင် အေးရှားဝေါလ်တိုးဂိတ်၌ လက်လုပ်မိုင်းတစ်လုံးပေါက်ကွဲမှုဖြစ်ပွား

**နေပြည်တော် မေ ၁၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့အဝင် အေးရှားဝေါလ်တိုးဂိတ်၌ မေ ၁၁ ရက် ည ၈ နာရီခွဲခန့်တွင် လက်လုပ်မိုင်းတစ်လုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ကြောင်း။

ဖြစ်စဉ်မှာ ၁၀၅ မိုင်ဘက်မှ မူဆယ်ဘက်သို့ ဆိုင်ကယ်မောင်းနှင်လာသူနှစ်ဦးက တိုးဂိတ်တန်ပိုချိန်သည့်နေရာကို လက်လုပ်မိုင်းတစ်လုံးဖြင့် ပစ်ချဖောက်ခွဲခဲ့ခြင်းဖြစ်ကြောင်းနှင့် ၎င်းတို့နှစ်ဦးသည် မူဆယ်မြို့တွင်းသို့ ထွက်ပြေးသွားကြောင်း။

အဆိုပါ မိုင်းပေါက်ကွဲမှုကြောင့် တိုးဂိတ်ကောင်တာ အဆောက်အအုံ မျက်နှာကြက် ပြိုကျပျက်စီးခဲ့ပြီး တန်ပိုကတ္တား၊ မှန်များနှင့် မော်နီတာတစ်လုံးတို့ ကွဲအက်ပျက်စီးခဲ့ကာ ညစောင့်ဝန်ထမ်းတစ်ဦး မှန်ကွဲစ ထိမှန်ဒဏ်ရာများ ရရှိခဲ့ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက မူဆယ်မြို့ ဝင်၊ ထွက်လမ်းများကို စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

## မကွေးမြို့ ကမ္ဘောဇဘဏ်(၁) ATM ငွေထုတ်စက် မီးလောင်မှုဖြစ်ပွား

**မကွေး မေ ၁၂။** ။မကွေးမြို့ အောင်ချမ်းသာရပ်ကွက် ရန်မျိုးအောင်ရပ် ပြည်တော်သာလမ်းနှင့် ခွာညိုလမ်းထောင့်ရှိ ကမ္ဘောဇဘဏ်(၁)ATM ငွေထုတ်စက်မှာ ယနေ့နံနက် ၆ နာရီ ၄၅ မိနစ်ခန့်က မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။

မီးလောင်မှုသတင်းအရ မကွေးခရိုင်မီးသတ်တပ်ဖွဲ့ ဦးစီးသော မကွေးမြို့နယ် မီးသတ်စခန်းနှင့် မကွေးနယ်မြေမီးသတ်စခန်း(ခွဲ)မှ တပ်ဖွဲ့ဝင်များက အုပ်ချုပ်မှုယာဉ်တစ်စီး၊ မီးငြှိမ်းသတ်ယာဉ်တစ်စီး၊ ရေသယ်ယာဉ်တစ်စီး စုစုပေါင်းသုံးစီးဖြင့် သွားရောက်ငြှိမ်းသတ်ခဲ့ရာ နံနက် ၇ နာရီတွင် မီးငြှိမ်းသတ်နိုင်ခဲ့ကြောင်း၊ ကမ္ဘောဇဘဏ်(၁) ATM ငွေထုတ်စက်တွင် တပ်ဆင်ထားသော မီးဖြတ်စက်အပူလွန်ကဲပြီး လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ မီးလောင်မှုနှင့်ပတ်သက်၍ ကမ္ဘောဇဘဏ်(၁)၏ မန်နေဂျာအား မကွေးမြို့ အမှတ်(၂) နယ်မြေရဲစခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

## ရွှေကူ၊ ရေဦး၊ ပြင်ဦးလွင်၊ သာစည်၊ မူဆယ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၁၂**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁၁ ရက် မွန်းလွဲ ၃ နာရီက ရွှေကူမြို့နယ် ညောင်ကုန်းကျေးရွာအနီး ညောင်ကုန်း-နွှတ်ချိုကျေးရွာသွား ကားလမ်းပေါ်တွင် မင်းမင်းစိုး မောင်းနှင်လာသည့် ဆိုင်ကယ်နှင့် ရုံဟွာ မောင်းနှင်လာသည့် ဆိုင်ကယ်တို့ကို ရပ်တန့်ရှာဖွေရာ ဘိန်းဖြူ ၁ ဒသမ ၀၉ ကီလိုနှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကို သိမ်းဆည်းရမိသည်။

အလားတူ ယင်းနေ့ညနေပိုင်းက မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရေဦးမြို့နယ် ပြုပ်တုံကျေးရွာအနီး မုံရွာ-ရေဦးသွား ကားလမ်းတွင် နေလင်းမောင် (ခ)ကိုမောင် မောင်းနှင်ပြီး သက်နိုင်ဦး လိုက်ပါလာသည့် ဆိုင်ကယ်နှင့် ဖော်လင်း မောင်းနှင်လာသည့် ဆိုင်ကယ်တို့ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွဆေးပြား ၁၆၆၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကိုလည်းကောင်း၊ ထိုနေ့ညနေ ၅ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၁၂) ရေချမ်းအိုးရပ် ဇမ္ဗူဒီပါလမ်းတွင် မဖွဲ့(ခ)ဂေါ်လေး မောင်းနှင်လာသည့် ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွဆေးပြား ၇၆၄ ပြားနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၈) ယုဇနလမ်းတွင် စောသန်းနိုင်အား ယာဉ်နှင့်အတူ တွေ့ရှိသဖြင့် ရှာဖွေရာ စိတ်ကြွဆေးပြား ၁၀၀၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကိုလည်းကောင်း၊ ဆက်လက်၍ ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၈) ဇမ္ဗူဒီပါလမ်းရှိ စောသန်းနိုင်၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ



မင်းမင်းစိုးနှင့် ရုံဟွာတို့အား သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

မျိုးခန့်(ခ)အသေးလေးအား တွေ့ရှိရပြီး နေအိမ်မှ စိတ်ကြွဆေးပြား ၂၁၄၀ ကိုလည်းကောင်း။

ထို့အတူ မေ ၁၀ ရက် ည ၁၁ နာရီခွဲက သာစည်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သာစည်မြို့နယ် ၄က်မင်းကုန်းကျေးရွာအနီးတွင် ဆိုင်ကယ်နှစ်စီးနှင့်အတူ မသင်္ကာဖွယ်တွေ့ရှိသူ စိုးအောင်(ခ) ဖက်လို(ခ)စိုးမိုးနိုင်နှင့် ပေါလုတို့အား ရှာဖွေရာ ၎င်းတို့နှစ်ဦးထံမှ ဘိန်းစိမ်း ကီလို ၄၀၊ ဆိုင်ကယ်နှစ်စီးနှင့်လက်ကိုင်ဖုန်းတစ်လုံးတို့ကိုလည်းကောင်း၊ ထို့အတူ မေ ၁၁ ရက် နံနက် ၁၀ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မူဆယ်မြို့ ကောင်းမှုလွယ်ရပ်ကွက်ရှိ မထက်ထက် (ခ) ဝိုင်းလေး၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွဆေးပြား ၂၃၅၁ ပြားနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ အဆိုပါနေအိမ်သို့ ရောက်ရှိလာသူ မောင်မောင်လေး(ခ) မောင်လေးအား ဆိုင်ကယ်တစ်စီး၊ လက်ကိုင်ဖုန်းတစ်လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



## မရမ်းကုန်းမြို့နယ်တွင် လက်တော့ပ်နှင့် ဖုန်းမျိုးစုံ ခိုးယူသူတစ်ဦးကို ဖမ်းဆီးရမိ

**ရန်ကုန် မေ ၁၂**

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး၏ ညွှန်ကြားချက်အရ အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး၏ အနီးကပ်ကြီးကြပ်မှုဖြင့် အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များသည် ခိုး၊ ဆိုး၊ လု၊ နှိုက် သတင်းများ စုံစမ်းဆောင်ရွက်စဉ် မေ ၈ ရက် ညနေ ၄ နာရီက မရမ်းကုန်းမြို့နယ် (၄)ရပ်ကွက် ကျိုက်ဝိုင်းဘုရားလမ်း မြိုင်ဟေဝန်အိမ်ရာ အမှတ်(၃၆) MGL အမြန်ချောပို့လုပ်ငန်းကုမ္ပဏီမှ အသုံးပြုလျက်ရှိသော လက်တော့ပ် ခြောက်လုံးနှင့် လက်ကိုင်ဖုန်းအမျိုးမျိုး ၂၀ လုံး ပျောက်ဆုံးသွားကြောင်း သတင်းအရ ပြစ်မှုကျူးလွန်သူကို ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ ၎င်းကုမ္ပဏီ၌ အလုပ်လာလျှောက်ဖူးသူ စိုးမင်းထွေး(ခ)အထွေးအား ခေါ်ယူစစ်ဆေးခဲ့သည်။ ၎င်းက မေ ၅ ရက်တွင် MGL ကုမ္ပဏီမှ ဖုန်းနှင့် လက်တော့ပ်များအား နေအိမ်တွင် သိမ်းဆည်းထားကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် သက်သေခံပစ္စည်းများ ပြန်လည်သိမ်းဆည်းပြီး ခိုးမှုကျူးလွန်သူ စိုးမင်းထွေး(ခ) အထွေးကို ဥပဒေနှင့်အညီ တရားစွဲတင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## စဉ့်ကိုင်နှင့် မြို့သစ်မြို့နယ်တို့၌ မိုးကြိုးထိမှန်၍ လူလေးဦး သေဆုံး

**စဉ့်ကိုင် မေ ၁၂**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်၌ မေ ၁၁ ရက် မွန်းလွဲ ၃ နာရီခွဲက မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီး မိုးကြိုးပစ်ခြင်းကြောင့် ကျေးရွာနှစ်ရွာတွင် လူသုံးဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁၁ ရက် ညနေ ၃ နာရီခွဲခန့်က စိုးဝင်းအောင်၊ သဲသဲ(ခ)မြသင်္ဂီဝင်းနှင့် ပိုင်ခန့်ကိုတို့သည် ဇရပ်ပေါ်တွင် ရှိနေစဉ် မိုးရွာသွန်းပြီး မိုးကြိုးပစ်ခဲ့ရာ မြသင်္ဂီဝင်းနှင့် စိုးဝင်းအောင်တို့မှာ လဲကျသွားခဲ့ကြောင်းနှင့် ပိုင်ခန့်ကိုမှာ ဝဲဘက်ခန္ဓာကိုယ်တစ်ခြမ်း ထုံကျင်ခဲ့ပြီး သတိလစ်သွားခဲ့ကြောင်း၊ သတိရလာချိန်၌ ကျန်နှစ်ဦးမှာ သေဆုံးနေသည်ကို တွေ့ခဲ့ကြောင်း သိရသည်။

အလားတူ မွန်းလွဲ ၃ နာရီ ၄၅ မိနစ်တွင် ထန်းတောကျေးရွာအုပ်စု ရေကင်းကုန်းကျေးရွာအနီး လယ်ကန်သင်းပေါ်တွင် လူတစ်ဦး မိုးကြိုးထိမှန် သေဆုံးနေကြောင်း သတင်းအရ စခန်းမှူး ဒုရဲမှူး စိုးဝင်းသန်းနှင့်အဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ လယ်ကန်သင်းပေါ်ပေါ်တွင် လူတစ်ဦး လဲကျသေဆုံးနေကြောင်း တွေ့ရသဖြင့် စဉ့်ကိုင်မြို့နယ် မြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**ဝင်းဝင်းသန်း(စဉ့်ကိုင်)**

**မြို့သစ်**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် နတ်ရွာကျေးရွာ၌ ဦးပြေအေးသည် ယမန်နေ့ ညနေ ၅ နာရီခွဲက လေပြင်းတိုက်၍ မိုးသည်းထန်စွာရွာသွန်းချိန်တွင် ၎င်း၏နေအိမ်အတွင်း ရေမဝင်စေရန် ရေမြောင်းတူးဖော်ရာမှ မိုးကြိုးထိမှန်၍ သေဆုံးခဲ့ကြောင်း သိရသည်။

မိုးကြိုးထိမှန်၍ သေဆုံးခဲ့သော ဦးပြေအေး၏ဇနီး ဒေါ်ထွေးတွင် ယာလက်ပြင်အောက် ပေါက်ပြဲဒဏ်ရာနှင့် ညာခြေထောက် ဖူးရောင်ဒဏ်ရာများရရှိ၍ မြို့သစ်မြို့နယ် ပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

**မြင့်မြင့်ထွေး (ပြန်/ဆက်)**

## ထွန်စက်ပေါ်မှပြုတ်ကျ၍ လူတစ်ဦး သေဆုံး

**ထီးချိုင့် မေ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ်တွင် လူတစ်ဦး ထွန်စက်ပေါ်မှ ပြုတ်ကျ၍ သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁၁ ရက် ည ၁၀ နာရီခွဲက ထီးချိုင့်မြို့နယ် အင်ဒေါင်းကျေးရွာအုပ်စု ဆိုင်နိုစကော့ကျေးရွာအနီး တောလမ်းတွင် ယာဉ်တိမ်းမှောက်မှု ဖြစ်ပွားကြောင်း သတင်းအရ ဒုရဲအုပ်မျိုးဇော်အောင်နှင့်အဖွဲ့က သွားရောက်စစ်ဆေးရာ ကျော်မြင့်အောင် မောင်းနှင်ပြီး ဦးကျော်ဝင်း လိုက်ပါလာသည့် ကျွန်းသစ် သုည ဒသမ ၅ တန် သယ်ဆောင်လာသော နောက်တွဲယာဉ်ပါ ထွန်စက်သည် နောက်တွဲပြုတ်ကျပြီး ထွန်စက်တိမ်းမှောက်သွားသောကြောင့် ယာဉ်မောင်း ကျော်မြင့်အောင်မှာ ထွန်စက်ပေါ်မှ ပြုတ်ကျ၍ ဒဏ်ရာများရရှိကာ သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ ကျော်မြင့်အောင်အား အရေးယူထားကြောင်း သိရသည်။

**အေးမြသက်ထား**

## မြောက်ဥက္ကလာပမြို့နယ်အတွင်း လူသတ်မှုကျူးလွန်သူနှစ်ဦးကို အချိန်တိုအတွင်း ဖမ်းဆီးရမိ

**ရန်ကုန် မေ ၁၂**

မြောက်ဥက္ကလာပမြို့နယ် (၁)ရပ်ကွက် မီးရထားဝင်း ကျွန်းတော၌ မေ ၁၁ ရက် ညနေ ၅ နာရီက ဦးအောင်ကျော်သည် ၎င်း၏သားဖြစ်သူ အောင်ဖြိုးမြင့်မြတ်၊ မင်းသူထက်နှင့် ပြည့်စုံ၊ အောင်ပိုင်သူတို့နှင့်အတူ နေအိမ်ရှေ့၌ အရက်ဝိုင်းဖွဲ့သောက်နေစဉ် နေအိမ်သို့ ရေသွယ်သည့်ကိစ္စဖြင့် ဦးအောင်ကျော်နှင့် အောင်ပိုင်သူတို့ စကားများရန်ဖြစ်ရာ အောင်ဖြိုးမြင့်မြတ်နှင့် မင်းသူထက်တို့က နေအိမ်အတွင်းမှ တူနှင့် ဓားဦးချွန်အားယူပြီး တူနှင့် ထု၊ ဓားနှင့်ထိုး၍ အောင်ပိုင်သူမှာ ဝဲရင်အုံ ထိုးသွင်းဒဏ်ရာရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားသောကြောင့် တာဝန်မှူး ဒုရဲအုပ်သက်အောင်က တရားလိုပြုလုပ် အမှုဖွင့်ခဲ့သည်။

ပြစ်မှုကျူးလွန်သူ အောင်ဖြိုးမြင့်မြတ်နှင့် မင်းသူထက်တို့မှာ ထွက်ပြေးတိမ်းရှောင်သွားကြောင်း သိရသဖြင့် မြောက်ဥက္ကလာပမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက ၎င်းတို့နှစ်ဦးကို အမြန်ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ ထိုနေ့ ညနေ ၆ နာရီ ၅ မိနစ်က သုမေ္မာလမ်းမကြီးရှိ ဘုန်းကြီးလမ်းမီးပွိုင့်အနီးမှ ဖမ်းဆီးရမိသဖြင့် ဥပဒေနှင့်အညီ တရားစွဲတင်ပို့နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# COVID–19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၁၂–၅–၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ**

၁။ (၁၂–၅–၂၀၂၀) ရက်နေ့၊ ညနေပိုင်းတွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)မှ ပထမအသုတ် စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၈၄) ခု၊ ဆေးသုတေသနဦးစီးဌာန (DMR) မှ စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၁၀၃) ခု၊ စုစုပေါင်း (၁၈၇)ခုတွင်–

- COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် မတွေ့ရှိရပါ။

၂။ သို့ဖြစ်ရာ (၁၂–၅–၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာ (၁၈၀) ဦးရှိပြီဖြစ်ပါသည်။

၃။ (၁၂–၅–၂၀၂၀) ရက်နေ့အထိ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာများတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ အသစ် (၂)ဦး (Case–82,102)ရှိသဖြင့် စုစုပေါင်း (၇၆)ဦးရှိပြီး ၎င်းတို့အနက် (၆၄)ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၁၁–၅–၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀)နာရီမှ (၁၂–၅–၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၆၇) ဦး ရှိပါသည်။

(COVID-19) **ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
(၁၁ – ၅ – ၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | |
|---|---|
| (၁၂-၅-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ ပထမအသုတ် ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၈၄) ခု |
| (၁၂-၅-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၀၃) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၀) ဦး |

COVID-19 **ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
( ၁၂ – ၅ – ၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၀) ဦး | (၁၈၀) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၂) ဦး | (၇၆) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် နှာခေါင်းစည်း၊ လက်အိတ်၊ မျက်နှာဖုံး၊ ရေသန့်၊ Royal-D များ လှူဒါန်း

**ရန်ကုန် မေ ၁၂**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်တွင် ကိုဗစ်–၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များ၌ အသုံးပြုနိုင်ရန် နှာခေါင်းစည်းများ၊ လက်အိတ်များ၊ မျက်နှာဖုံးများ၊ ရေသန့်ဘူးများနှင့် Royal–D များ လှူဒါန်းပွဲကို ယနေ့နံနက် ၁၁ နာရီက အင်းစိန်ဂျီတီအိုင် စောင့်ကြပ်ကြည့်ရှုရေးစခန်း၌ ကျင်းပသည်။

**ပေးအပ်လှူဒါန်း**

ထိုသို့ လှူဒါန်းရာတွင် အလှူရှင် ဦးနေဇင်နှင့် ဝန်ထမ်းများက နှာခေါင်းစည်း အခု ၃၀၀၊ လက်အိတ် ၂၀၀၊ မျက်နှာကာ ၁၅ ခု၊ ရေသန့်ဘူး ကတ် ၄၅၀၊ Royal–D ကတ် ၂၄၀ တို့ကို ပေးအပ်လှူဒါန်းရာ အမှတ်(၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝေဖြိုးဟန်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းအောင်နှင့် တာဝန်ရှိသူတို့က လက်ခံရယူခဲ့ကြပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**ဉာဏ်ဟိန်း**



## နမ့်ဆန်၌ တရုတ်နိုင်ငံမှ ပြန်လာသူများအား ကန့်သတ်စောင့်ကြည့်လျက်ရှိ

**နမ့်ဆန် မေ ၁၂**

ရှမ်းပြည်နယ် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ်သို့ တရုတ်နိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် နေရပ်ပြန်ပြည်သူ ၅၂ ဦးမှာ ယမန်နေ့ ညနေ ၅ နာရီတွင် နမ့်ဆန်မြို့သို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

**ကြိုဆို**

အဆိုပါ နေရပ်ပြန်ပြည်သူများကို မြို့နယ်ကြက်ခြေနီအသင်းခွဲ ဥက္ကဋ္ဌ ဦးကျားတီနှင့် တပ်ခွဲမှူး ဦးခင်မောင်ပါလေးဦးလိုက်ပါသည့် အုပ်ချုပ်မှုယာဉ် တစ်စီး၊ လူနာတင်ယာဉ် တစ်စီး၊ ကုသိုလ်ပြု ကြိုဆိုပို့ဆောင်ပေးသည့် နမ့်ဆန်မြို့နယ် ဒီပလောင်ကားဂိတ်မှ ယာဉ် ငါးစီးတို့ဖြင့် မူဆယ်မြို့မှ နမ့်ဆန်မြို့သို့ ကြိုလာခဲ့ကြသည်။

အဆိုပါအဖွဲ့သည် နမ္မတူ–နမ့်ဆန်နယ်စပ် လီလုတံတားသို့ ရောက်ရှိခဲ့ရာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်ဦးနှင့်အဖွဲ့ဝင်များက သွားရောက်ကြိုဆိုကာ ညနေ ၅ နာရီတွင် နမ့်ဆန်မြို့နယ်သို့ ပြန်လည်ရောက်ရှိလာခဲ့ရာ ထားရှိမည့် ကန့်သတ်စောင့်ကြည့်ရေးစခန်းနေရာများဖြစ်သော နတလ လူငယ်သင်တန်းကျောင်း၌ အမျိုးသား ၃၃ ဦး၊ လူသားအရင်းအမြစ်ဘော်ဒါ ဆောင်၌ အမျိုးသမီး ၁၉ ဦး စုစုပေါင်း ၅၂ ဦးအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ သတ်မှတ်ညွှန်ကြားချက်နှင့်အညီ နေရာချထားပေးပြီး ၎င်းတို့အတွက် လိုအပ်သည့် ကျန်းမာရေးသုံးပစ္စည်းများနှင့် စားသောက်ရေးပစ္စည်းများကို ထောက်ပံ့ပေးခဲ့ကြသည်။

**ကူညီဆောင်ရွက်**

ထို့နောက် နေရပ်ပြန်ပြည်သူများအား ကန့်သတ်စောင့်ကြည့်ရေးစခန်း၌ ထားရှိရာတွင် အဆင်ပြေစေရန်အတွက် ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းကျော်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်ဦးနှင့် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာထက်ဖြိုးဝေတို့က အားပေးစကားများ ပြောကြားခဲ့ပြီး စားသောက်နေထိုင်ရေး၊ လုံခြုံရေးအစီအမံများကို ညှိနှိုင်းကူညီဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**အောင်မိုး(ပြန်/ဆက်)**




ကိုရိုနာဗိုင်းရပ်စ်(COVID-19)ရောဂါကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့

# အစိုးရကိုယ်စားလှယ်များနှင့် မွန်ပြည်သစ်ပါတီတို့၏ ကိုဗစ်-၁၉ ဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

## မွန်ပြည်သစ်ပါတီအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ကုသရေးတွင် အပြည့်အဝ ပူးပေါင်းဆောင်ရွက်မည်



**ရန်ကုန် မေ ၁၂**

ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ကုသရေးနှင့် စပ်လျဉ်း၍ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ညှိနှိုင်း ပူးပေါင်းရေးကော်မတီသည် ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)တွင် မွန်ပြည်သစ်ပါတီ (NMSP) နှင့် Online Video Conferencing စနစ်ဖြင့် ချိတ်ဆက်၍ ကိုဗစ်-၁၉ ဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပသည်။

ယနေ့ဆွေးနွေးပွဲသို့ အစိုးရကိုယ်စားလှယ်များအဖြစ် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ကုသရေးနှင့် စပ်လျဉ်း၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်း ပူးပေါင်းရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း)ခင်ဇော်ဦးနှင့် ကော်မတီဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး မွန်ပြည်သစ်ပါတီ(NMSP)မှ ဗဟိုအလုပ်အမှုဆောင်ကော်မတီ အဖွဲ့ဝင် နိုင်ဗညားလယ် ဦးဆောင်၍ ဗဟိုကော်မတီဝင်များ တက်ရောက်ဆွေးနွေးသည်။

အစည်းအဝေးတွင် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ကုသရေးနှင့် စပ်လျဉ်း၍ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းက အဖွင့်အမှာစကားပြောကြားပြီး မေ ၈ ရက်က NCA-S EAO ၁၀ ဖွဲ့နှင့် ဆွေးနွေးခဲ့သည့် သဘောတူညီချက် ၇ ချက်ကို အခြေခံ၍ NMSP နှင့် ဆက်လက်ဆွေးနွေးကြသည်။

**ကောင်းမွန်တဲ့ဆွေးနွေးမှု**

ငြိမ်းချမ်းရေးကော်မရှင်အကြံပေးအဖွဲ့ဝင် ဦးလှမောင်ရွှေက "ဒီနေ့ဆွေးနွေးမှုထဲမှာ ပိုပြီးတော့ ထူးခြားတဲ့ အရာတွေကတော့ မွန်ပြည်သစ်ပါတီ(NMSP)အနေနဲ့ သူတို့ရဲ့ ဒေသတွေမှာ ကိုဗစ်-၁၉ ကာကွယ်တားဆီးရေးအတွက် စစ်ဆေးတဲ့စခန်း(Screen Point) ၁၈ ခုရှိတယ်လို့ သိရတယ်။ အဲဒီ ၁၈ ခုကနေပြီးတော့ ကိုဗစ်-၁၉ ကို ကာကွယ်တားဆီးဖို့အတွက် ဝိုင်းဝန်းကာကွယ် တားဆီးမယ့်ကိစ္စကို ရှင်းပြတယ်။ ပြီးတော့မှ အစိုးရနဲ့ ပူးပေါင်းဆောင်ရွက်မယ့် ကိစ္စရပ်တွေကို ဆွေးနွေးနိုင်ခဲ့တယ်။ ဒီနေရာမှာ သူတို့ရှင်းပြတာကို ပိုပြီးသိရတာက အဲဒီနေရာတွေမှာလည်း တပ်မတော်နဲ့ ဆက်စပ်နီးစပ်တဲ့နေရာတွေမှာ မွန်အမျိုးသားဝတ်စုံ ဝတ်ပြီး ဆောင်ရွက်တယ်လို့ ရှင်းပြပါတယ်။ နောက်ထပ် ထူးခြားတာကတော့ ကိုဗစ်-၁၉ ကာလနဲ့ အဲဒီကာလအလွန်မှာ လူမှုစီးပွားအတွက် ရိုက်ခတ်လာမယ့်ကိစ္စရပ်တွေကို ဆွေးနွေးဖြစ်ပါတယ်။ ဒီနေ့မှာ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စရပ်တွေကိုပါ ဆွေးနွေးဖြစ်တဲ့အတွက် ကောင်းမွန်တဲ့ ဆွေးနွေးမှုပါ။ ဒီနေ့ ဆွေးနွေးပွဲမှာ နှစ်ဖက်စလုံး တော်တော်လေး ရင်းရင်းနှီးနှီးနဲ့ ဆွေးနွေးနိုင်ခဲ့ပါတယ်" ဟု ပြောသည်။

ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ကုသရေးနှင့် စပ်လျဉ်း၍ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ညှိနှိုင်း ပူးပေါင်းရေးကော်မတီသည် မေလ တတိယပတ်တွင် မွန်ပြည်သစ်ပါတီ (NMSP)နှင့် ပြန်လည်တွေ့ဆုံ၍ ကိုဗစ်-၁၉ နှင့်ပတ်သက်သည့် အသေးစိတ်ဆောင်ရွက်မည့်ကိစ္စရပ်များကို ဆက်လက်ဆွေးနွေးသွားမည်ဖြစ်သည်။

**အပြည့်အဝ ပူးပေါင်းဆောင်ရွက်မယ်**

မွန်ပြည်သစ်ပါတီ(NMSP)နှင့် ဆက်လက်ဆွေးနွေးသွားမည့် ကိစ္စရပ်များနှင့် ပတ်သက်၍ ဦးလှမောင်ရွှေက "ဒီနေ့ဆွေးနွေးထားတာကိုတော့ မွန်ပြည်သစ်ပါတီ(NMSP) ထဲမှာလည်း ပြန်လည်စဉ်းစားတာရှိမယ်။ နောက်တစ်ပတ်ထဲမှာတော့ လုပ်ငန်းစဉ်တွေကို အသေးစိတ် ဆွေးနွေးတာတို့၊ ညှိနှိုင်းတာတို့ ရှိမယ်။ သူတို့ရှင်းပြတဲ့ အထဲမှာ မွန်ပြည်နယ်အစိုးရဘက်က မြဝတီဂိတ်တစ်ခုပဲ တရားဝင်ဖွင့်ထားတာရှိတဲ့အတွက် တကယ်လို့ အကြောင်းကြောင်းကြောင့် သူတို့ဆီရောက်လာခဲ့ရင် စာရင်းဇယားကိစ္စ၊ သံသယ လူနာကိစ္စ၊ အဲဒီကနေ Positive လူနာကိစ္စတွေအထိ အပြည့်အဝ ပူးပေါင်းဆောင်ရွက်မယ်လို့ အပြုသဘောဆောင်ပြီး ဆွေးနွေးခဲ့တာတွေရှိပါတယ်။ လိုအပ်တဲ့ အကူအညီတွေ တောင်းဆိုတာရှိပေမယ့် ကော်မတီဥက္ကဋ္ဌနဲ့ ဒုတိယဥက္ကဋ္ဌတို့က သူတို့ဆောင်ရွက်ပေးနိုင်တာတွေ အကြမ်းဖျင်းရှင်းပြတယ်။ အကူအညီပေးတဲ့ကိစ္စတွေကတော့ လာမယ့်အပတ်ထဲမှာ စနိုင်ဖို့တော့ရှိမယ်" ဟု ပြောကြားသည်။

**၁၅ ဖွဲ့ ရှိပြီဖြစ်**

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(Nationwide Ceasefire Agreement-NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် NCA လက်မှတ်ရေးထိုးထားခြင်းမရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၈ ဖွဲ့ရှိသည့်အနက် ယနေ့အချိန်ထိ ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ်ကုသရေးနှင့် စပ်လျဉ်း၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းရေးကော်မတီသို့ တိုက်ရိုက်ဆက်သွယ်လာသည့် အဖွဲ့အစည်း ၁၅ ဖွဲ့ရှိပြီဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ကုသရေးနှင့် စပ်လျဉ်း၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်း ပူးပေါင်းရေးကော်မတီသည် မေ ၁၄ ရက်တွင် ချင်းအမျိုးသားတပ်ဦး(CNF)နှင့် လည်းကောင်း၊ မေ ၁၅ ရက်တွင် ပအိုဝ်း အမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO)နှင့် လည်းကောင်း ကိုဗစ်-၁၉ ဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း အဆိုပါကော်မတီမှ သိရသည်။

သတင်း-ရဲခေါင်ညွန့်၊ ဓာတ်ပုံ-ဖိုးထောင်

## ကိုဗစ်-၁၉ Call Center ဖွင့်လှစ်ထားရှိ

**နေပြည်တော် မေ ၁၂**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာ(၄)ခု၊ Blue ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID-19 Call Center အား နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်း ဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဧပြီ ၈ ရက်မှစတင်၍ ဖွင့်လှစ်ထားကြောင်း သိရသည်။

သတင်းစဉ်

## မလေးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် နေရပ်ပြန် ၉၁ ဦးကို မော်လမြိုင်တက္ကသိုလ်တွင် ၂၁ ရက်ကြာ အသွားအလာ ကန့်သတ်စောင့်ကြည့်ထားရှိ

**မော်လမြိုင် မေ ၁၂**

မလေးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် နေရပ်ပြန် ၉၁ ဦးကို မော်လမြိုင်တက္ကသိုလ် ဘားအံဆောင်နှင့် သထုံဆောင်တို့တွင် ကန့်သတ်စောင့်ကြည့်မှု ၂၁ ရက်ကြာ ထားရှိပြီး ကျန်းမာရေးစောင့်ကြည့်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

မလေးရှားနိုင်ငံမှ နေရပ်ပြန် အမျိုးသား ၇၅ ဦးနှင့် အမျိုးသမီး ၁၆ ဦးတို့သည် ရန်ကုန်မြို့မှ မွန်ပြည်နယ် မော်လမြိုင်တက္ကသိုလ်ရှိ ကန့်သတ်စောင့်ကြည့်ထားရှိမည့် အဆောင်သို့ ယနေ့နံနက် ၂ နာရီခွဲက ရောက်ရှိရာ အဆိုပါ နေရပ်ပြန်များအား မွန်ပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးရွှေမြင့်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များနှင့် စေတနာ့ဝန်ထမ်းလူငယ်များက ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်ပေးပြီး ၎င်းတို့နေထိုင်စားသောက်ရေးအတွက် တာဝန်ရှိသူများက စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဝေလင်း(ပြန်/ဆက်)




## ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်ရန် သီးသန့်စောင့်ကြည့်ရမည့်သူများအား နေပြည်တော်နှင့် ရန်ကုန်မြို့တို့ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းများ၌ ဆက်လက်လက်ခံ

**နေပြည်တော် မေ ၁၂**

Coronavirus Disease 2019 (COVID-19) ရောဂါကြိုတင်ကာကွယ်ထိန်းချုပ်ရန် သီးသန့်စောင့်ကြည့်ရမည့်သူများအား နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်းနှင့် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်ရှိ စစ်ကြောရေးနှင့်တည်းခိုရေးစခန်းတို့၌ လက်ခံ၍ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံဆေးကုသရေးအဖွဲ့များနှင့် တာဝန်ရှိသူများက နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ လက်ခံဆောင်ရွက်ပေးခဲ့ရာ ယမန်နေ့တွင် နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ တရုတ်နိုင်ငံမှ ပြန်လည်ရောက်ရှိလာသူ အမျိုးသား ငါးဦး၊ နယ်စပ်ဒေသမြို့များဖြစ်သည့် ဆီလူးမြို့နှင့် တာချီလိတ်မြို့တို့မှ ပြန်လည်ရောက်ရှိလာသူ အမျိုးသား ငါးဦးနှင့် အမျိုးသမီး ငါးဦးရောက်ရှိခဲ့ကြောင်း။

လှိုင်မြို့နယ်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ တရုတ်နိုင်ငံမှ ပြန်လည်ရောက်ရှိလာသူ အမျိုးသား ခြောက်ဦး၊ အမျိုးသမီး သုံးဦး၊ ထိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိလာသူ အမျိုးသား တစ်ဦး၊ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်မှ ရောက်ရှိလာသူ အမျိုးသား တစ်ဦး ထပ်မံရောက်ရှိလာခဲ့ကြောင်း။

ထို့ပြင် နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်းတွင် ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ စောင့်ကြည့်ထားသူများအနက်မှ ၂၁ ရက်ပြည့်မြောက်သည့် စောင့်ကြပ်ကြည့်ရှုထားသူ ၂၇ ဦးကို လည်းကောင်း၊ လှိုင်မြို့နယ်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းမှ နှစ်ဦးကို လည်းကောင်း ယမန်နေ့က ကျန်းမာရေးဦးစီးဌာနနှင့် စောင့်ကြပ်ကြည့်ရှုရေးစခန်းတို့မှ Quarantine စောင့်ကြည့် ၂၁ ရက်ပြည့်ပြီးကြောင်း လက်မှတ်များနှင့် ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ ဆောင်ရန်ရှောင်ရန် စာရွက်စာတမ်းများကို တာဝန်ရှိသူများက ပေးအပ်ပြီး သက်ဆိုင်ရာမြို့နယ်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများသို့ တပ်မတော်ကစီစဉ်ပေးသည့် မော်တော်ယာဉ်များဖြင့် လိုက်လံပို့ဆောင်ပေးခဲ့ကြောင်း။

ယမန်နေ့ည ၇ နာရီအထိ နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်းတွင် စုစုပေါင်းပြည်သူ ၂၉၆ ဦးနှင့် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းတွင် စုစုပေါင်းပြည်သူ ၂၃၅ ဦးတို့ကို လက်ခံထားရှိပြီး အဆိုပါစောင့်ကြည့်လူနာများ အားလုံးမှာ ကျန်းမာရေးကောင်းမွန်လျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

သတင်းစဉ်

# IBEC ဆရာတော်က ထွင့်ခေါင်ကျေးရွာသို့ ဆန်များလှူဒါန်း

**စစ်ကိုင်း မေ ၁၂**

မေ ၅ ရက်၌ စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး IBEC အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာ ပညာရေးစင်တာကျောင်းတိုက်ကြီး၌ IBEC ကျောင်းတိုက် တည်ရှိရာ ထွင့်ခေါင်ကျေးရွာတွင်းမှ ကျေးရွာသူ ကျေးရွာသားများအား စတော့ဟုမ်းငြိမ်းချမ်းရေးဆုရှင် မဟာသဒ္ဓမ္မဇောတိကဓဇ IBEC ဆရာတော် ဒေါက်တာအရှင်သောဘိတ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် တစ်အိမ်ထောင်လျှင် ဆန်လေးပြည် လှူဒါန်းခဲ့ကြောင်း သိရသည်။

ထိုသို့ လှူဒါန်းရာတွင် ဆရာတော်က ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသော ကာလဖြစ်၍ ဆန်လှူဒါန်းရာ၌ ကျေးရွာသူ ကျေးရွာသားများအား လက်ဆေးဆပ်ပြာရည်ဖြင့် လက်ဆေးစေခြင်း၊ နှာခေါင်းစည်းများ ဝေငှ၍ တပ်ဆင်စေခြင်း၊ တစ်ဦးနှင့်တစ်ဦး သုံးပေအကွာတွင်နေရာချ၍ အလှူခံစေခြင်း၊ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များအား အတိအကျလိုက်နာရန်လည်း လမ်းညွှန်မိန့်ကြားခဲ့ကြောင်း သိရသည်။

ကမ္ဘာကြီးတွင် တွေ့ကြုံခံစားနေရသော ကိုဗစ်-၁၉ ကပ်ရောဂါဘေးအတွင်း စားဝတ်နေရေးအဆင်ပြေစေရေးအလို့ငှာ IBEC ဆရာတော်က မေတ္တာကရုဏာရှေ့ထား၍ လှူဒါန်းထောက်ပံ့ပေးခဲ့ခြင်းဖြစ်ပြီး ထွင့်ခေါင်ကျေးရွာရှိ အိမ်ထောင်စုပေါင်း ၂၅၈ စုအား ဆန်တင်းပေါင်း ၈၅ တင်းကျော် လှူဒါန်းထောက်ပံ့နိုင်ခဲ့ကြောင်း သိရသည်။

လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားနေသောကာလအတွင်း ကူညီဆောင်ရွက်ရန် ဖွဲ့စည်းထားသော IBEC အနာဂတ်ရောင်ခြည်အသင်းကြီး၏ ပထမခြေလှမ်းဖြစ်ကြောင်းနှင့် ဆက်လက်၍လည်း လိုအပ်သည့်နေရာများတွင် လှူဒါန်းသွားမည်ဟု IBECဆရာတော်မှ မိန့်ကြားခဲ့ကြောင်း IBEC သတင်းနှင့်ပြန်ကြားရေးဌာနမှ သိရသည်။

**မန်း(ကိုယ်ပွား)**



# ထိုင်းနိုင်ငံမှ မြန်မာလုပ်သားများ မြဝတီတံတားအမှတ် (၂) မှ ဆက်လက်ဝင်ရောက်

**မြဝတီ မေ ၁၂**

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၄၁ ဦးသည် ယနေ့တွင် မြဝတီ အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ပြန်လည်ဝင်ရောက်လာခဲ့ကြောင်း သိရသည်။

**ကျန်းမာရေးစစ်ဆေး**

ပြန်လည် ဝင်ရောက်လာသူများအား ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသော လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သက်လင်းဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကိုနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ကြိုးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယနေ့ ပြန်လည်ဝင်ရောက်လာသူများမှာ ကရင်ပြည်နယ်မှ တစ်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ တစ်ဦး၊ ပဲခူးတိုင်းဒေသကြီး မှ ၁၈ ဦး၊ မကွေးတိုင်းဒေသကြီးမှ ၁၀ ဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ တစ်ဦး၊ မန္တလေးတိုင်း ဒေသကြီးမှ ခြောက်ဦး၊ နေပြည်တော်မှ လေးဦး စုစုပေါင်း ၄၁ ဦးရှိကြောင်း သိရသည်။

ပြန်လည် ဝင်ရောက်လာသူများအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ထုတ်ဝေသည့် ကိုဗစ်-၁၉ ရောဂါအကြောင်း အသိပညာပေးလက်ကမ်းစာစောင်များအား မြဝတီခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။



**ထိန်လင်းအောင်(ပြန်/ဆက်)**

## COVID– 19 ရောဂါ ကာကွယ်ဖို့ မိမိမှစ၍ စည်းကမ်းများကို လိုက်နာစို့

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရောင်းဝယ်ရေးသမဝါယမအသင်းများက ပုံမှန်ဈေးနှုန်းများအတိုင်း ကုန်ပစ္စည်းဖြန့်ဖြူးရောင်းချ

**နေပြည်တော် မေ ၁၂**

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေစဉ်ကာလအတွင်း အသင်းသားပြည်သူများ ပုံမှန်ဈေးနှုန်းဖြင့် ဝယ်ယူနိုင်ရေးအတွက် အခြေခံစားကုန်များ၊ လူသုံး၊ အိမ်သုံးပစ္စည်းများကို စစ်ကိုင်းတိုင်းဒေသကြီးအတွင်း သမဝါယမအရောင်းဆိုင်များက ဖွင့်လှစ်ရောင်းချပေးလျက်ရှိသည်။

အဆိုပါ သမဝါယမအသင်းအရောင်းဆိုင်များက ဖြန့်ဖြူးရောင်းချနေမှု အခြေအနေများကို သက်ဆိုင်ရာတာဝန်ရှိသူများက မေ ၉ ရက် တွင် ရေဦးမြို့နယ် အောင်ဆန်းရောင်းဝယ်ရေးသမဝါယမအသင်းသို့လည်းကောင်း၊ ဘုတလင်မြို့နယ် စေတနာလယ်/ ထွေ သမဝါယမအသင်းသို့လည်းကောင်း သွားရောက်ကွင်းဆင်း ကြီးကြပ်ဆောင်ရွက်လျက်ရှိပြီး ဈေးနှုန်းမှန်ကန်စွာ ပုံမှန်ဈေးနှုန်းဖြင့် ရောင်းချနိုင်ရေး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ လမ်းညွှန်ချက်များနှင့်အညီ ရောင်းချနိုင်ရေးမှာကြားခဲ့ကြောင်း သိရသည်။

**မောင်မောင်မျိုး**



# မန္တလေးမြို့ရှိ ဈေးများတွင် နှာခေါင်းစည်းမဖြစ်မနေ တပ်ဆင်ရန် အသိပေးနှိုးဆော်မှုများနှင့်အတူ အရေးယူမှုများ စတင်လုပ်ဆောင်



**မန္တလေး မေ ၁၂**

မန္တလေးမြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ ဈေးများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးနိုင်ရေးအတွက် ဈေးရောင်းချသူနှင့် ဝယ်ယူသူအားလုံး နှာခေါင်းစည်းများ မဖြစ်မနေတပ်ဆင်ကြရန် အသိပညာပေးစာတန်းပါ ဗီနိုင်းများကိုင်ဆောင်၍ အသံချဲ့စက်ဖြင့် လှည့်လည်နှိုးဆော်မှုများနှင့်အတူ လိုက်နာခြင်းမရှိသူများကိုလည်း အရေးယူခြင်းများ စတင်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**ဒဏ်ရိုက်အရေးယူ**

ထိုသို့ အရေးယူမှုများ လုပ်ဆောင်ရာတွင် ဈေးများအတွင်း နှာခေါင်းစည်း လုံးဝတပ်ဆင်ခြင်းမရှိသူများနှင့် စနစ်တကျ တပ်ဆင်ထားခြင်းမရှိသည့် ဈေးရောင်းချသူများကို ပထမအကြိမ်အဖြစ် သတိပေးဝန်ခံချက်ရေးထိုးကာ ထပ်မံတွေ့ရှိပါက ဈေးရောင်းချခွင့်ကို ပိတ်သိမ်းသွားမည့်အပြင် နှာခေါင်းစည်း တပ်ဆင်ထားခြင်းမရှိသည့် ဈေးရောင်းချသူနှင့် ဝယ်သူများကိုလည်း မေ ၁၅ ရက်အထိ ငွေကျပ် ၁၀၀၀ ဖြင့် နှာခေါင်းစည်း နှစ်ခု ဝယ်ယူတပ်ဆင်ခြင်းနှင့် မေ ၁၅ ရက်နောက်ပိုင်းတွင် ငွေကျပ် ၅၀၀၀ ဖြင့် နှာခေါင်းစည်း နှစ်ခု ဝယ်ယူတပ်ဆင်ခြင်းများဖြင့် ဒဏ်ရိုက်အရေးယူမှုများ စတင်လုပ်ဆောင်လျက်ရှိကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဝင် ဦးကျော်ဆန်းမြင့်က ပြောသည်။

"မန္တလေးမြို့က ဈေးတွေမှာ နှာခေါင်းစည်းမတပ်ဘဲ ဒါမှမဟုတ် စနစ်တကျမတပ်ဘဲ နားရွက်မှာချိတ်ထားပြီး ဝယ်ယူရောင်းချသူ လုံးဝမရှိစေဖို့ ကြပ်မတ်ဆောင်ရွက်နေပါတယ်။ ဒီလိုလုပ်ဆောင်တဲ့နေရာမှာ အရေးယူမှုတွေ အနေနဲ့ မေ ၉ ရက်ကနေ ၁၁ ရက်အထိ ဈေး ၁၀ ဈေးမှာ နှာခေါင်းစည်းမတပ်လို့ ဈေးရောင်းချသူနဲ့ လာရောက်ဝယ်သူပေါင်း ၁၂၀ ကို ဝန်ခံကတိရေးထိုးပြီး ငွေ ၁၀၀၀ ကျပ်နဲ့ နှာခေါင်းစည်း နှစ်ခု ဝယ်ပြီးတပ်ဆင်ခိုင်းခဲ့သလို နှာခေါင်းစည်းမတပ်ဘဲ ကုန်စိမ်းရောင်းတဲ့ ဈေးသည်တစ်ဦးကို မေ ၁၂ ရက်ကနေ ၁၄ ရက်အထိ ဈေးရောင်းချခွင့် ပိတ်ခဲ့ပါတယ်။ ဒီလို အရေးယူရတာကလည်း မိမိရဲ့ ချို့ယွင်းချက်ကို သတိထားပြုပြင်နိုင်အောင် ဒဏ်ရိုက်တဲ့သဘောပါပဲ" ဟု ၎င်းက ပြောသည်။

မန္တလေးတိုင်းဒေသကြီးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေးအတွက် ပြင်ပသို့ သွားလာသူများ အနေဖြင့် မေ ၉ ရက်မှစ၍ နှာခေါင်းစည်းများ မဖြစ်မနေ စနစ်တကျ တပ်ဆင်သွားလာကြရန် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ကြေညာချက်ထုတ်ပြန်ထားပြီး လိုက်နာခြင်းမရှိပါက မေ ၁၅ ရက်အထိအား အသိပညာပေးကာလအဖြစ် သတ်မှတ်ကာ ငွေကျပ် ၁၀၀၀ ဖြင့် နှာခေါင်းစည်းနှစ်ခု ဝယ်ယူတပ်ဆင်ရမည်ဖြစ်ပြီး အဆိုပါကာလ နောက်ပိုင်း၌ ငွေကျပ် ၅၀၀၀ ဖြင့် နှာခေါင်းစည်းနှစ်ခု ဝယ်ယူတပ်ဆင်ခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းထုတ်ပြန်ချက်တွင် အသိပေးကြေညာထားကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## တပ်မတော်သားများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်း

**နေပြည်တော်   မေ   ၁၂**

သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာန၊ အဖွဲ့အစည်းများ ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် မေ ၃ ရက်က ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်များမှ မြို့နယ် ၇၂ မြို့နယ်ရှိ နေရာ ၁၄၉ နေရာများတွင် မီးသတ်ယာဉ်များ၊ မီးသတ်ပစ္စည်းကိရိယာများဖြင့် ဆောင်ရွက်ခဲ့ရာ ပိုးသတ်ဆေးရည် ၁၇၃ ဂါလန်၊ ပိုးသတ်ဆေးမှုန့် ၂၄ ကီလိုဂရမ်၊ ရေ ဂါလန် ၁၁၈၂၀ သုံးစွဲခဲ့ပြီး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

အလားတူ မေ ၅ ရက်က ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို တိုင်းဒေသကြီး/ပြည်နယ်များမှ မြို့နယ် ၆၂ မြို့နယ်ရှိ နေရာ ၁၂၁ နေရာတွင် မီးသတ်ယာဉ်များ၊ မီးသတ်ပစ္စည်းကိရိယာများဖြင့် ဆောင်ရွက်ခဲ့ရာ ပိုးသတ်ဆေးရည် ၁၃၄ ဂါလန်၊ ပိုးသတ်ဆေးမှုန့် ၃၃ ကီလိုဂရမ်၊ ရေ ဂါလန် ၁၀၀၂၀ သုံးစွဲခဲ့ပြီး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်း မေ ၅ ရက်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



မကွေးတိုင်းဒေသကြီး မင်္ဂလာရန်အောင်ကျောင်းတိုက်တွင် မေ ၃ ရက်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



မိုးကုတ်မြို့ ချမ်းသာကြီးဘုရားတွင် မေ ၃ ရက်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ မဟာဓမ္မိကာရာမ ရွှေကျင်ကျောင်းတိုက်တွင် မေ ၅ ရက်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



ပုသိမ်မြို့ ဘိုးဘွားရိပ်သာတွင် မေ ၅ ရက်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်ရှိ ရွှေမြင့်မိုရ်နှင့် ပသာဒဘုန်းတော်ကြီးကျောင်းတို့တွင် မေ ၃ ရက်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။




ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်တွင် မေ ၅ ရက်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။




မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် မီးရထားဘူတာရုံတွင် မေ ၃ ရက်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။

## မုံရွာမြို့ ခုတင်(၅၀၀)ဆံ့ အထွေထွေရောဂါကု ဆေးရုံကြီးသို့ ဆေးရုံသုံးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ ကျင်းပ



**မုံရွာ မေ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်သည် တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သန်းထွန်းအောင်၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာ ဇော်ဝင်းတို့နှင့်အတူ ယနေ့ နံနက် ၁၀ နာရီက စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ခုတင်(၅၀၀)ဆံ့ အထွေထွေရောဂါကု ဆေးရုံကြီးသို့ စွမ်းအားဖွံ့ဖြိုးကုမ္ပဏီမှ Oxygen Generator နှင့် MMA(Monywa)မှ Video Laryngoscope ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**စိတ်ချမ်းမြေ့စွာ ကုသမှုခံယူနိုင်**

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က အမှာစကားပြောကြားပြီး မုံရွာမြို့ ခုတင်(၅၀၀) ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး၏ တိုးတက်ဖွံ့ဖြိုးရေးနှင့် လူနာများစိတ်ချမ်းမြေ့စွာ ကုသမှုခံယူနိုင်ရေးအတွက် စွမ်းအားဖွံ့ဖြိုးကုမ္ပဏီ၊ ဒေသန္တရရေနံချက်လုပ်ငန်းရှင်များ အသင်းမိသားစုတို့မှ ငွေကျပ် ၆၇၅ သိန်းတန်ဖိုးရှိ Oxygen Generator နှင့် မြန်မာနိုင်ငံ ဆရာဝန်အသင်းခွဲ(မုံရွာ) MMA(Monywa)မှ ငွေကျပ် ၂၃ သိန်းတန်ဖိုးရှိ Video Laryngoscope တို့နှင့် ပတ်သက်၍ ပိုင်ဆိုင်မှုစာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်လှူဒါန်းရာ မုံရွာမြို့ အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဦးသိန်းဝင်းက လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ခဲ့ပြီး ကျေးဇူးတင်စကားများ ပြောကြားခဲ့ကြောင်း သိရသည်။

**ထွန်းကိုကို**
**(ယင်းမာပင်)**

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် မေ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း(၈၀) ဖြစ်သည်။

**မိုး/ဇလ**

## ပျဉ်းမနားမြို့ပေါ်ရှိ သောက်သုံးရေ အခက်အခဲရှိသည့် ရပ်ကွက်များအား သောက်သုံးရေဖြန့်ဝေပေးလျက်ရှိ

**ပျဉ်းမနား မေ ၁၂**

နေပြည်တော် ပျဉ်းမနားမြို့ပေါ်ရှိ ရပ်ကွက်အချို့တွင်များ နွေရာသီ အပူရှိန်လွန်ကဲမှုကြောင့် ရေတွင်း၊ ရေကန်များ ခန်းခြောက်ကာ သောက်သုံးရေအခက်အခဲများကြုံတွေ့နေရသောကြောင့် ပျဉ်းမနားမြို့နယ် စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်အောင်တင်က ကြီးကြပ်၍ လက်ထောက်အင်ဂျင်နီယာ ဦးအောင်မြိုင် ဦးဆောင်ကာ ယနေ့ နံနက်ပိုင်းတွင် ရန်အောင်(၂)ရပ်ကွက်၊ နယ်မြေ(၄) နှင့် တောင်သာအုပ်စု၊ နယ်မြေ(၁) တို့တွင် သောက်သုံးရေများ ဖြန့်ဝေပေးကြောင်း သိရသည်။

**သောက်သုံးရေပြတ်လပ်**

"ပျဉ်းမနားမြို့ပေါ်မှာရှိတဲ့ အချို့ရပ်ကွက်တွေက ကျောက်ကုန်း၊ ကျောက်တောင်ပေါ်မှာ ရပ်ကွက်တည်ထားကြတာပါ၊ နွေရာသီရောက်တိုင်း သောက်သုံးရေပြတ်လပ်မှု အခက်အခဲများနဲ့ ကြုံတွေ့ရပါတယ်။ ကျွန်တော်တို့ဌာနအနေနဲ့ကလည်း ဧပြီလကစတင်ပြီး မိုးမှန်တဲ့အချိန်အထိ နှစ်စဉ်နှစ်တိုင်း သောက်သုံးရေဖြန့်ဝေပေးနေကြပါ၊ အရင်နှစ်တွေကတော့ ရေပေးဝေရတာမြန်တာပေ့ါ။ ဒီနှစ် ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် ရေပေးဝေရာမှာ တစ်ယောက်နှင့် တစ်ယောက် ခြောက်ပေ အကွာကသာ ရေပေးဝေရတာကြောင့် တစ်နေရာနှင့် တစ်နေရာ သောက်သုံးရေဖြန့်ဝေပေး ရတာလေးတော့ အနည်းငယ်နောက်ကျတာပဲရှိပါတယ်"ဟု ပျဉ်းမနားမြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးမှ လက်ထောက်အင်ဂျင်နီယာ ဦးအောင်မြိုင်က ပြောကြားသည်။

**သောက်သုံးရေများ ဖြန့်ဝေ**

ထို့သို့ သောက်သုံးရေများ ဖြန့်ဝေပေးရာတွင် ပျဉ်းမနားမြို့ပေါ်ရှိ ရပ်ကွက်များအတွင်း ရေဂါလန် ၄၀၀၀၀ ခန့်ကို နေ့စဉ်နေ့တိုင်း မိုးမှန်သည့်အချိန်အထိ ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**စိုးမိုး**
**(ပြန်/ဆက်)**

## မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက သတင်းသမားများအတွက် စားသောက်ကုန်ပစ္စည်းများ ပံ့ပိုးကူညီ

**ရန်ကုန် မေ ၁၂**

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက ကိုဗစ်ကာလအတွင်း အလုပ်ရပ်နားခံထားရသည့် သတင်းသမားများအတွက် ဆန်၊ ဆီ စသည့် စားသောက်ကုန်ပစ္စည်းများ ပံ့ပိုးကူညီပေးသည့်အစီအစဉ်ကို ယနေ့တွင် စတင်သည်။

ပထမအသုတ်စာရင်း လက်ခံရရှိထားသည့် နယ်သတင်းသမား ခြောက်ဦး၊ ရန်ကုန်သတင်းသမား ၂၅ ဦး စုစုပေါင်း ၃၁ ဦးတို့ကို တစ်ဦးလျှင် ဆန် ၂၄ ပြည် (၁ အိတ်)၊ ပဲ (၄) ပိဿာခွဲ၊ ဆီ ၁ ပိဿာ၊ နှာခေါင်းစည်း ၁၀ ခု၊ ငါးသေတ္တာ နှစ်ဘူးတို့ကို ယနေ့တွင် သတင်းသမားများ လက်ဝယ်အရောက် ပံ့ပိုးကူညီပေးခဲ့သည်။

ထပ်မံရရှိသည့်စာရင်းများအပေါ်မူတည်၍ သတင်းသမားများထံ အမြန်ဆုံး ဆက်လက်ပေးပို့သွားမည်ဖြစ်သည်။

သာစုကနန်စက်မှုဇုန်မှ အလှူရှင်တစ်ဦးက စားသောက်ကုန်ပစ္စည်းများဖြစ်သော ဆန်အိတ် ၃၀၀ ၊ ပဲ ပိဿာ ၂၄၀၀ နှင့် ကြက်သွန်နီ ပိဿာ ၆၅၀ ကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ကိုဗစ်ကာကွယ်တားဆီးရေးကော်မတီမှတစ်ဆင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီသို့ လှူဒါန်းခဲ့ခြင်းဖြစ်သည်။

ကြက်သွန်နီများမှာ အထားမခံသည့်အတွက် We Love Yangon အဖွဲ့သို့ ပေးအပ်လှူဒါန်းခဲ့ရာ We Love Yangon က ငါးသေတ္တာဘူး ၁၅၀ ကို မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီသို့ ပြန်လည်လှူဒါန်းသည်။



ယခုအစီအစဉ်များကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပြန်ကြားရေးကော်မတီအတွင်းရေးမှူး မုံရွာဦးအောင်ရှင်က ဆက်သွယ်ကူညီပေးပြီး ဒေါ်သန်းမြင့်အောင် ဦးစီးသည့် We Love Yangon အဖွဲ့က သယ်ယူထုပ်ပိုးပေးမှုတို့ကို ကူညီပေးခဲ့သည်။

ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက် ၉ နာရီတွင် We Love Yangon အဖွဲ့ အခြေစိုက်ရာ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ Myanmar Convention Centre (MCC) ခန်းမတွင် ပြုလုပ်ခဲ့ပြီး မုံရွာ ဦးအောင်ရှင်၊ ဒေါ်သန်းမြင့်အောင် ( We Love Yangon အဖွဲ့ခေါင်းဆောင်) တို့က လှူဒါန်းသည့်ပစ္စည်းများ ပေးအပ်ရာ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌ ဦးအုန်းကြိုင် (ဟံသာဝတီ-ဦးအုန်းကြိုင်)နှင့် ကောင်စီဝင်များက လက်ခံရယူခဲ့သည်။**(အပေါ်ပုံ)**

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီသည် ကိုဗစ်ကာလအတွင်း အကျပ်အတည်းနှင့် ရင်ဆိုင်နေရသည့် သတင်းမီဒီယာသမားများအား လိုအပ်သည်များကို တစ်ဖက်တစ်လမ်းမှ ပံ့ပိုးပေးနိုင်ရန်အတွက် ကိုဗစ်ရန်ပုံငွေအဖြစ် ငွေကျပ်သိန်း ၁၀၀ ဖြင့် မတည်ထားကြောင်း။

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီက သတင်းသမားများအား ကူညီမှုပေးရာတွင် အုပ်စုသုံးစုခွဲထားကြောင်း၊ အုပ်စု (၁) Quarantine ခံရခြင်းနှင့် ကိုဗစ်ကူးစက်ခံရသည့် သတင်းသမားများ၊ အုပ်စု(၂) အလုပ်ရပ်နားခံထားရသည့် သတင်းသမားများ၊ အုပ်စု (၃) အမှန်တကယ် လိုအပ်မှုရှိနေသည့် တိုက်ပိုင်သတင်းသမားများဖြစ်ကြောင်း၊ လက်ရှိတွင် Quarantine ခံရခြင်းနှင့် ကိုဗစ်ကူးစက်ခံရသည့် သတင်းသမားများ စာရင်းလက်ခံရရှိမှု မရှိသေးဘဲ အလုပ်ရပ်နားခံထားရသည့် သတင်းသမားများ စာရင်းသာရရှိထားကြောင်း၊ ထပ်မံရရှိသော စာရင်းအပေါ်မူတည်ပြီး သတင်းသမားများ လက်ဝယ်သို့ အမြန်ဆုံး ဆက်လက်ပေးပို့သွားမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအနေဖြင့် Quarantine ခံရခြင်းနှင့် ကိုဗစ်ကူးစက်ခံရသည့် သတင်းသမားအတွက် ငွေကျပ် နှစ်သိန်း၊ အလုပ်ရပ်နားခံထားရသည့် သတင်းသမားများအတွက် အလှူရှင်များမှ လှူဒါန်းမှုများအပြင် ကောင်စီမှ နှာခေါင်းစည်းနှင့် ဆီတို့ကို ကူညီပံ့ပိုးပေးခဲ့ကြောင်း၊ အလုပ်ရပ်နားခံထားရသည့် သတင်းသမားများအနေဖြင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှ ပံ့ပိုးကူညီပေးသည့် ဆန်၊ ဆီ စသည့် စားသောက်ကုန်ပစ္စည်းများကို လက်ခံရယူနိုင်ရန်အတွက် သတင်းမီဒီယာကောင်စီ ဖုန်း-၀၉-၄၄၈၀၂၆၃၂၆၊ အီးမေးလ်လိပ်စာ (mmpresscouncil @gmail.com) သို့ အမြန်ဆုံး စာရင်းပေးသွင်းကြပါရန် မေတ္တာရပ်ခံထားကြောင်း သိရသည်။

**ဒီမင်း**



## မြေပဲသီးနှံ ရင့်မှည့်ပြည့်ဖြိုးချိန် မိုးရေရရှိ၍ ဝန်းသိုမြို့နယ်ရှိ မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**ဝန်းသို မေ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ်၌ ယခုနှစ် ဧပြီလတွင် သီးနှံများရင့်မှည့်ပြည့်ဖြိုးချိန် မိုးရွာပြီးအစိုဓာတ်ရရှိခဲ့၍ မြေပဲစိုက်တောင်သူများအနေဖြင့် ယခင်နှစ်ထက် မြေပဲသီးနှံအောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း မြေပဲစိုက်တောင်သူတစ်ဦးထံမှ သိရသည်။

"ကျွန်တော်တို့လယ်မှာ နှစ်စဉ်နှစ်တိုင်း ဆောင်းရာသီ မြေပဲသီးနှံကို စိုက်ပျိုးပါတယ်၊ ယခုနှစ် ဧပြီလ မှာမိုးခုနစ်ရက်ရွာလိုက်တဲ့အတွက် စိုက်ခင်းတွေ အစိုဓာတ်ရရှိစေပြီး မြေပဲခင်းတွေဟာ ယခင်နှစ်ထက် အထွက်နှုန်းပိုမိုကောင်းပါတယ်" ဟု တောင်သူဦးလှကျော်က ပြောသည်။

ဝန်းသိုမြို့နယ်တွင် ဆီထွက်သီးနှံ စုစုပေါင်း ၁၄၇၄၉ ဧကစိုက်ပျိုးထားရှိပြီး မြေပဲသီးနှံ ၂၃၇၆ ဧက စိုက်ပျိုးထားရှိကြောင်း၊ ယခင်နှစ်တွင်တစ်ဧကလျှင် မြေပဲတင်း၇၀ ထွက်ရှိခဲ့ပြီး ယခုနှစ်တွင် တင်း ၉၀ခန့် ထွက်ရှိနိုင်မည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးတင့်ဆွေထံမှ သိရသည်။

**ကျော်မြိုင်**

## ပန်းဘဲတန်းမြို့နယ်တွင် ကိုဗစ်-၁၉ မပြန့်ပွားဖို့ မိမိကစ၍ကာကွယ်စို့ သတင်းစကားလက်ကမ်းစာစောင် ဖြန့်ဝေ

**ရန်ကုန် မေ ၁၂**

ပန်းဘဲတန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများသည် ကိုဗစ်-၁၉ မပြန့်ပွားဖို့ မိမိကစ၍ ကာကွယ်စို့ သတင်းစကား လက်ကမ်းစာစောင်အား ယနေ့ မွန်းလွဲပိုင်းတွင် ဗိုလ်ဆွန်ပက်လမ်း သိမ်တော်ကြီး ဓမ္မာရုံရှေ့နှင့် သိမ်ကြီးဈေးတွင် ပြည်သူများအား အသိပညာပေးဖြန့်ဝေခဲ့ကြောင်း သိရသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယအကြိမ်ထုတ်ဝေသည့် ကိုဗစ်-၁၉ မပြန့်ပွားဖို့ မိမိကစ၍ကာကွယ်စို့ သတင်းစကား လက်ကမ်းစာစောင်တွင် ကိုဗစ်-၁၉ ကို မိမိကစ၍ကာကွယ်ပါ၊ အဓိကသတင်းစကား (၁၀) ချက်၊ အနုပညာရှင်များ၏ အသိပေးစကားသံများနှင့် ကိုဗစ်-၁၉ရောဂါနှင့် ပတ်သက်၍ သိရှိသင့်သည့်အချက်များပါရှိပြီး အဆိုပါ သတင်းစကားလက်ကမ်းစာစောင်များအား ပြည်သူများထံသို့ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**နေခြည်(ပြန်/ဆက်)**



# ဂျပန်နိုင်ငံမှလှူဒါန်းသော RBE ရထားတွဲ ၂၁ တွဲ ရန်ကုန်သီလဝါဆိပ်ကမ်းသို့ ရောက်ရှိ

**ရန်ကုန် မေ ၁၂**

ရန်ကုန်မြို့ပတ်ရထားလမ်းတွင် အသုံးပြုနိုင်ရန်အတွက် ဂျပန်နိုင်ငံမှ ပေးပို့လှူဒါန်းသော တစ်ပတ်ရစ် RBE ရထားတွဲ ၂၁တွဲ ရန်ကုန်သီလဝါဆိပ်ကမ်းသို့ရောက်ရှိလာရာ မြန်မာ့မီးရထားမှတာဝန်ရှိသူများက ယနေ့တွင် သင်္ဘောပေါ်မှ တွဲဆိုင်းများကို တင်ချမှုများပြုလုပ်လျက်ရှိကြောင်း သိရသည်။

"အခုရောက်ရှိလာတဲ့ ရထားတွဲတွေကတော့ RBE တွဲတွေဖြစ်ပါတယ်၊ ဂျပန်နိုင်ငံက ရန်ကုန်မြို့ပတ်ရထားလမ်းမှာအသုံးပြုနိုင်ဖို့ တစ်ပတ်ရစ်(USED)တွဲတွေပေးပို့ခဲ့ပါတယ်၊ ပထမအသုတ်အနေနဲ့ရောက်ရှိလာခြင်းဖြစ်ပါတယ်။ ဆက်လက်ပေးပို့ဖို့ရှိတယ်လို့သိရပါတယ်၊ အရေအတွက်တော့မသိသေးပါဘူး။ ကျွန်တော်တို့က ဂျပန်နိုင်ငံကဝယ်ယူထားရာမှာ လောလောဆယ်အသုံးပြုနိုင်အောင်လို့ ယခု RBEတွဲတွေ လှူဒါန်းခဲ့တာဖြစ်ပါတယ်"ဟု မြန်မာ့မီးရထား(အောက်မြန်မာပြည်)အထွေထွေမန်နေဂျာ ဦးအောင်သူလတ်က ပြောကြားသည်။

အဆိုပါ RBE မီးရထားတွဲဆိုင်းများကို အင်းစိန်စက်ခေါင်းစက်ရုံနှင့် နေပြည်တော်သို့ ဆက်လက်ပေးပို့ကာ လိုအပ်သောဘီးပိုင်းနှင့် တွဲဆိုင်းအပိုင်းတို့ကို ပြုပြင်မှုများဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ လောလောဆယ် ၁၄ တွဲကို လိုအပ်သောပြုပြင်မှုများပြုလုပ်ကာ အသုံးပြုနိုင်အောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးအောင်သူလတ်က ထပ်လောင်းပြောကြားသည်။

**မေ ၈ ရက်ကရောက်ရှိ**

အဆိုပါ RBE ရထားတွဲတင်သင်္ဘောသည် မေ ၈ ရက်က ရန်ကုန်သီလဝါဆိပ်ကမ်းသို့ ရောက်ရှိခဲ့ကြောင်း၊ သို့သော် သင်္ဘောပေါ်မှ တင်ချမှုများကို ယမန်နေ့နှင့် ယနေ့တို့တွင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

RBE ရထားတွဲများသည် တစ်တွဲလျှင် အင်ဂျင်နှစ်လုံးပါရှိပြီး တစ်တွဲချင်းသီးသန့်မောင်းနှင်အသုံးပြုနိုင်သော ရထားတွဲအမျိုးအစားဖြစ်ကြောင်း၊ RBE ရထားတွဲများကို ရန်ကုန်မြို့ပတ်ရထားလမ်းနှင့်အံဝင်ခွင်ကျဖြစ်အောင် အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရန်ကုန်မြို့ပတ်ရထားလမ်းကြောင်းတွင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာလအတွင်း တွဲဆိုင်း၂၆ ခုဖြင့် ပြေးဆွဲလျက်ရှိကြောင်း၊ ခရီးသည်များပြားလာသည်နှင့်အမျှ ရထားစီးရေ တိုးမြှင့်ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

**အရှိန်အဟုန်မြှင့်ဆောင်ရွက်**

မြန်မာ့မီးရထားအနေဖြင့် ရန်ကုန်မြို့ခရီးသွားလာမှုအဆင်ပြေချောမွေ့စေရေးအတွက် မြို့ပတ်ရထားလမ်းပိုင်းများကို အဆင့်မြှင့်တင်ခြင်း၊ လမ်းပိုင်းဘူတာများကို အဆင့်မြှင့်တင်ခြင်း၊ တွဲခေါင်း တွဲဆိုင်းများကို ပြုပြင်အဆင့်မြှင့်တင်ခြင်း၊ သံလမ်းကူးနေရာများ၊ တံတားများပြုပြင်ခြင်း စသည့်လုပ်ငန်းများကိုလည်း အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြင့်မောင်စိုး**

# ခင်ဦးမြို့နယ်တွင် ကျွဲ၊ နွားများ ရောဂါမဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိ

**ခင်ဦး မေ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက အပူချိန်မြင့်တက်နေသဖြင့် ကျွဲ၊ နွားများ ရောဂါဖြစ်ပွားမှုမဖြစ်ပေါ်စေရန် မေလမှစတင်ကာ ရောဂါကာကွယ်ဆေးများကို ကျေးရွာများသို့ သွားရောက်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ကျွဲ၊ နွားများ ကာကွယ်ဆေးများထိုးနှံပေးရာတွင် မေ ၁၁ ရက်ထိ ကျေးရွာပေါင်း ၁၁ ရွာ၊ ပိုင်ရှင် ၄၃၉ ဦး၏ ကျွဲ၊ နွား ၁၈၅၁ ကောင်ကို မြို့နယ်ဒုတိယဦးစီးမှူးများ၊ တိရစ္ဆာန်ကျန်းမာရေးလုပ်သား(CAHW)များ ပူးပေါင်းပြီး ပေါင်ပုပ်လက်ပုပ်ရောဂါကာကွယ်ဆေးနှင့် ဒေါင့်သန်းရောဂါကာကွယ်ဆေးများကို ထိုးနှံပေးလျက်ရှိကြောင်း၊ ရာသီဥတုပူပြင်းသဖြင့် တိရစ္ဆာန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်များကိုလည်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနကထုတ်ပြန်ထားကြောင်း၊ မိမိပိုင်ကျွဲ၊နွားများကို မျိုးကောင်းမျိုးသန့်သားစပ်လိုပါကလည်း မေထုန်မဲ့သားစပ်ခြင်းလုပ်ငန်းကို အိမ်အရောက် ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးမှူး ဒေါက်တာကျော်သက်လွင်ဦးထံမှ သိရသည်။

**စိုးဝေအောင်(ခင်ဦး)**

# ရေအခက်အခဲဖြစ်နေသော ကျေးရွာများသို့ သောက်သုံးရေ သွားရောက်လှူဒါန်း

**မင်းဘူး မေ ၁၂**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်အတွင်းရှိ ကျေးရွာများတွင် ရာသီဥတု ပူပြင်းခြောက်သွေ့မှုကြောင့် သောက်သုံးရေအခက်အခဲဖြစ်ပေါ်နေသော မင်းလှကျင်းကျေးရွာနှင့် ကျောက်ပယ်ကျေးရွာများသို့ ယမန်နေ့ ညနေပိုင်းက သောက်သုံးရေ သွားရောက် လှူဒါန်းခဲ့ကြောင်း သိရသည်။

"ကျွန် တော် တို့ကျေးရွာအနေနဲ့ အခုလိုသောက်သုံးရေ လိုအပ်နေတဲ့ အချိန်မှာ လာရောက်ပြီး ရေလှူဒါန်းပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ကျွန်တော်တို့ရွာမှာ အိမ်ထောင် စု ၂၀၀ ရှိပြီး လူဦးရေ ၇၀၀ ကျော်ရှိပါတယ်၊ မင်းလှကျင်းအုပ်စု ကျောက်ပယ်ကျေးရွာကတော့ အိမ်ထောင်စု ၈၃ စု ရှိပြီး လူဦးရေ ၃၀၀ ကျော်ရှိပါတယ်" ဟု မင်းလှကျင်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးမောင်ဝင်းက ပြောသည်။

အဆိုပါသောက်သုံးရေ အခက်အခဲဖြစ်ပေါ်နေသော ကျေးရွာများသို့ ဦးခိုင်မြဲ အမှတ်(၁) ပဲခွဲစက်မိသားစုက သောက်ရေ လီတာ ၂၀ ဘူးကြီး ၄၂၀ ကို လည်းကောင်း၊ လေကြောင်းရန်ကာကွယ်ရေးတပ် (ဇီးအိုင်)က သောက်ရေ လီတာ ၂၀ ဘူးကြီး ၁၀၀ ကို လည်းကောင်း၊ မီးသတ်ရေသယ်ယာဉ်ဖြင့် သုံးရေ ဂါလန် ၁၈၅၀ ကို ဦးသန်းမြင့်အောင်မိသားစု လေးပင်ကျေးရွာက လည်းကောင်း အသီးသီး လှူဒါန်းခဲ့ကြောင်း သိရသည်။

ထိုသို့ရေလှူဒါန်းရာတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စွမ်းရည်၊ မင်းဘူး(စကု)မြို့နယ် အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ကံ၊ လေကြောင်းရန် ကာကွယ်ရေးတပ် (ဇီးအိုင်)မှ တပ်ဖွဲ့ဝင်များ၊ ခရိုင်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေး ဦးစီးမှူး ဦးအောင်ဖုန်းလင်း၊ ပြန်/ဆက်ဦးစီး ဌာနဝန်ထမ်းများနှင့် ရေအလှူရှင် မိသားစုတို့က သောက်သုံးရေများကို သွားရောက်လှူဒါန်းခဲ့ကြပြီး နှာခေါင်းစည်းများကိုလည်း ဖြန့်ဝေလှူဒါန်း ပေးခဲ့ကြောင်း သိရသည်။

**ကျော်စိုးဝင်း(မင်းဘူး)**
**မောင်မောင်(မင်းဘူး)**



# ကိုဗစ်-၁၉ ကာလအတွင်း ငရုတ်သီးဈေးနှုန်းကျဆင်းနေမှုကြောင့် ငရုတ်စိုက်တောင်သူများ စိုက်ပျိုးစရိတ်ကျေရုံမျှသာ ဝင်ငွေရရှိ

**ဟသ်ာတ မေ ၁၂**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်တွင် ကိုဗစ်-၁၉ ကာလအတွင်း ငရုတ်သီးဈေးနှုန်းကျဆင်းမှုကြောင့် ငရုတ်စိုက်တောင်သူများ စိုက်ပျိုးစရိတ်ကျေရုံမျှသာ ဝင်ငွေရရှိကြောင်း သိရသည်။

ယခုနှစ် သီးနှံပေါ်ရာသီအစတွင် ငရုတ်သီးအခြောက်တောင့် ပိဿာချိန် ၁၀၀ လျှင် ငွေကျပ် ငါးသိန်းနှင့် ခြောက်သိန်းခန့် ရောင်းချရပြီး ငရုတ်သီးလှိုင်လှိုင်ပေါ်ချိန်တွင် ငွေကျပ် နှစ်သိန်းဝန်းကျင်သာ ရောင်းချနေရခြင်းကြောင့် အမြတ်ငွေရရှိမှု မရှိသည့်အပြင် အရှုံးမပေါ်ရေး အလုပ်သမားစရိတ်၊ ဓာတ်မြေဩဇာစရိတ်များ ချွေတာပြီး ငရုတ်သီးအမှည့်များကို ဆွတ်ခူးနေရကြောင်း ငရုတ်စိုက်တောင်သူ ဦးဇော်မင်းသိန်းက ပြောကြားသည်။

ဟသ်ာတမြို့နယ်တွင် ငရုတ်စိုက်တောင်သူဦးရေသည် ယခင်နှစ်များထက်များပြားပြီး ဈေးနှုန်းအဆမတန် ကျဆင်းမှုကြောင့် တောင်သူများ ငွေကြေးလည်ပတ်မှု အခက်အခဲကြုံနေပြီး ငရုတ်သီးဈေးကွက် ပြန်လည်ကောင်းမွန်ပြီး သင့်တော်သောဈေးနှုန်းနှင့် ရောင်းချနိုင်ရေးကို မျှော်လင့်နေကြောင်း သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**

# ဧရာဝတီတိုင်းဒေသကြီးအတွင်း မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးနှင့် သီးနှံအရည်အသွေးမြင့်မားရေး စပါးခွံမြေဆွေးများ ပြုလုပ်သုံးစွဲလျက်ရှိ

**ပုသိမ် မေ ၁၂**

ဧရာဝတီတိုင်းဒေသကြီးတွင် ဆန်စက်ပိုင်ရှင်များ၏ ပူးပေါင်း ဆောင်ရွက်မှုဖြင့် စပါးခွံမြေဆွေးပုံများ ပြုလုပ်ကာ တောင်သူလယ်သမားများသို့ ပြန်လည်အသုံးပြုစေခြင်းဖြင့် နှစ်ဦးနှစ်ဖက် အကျိုးရှိစေမည့် အစီအစဉ်ကို တိုင်းဒေသကြီးအစိုးရနှင့် မြန်မာ့ စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးတင်အောင်ဝင်းက မိမိတို့အနေဖြင့် မြို့နယ်များရောက်ရှိသည့်အခါတိုင်း တောင်သူလယ်သမားများအား တွေ့ဆုံ၍ လယ်ယာကဏ္ဍဖွံ့ဖြိုးရေးအတွက် ဆွေးနွေးလျက်ရှိကြောင်း၊ တိုင်းဒေသကြီးအတွင်း မြို့နယ်များတွင် ကိုယ်တိုင်ပြုလုပ်၍ အသုံးပြုလျက်ရှိကြောင်း၊ ဘိုကလေး၊ မော်လမြိုင်ကျွန်းနှင့် ကန်ကြီးထောင့်မြို့နယ်တို့သည် အများဆုံး ပြုလုပ်သုံးစွဲလျက်ရှိကြောင်း ပြောသည်။



တိုင်းဒေသကြီး စိုက်ပျိုးရေးမန်နေဂျာ ဦးမျိုးဇော်က စပါးခွံမြေဆွေးကို မြေဆီလွှာပြုပြင်ရေးအတွက် ၂၀၁၉ ခုနှစ် မိုးစပါးရာသီတွင် စမ်းသပ်ကွက်၊ စံပြကွက် စုစုပေါင်း ၃၇၀၀ ဧက ကျော် ဆောင်ရွက်ခဲ့ပြီး တောင်သူများကို ပညာပေးခဲ့ပြီးဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် မိုးစပါးအထွက် တစ်ဧကလျှင် အိတ် ၅၀ နှုန်းဖြင့် မြေခံအဖြစ် ထည့်သွင်းခြင်း၊ ပင်ပွားစုံချိန်နှင့် မို့ကပ်ချိန်များတွင် ယူရီးယားဓာတ်မြေဩဇာ ထည့်သွင်းရာ၌ (၃:၁) နှုန်းဖြင့် ရောစပ်ပြီး တစ်ညအိပ် ထားရှိကာ ကြဲပက်ခြင်းဖြင့် ယူရီးယားမြေဩဇာကုန်ကျစရိတ်သက်သာကာ မြေဆီလွှာများ ပိုမိုဖွံ့ဖြိုးတိုးတက်လာခြင်း၊ ထည့်သွင်းလိုက်သည့် ဓာတ်မြေဩဇာများတွင် ပါဝင်သော အာဟာရဆုံးရှုံးမှုမရှိခြင်း သီးနှံစိုက်ပျိုးထုတ်လုပ်မှုနှင့် သီးနှံအရည်အသွေး မြင့်မားလာမည်ဖြစ်ကြောင်း ပြောပြသည်။

**ကိုတွတ်**
**(ပြန်/ဆက်)**

# သစ်တောသစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး



## ကြေးမုံသတင်းစာတိုက်(ရန်ကုန်) ပုံနှိပ်စက်ရုံလုပ်ငန်းခွင်အတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုအခြေအနေများစစ်ဆေး

**ရန်ကုန် မေ ၁၂**

ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများပါဝင်သည့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ၄၃ လမ်းရှိ ကြေးမုံသတင်းစာတိုက်(ရန်ကုန်) ပုံနှိပ်စက်ရုံလုပ်ငန်းခွင်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့်ပတ်သက်၍ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

ထိုသို့ စစ်ဆေးရာတွင် လုပ်ငန်းခွင်အတွင်း လက်ဆေးဘေစင်များထားရှိမှု၊ ဝန်ထမ်းများ နှာခေါင်းစည်းတပ်ဆင်မှု၊ မျက်နှာအကာအကွယ်များ တပ်ဆင်မှု၊ နှာခေါင်းစည်းများ လုံလောက်မှုရှိ၊ မရှိ၊ လက်အိတ်စွပ်ခြင်း၊ အဖျားတိုင်းကိရိယာဖြင့် အဖျားတိုင်းတာခြင်းများ ရှိ၊ မရှိ၊ ဝန်ထမ်းကြိုပို့ယာဉ်များပေါ်၌ လက်သန့်ဆေးရည်၊ နှာခေါင်းစည်းနှင့် မျက်နှာအကာအကွယ်များ ထားရှိပေးမှုအခြေအနေ၊ လုပ်ငန်းဆောင်ရွက်ရာတွင် တစ်ဦးနှင့်တစ်ဦး နီးကပ်မှုမရှိစေရန် ဆောင်ရွက်ထားရှိမှု၊ လုပ်ငန်းခွင်ကြမ်းပြင်များအား ပိုးမွှားများကပ်တွယ်မှုမရှိစေရန် ဆေးကြောသန့်စင်ခြင်းစသည့် ကျန်းမာရေးသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ယင်းသို့ ကြည့်ရှုစစ်ဆေးရာတွင် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်) ရန်ကုန်တာဝန်ခံ ဦးလှရွှေ(ဒုတိယညွှန်ကြားရေးမှူး)၊ ကြေးမုံသတင်းစာတိုက် မန်နေဂျာနှင့် လက်ထောက်မန်နေဂျာ(ပုံနှိပ်)တို့က လုပ်ငန်းခွင်အတွင်း ကျန်းမာရေးသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ထားရှိပြီးစီးမှု အခြေအနေများကို လိုက်လံရှင်းလင်းပြသခဲ့ကြကြောင်း သိရသည်။

**အေးမင်းသူ**

## ပုံမှန်ဝင်ငွေမရှိသည့်အိမ်ထောင်စုများအား အခြေခံစားသောက်ကုန် ငါးမျိုးထောက်ပံ့

**မြစ်ကြီးနား မေ ၁၂**

ကိုဗစ်-၁၉ရောဂါကြောင့် စားဝတ်နေရေးအခက်အခဲနှင့် ကြုံတွေ့နေရသော ပုံမှန်ဝင်ငွေမရှိသည့် အိမ်ထောင်စုများအတွက် ကုမ္ပဏီလုပ်ငန်းရှင်များက အခြေခံစားသောက်ကုန်ငါးမျိုးကို ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ရွှေအိုက်ရပ်ကွက်ရှိ ဦးကျော်အေးနေအိမ်၌ ယနေ့နံနက် ၇ နာရီတွင် ထောက်ပံ့ပေးအပ်ခဲ့သည်။

"ကမ္ဘာ့တစ်ဝန်းမှာ ဖြစ်ပေါ်နေတဲ့ ကိုဗစ်-၁၉ ရောဂါနှင့် တွေ့ကြုံနေရပြီး စားသောက်ရေး အလွန်ခက်ခဲနေတဲ့ အခုလိုအချိန်မှာ ကျွန်မတို့ အခြေခံလူတန်းစားတွေကို အခုလိုထောက်ပံ့ပေးတဲ့အတွက် ကုမ္ပဏီလုပ်ငန်းရှင်များကို အထူးကျေးဇူးတင်ပါတယ်၊ ဝမ်းသာပီတိဖြစ်ရပါတယ်"ဟု ရွှေအိုက်ရပ်ကွက် နယ်မြေ (၂) ရပ်၌နေထိုင်သော ဒေါ်မီမီကျော်က ပြောသည်။

သော်သဇင်ကုမ္ပဏီ၊ ထွန်းနေဝန်းသစ္စာနှင့် ဂျိန်းဖောလင်း ကုမ္ပဏီမိသားစုတို့မှ အိမ်ထောင်စု(၁)စုလျှင် အခြေခံစားသောက်ကုန်ငါးမျိုးဖြစ်သည့် ဆန် (၈)ပြည်၊ ဆီ (၁)ပိဿာ၊ ဆား (၁)ထုပ်၊ ဆပ်ပြာမှုန့် (၁)ထုပ်နှင့် ငါးသေတ္တာ (၁)ဘူး စသည်တို့ကို ရွှေအိုက်ရပ်ကွက် နယ်မြေ(၁)၊ (၂)နှင့် (၃)ရှိ အိမ်ထောင်စု ၃၀၀ တို့အား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဖွဲ့သူရအောင်(ပြန်/ဆက်)**



## ဇဟန်းမြို့နယ်၌ ကိုဗစ်-၁၉ရောဂါကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေ

**ရန်ကုန် မေ ၁၂**

ရန်ကုန်အနောက်ပိုင်းခရိုင် ဇဟန်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းအဖြစ် အသိပညာပေးသတင်းစကားလက်ကမ်းစာစောင် ဖြန့်ဝေပေးခြင်းကို ယနေ့ နံနက် ၁၀ နာရီက မြို့နယ်အတွင်းသို့ သွားရောက်ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့အသိပညာပေးခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် ရန်ကုန်အနောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက မြို့နယ်အတွင်းသို့ သွားရောက်၍ ရပ်ကွက်နေပြည်သူများအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ထုတ်ဝေသည့် သတင်းစကားလက်ကမ်းစာစောင်တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ လမ်းညွှန်ထားသည့် ကိုဗစ်-၁၉ ရောဂါကို မိမိမှစ၍ကာကွယ်ပါ၊ အဓိကသတင်းစကား(၁၀)ချက်ပါ၊ နှာစေး၊ ချောင်းဆိုးသည့်အခါ နှာခေါင်းနှင့်ပါးစပ်ကို လုံခြုံစွာဖုံးအုပ်ရေး၊ အပြင်ထွက်တိုင်း နှာခေါင်းစည်းတပ်ရေး၊ လူထူထပ်သည့်နေရာများသို့ သွားလာခြင်းမှတတ်နိုင်သမျှရှောင်ကြဉ်ရေး၊ လက်ကိုစင်ကြယ်အောင် မကြာခဏ စနစ်တကျ



ဆေးကြောရေးစသည့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုကာကွယ်ရေးနည်းလမ်းများပါရှိသည့် လက်ကမ်းစာစောင် အစောင်ရေ ၈၈၄ စောင်ကို မြို့နယ်အတွင်းရှိ ပြည်သူများအား အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **အောင်မြင့်(ပြန်/ဆက်)**

## ရေတာရှည်မြို့နယ်တွင် မိုးသက်လေပြင်းများတိုက်ခတ်ခဲ့ရာ လူနေအိမ်နှင့် အဆောက်အအုံအချို့ ပျက်စီး

**ရေတာရှည် မေ ၁၂**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ ယမန်နေ့ ညနေပိုင်းနှင့် ညပိုင်းအချိန်များတွင် မိုးသက်လေပြင်းများတိုက်ခတ်ခဲ့ရာ သိုင်းဝကျေးရွာအုပ်စု ဂုံမင်းကွင်းကျေးရွာအုပ်စုအတွင်းရှိ လူနေအိမ် ၇၃ လုံး၊ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း၊ စာသင်ကျောင်းတစ်ကျောင်းတို့ ထိခိုက်ပျက်စီးခဲ့ကြောင်း သိရသည်။

သိုင်းဝကျေးရွာအုပ်စု ကျွန်းတောစုကျေးရွာတွင် လူနေအိမ် လေးလုံး၊ ဥယျာဉ်မှူးကျေးရွာတွင် စာသင်ကျောင်းတစ်ကျောင်း၊ လူနေအိမ် ၃၄ လုံး၊ လှည်းလမ်းကူးကျေးရွာတွင် လူနေအိမ် ၁၇ လုံး၊ ဘောင်တုတ်ကျေးရွာတွင် လူနေအိမ် သုံးလုံး၊ အလယ်မြောင်ကျေးရွာတွင် လူနေအိမ် နှစ်လုံး၊ သမယ်ဆယ်ကျေးရွာတွင် လူနေအိမ် ငါးလုံး၊ ကုန်းကြီးကျေးရွာအုပ်စု ကုန်းကြီးကျေးရွာတွင် လူနေအိမ် ရှစ်လုံး၊ ဂုံမင်းကွင်းကျေးရွာအုပ်စု ဂုံမင်းကွင်းကျေးရွာဘုန်းတော်ကြီးကျောင်းတစ်ကျောင်း စုစုပေါင်း လူနေအိမ်ခြေ ၇၃ လုံး၊ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း၊ စာသင်ကျောင်းတစ်ကျောင်းတို့ ထိခိုက်ပျက်စီးခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး လုပ်ငန်းများဆောင်ရွက်

**ရေဖြူ မေ ၁၂**

ရေဖြူမြို့နယ် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီက ရေဖြူမြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှိုင်းမောင်မောင်နှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ရေဖြူမြို့နယ် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များက မေ ၈ ရက် နံနက်ပိုင်းတွင် ရေဖြူမြို့ရပ်ကွက်များတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများဖြစ်သော နှာခေါင်းစည်းများဝေငှခြင်း၊ ကူးစက်ရောဂါနှင့်ပတ်သက်သည့် အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဝဏ္ဏကျော်**

## ကံမမြို့နယ်တွင် မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် မြို့ပေါ်သုံးရပ်ကွက်နှင့် ကျေးရွာ ၅၁ ရွာတွင် သစ်ပင်များပြိုလဲခြင်းနှင့် နေအိမ်အမိုးလန်ခြင်းများဖြစ်ပွား

**ကံမ မေ ၁၂**

မကွေးတိုင်းဒေသကြီး ကံမမြို့နယ်တွင် ယမန်နေ့ ညနေ ၅ နာရီခန့်က မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် မြို့ပေါ်ရပ်ကွက် သုံးရပ်ကွက်နှင့် ကျေးရွာ ၅၁ ရွာတွင် သစ်ပင်များပြိုလဲခြင်းနှင့်နေအိမ်အမိုးလန်ခြင်းများ ဖြစ်ပွားခဲ့ပြီး လူနှင့် တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်း သိရသည်။



အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် ကံမမြို့နယ်အတွင်းရှိ ရပ်ကွက်သုံးရပ်ကွက်၊ ကျေးရွာ ၅၁ ရွာမှ အိမ်ခြေ ၄၃၈ အိမ်၊ စာသင်ကျောင်း သုံးကျောင်း၊ ဘုန်းကြီးကျောင်း နှစ်ကျောင်း၊ သာသနိကအဆောက်အအုံ နှစ်ခု၊ ဆေးရုံ တစ်ရုံ၊ အခြားအဆောက်အအုံ သုံးခုတို့ အမိုးလန်ပျက်စီးခဲ့သည်။

ထိုသို့ဖြစ်ပွားရာနေရာတွင် သစ်ပင်များခုတ်ထွင်ရှင်းလင်းခြင်း၊ လေနှင့်အတူလွင့်ပါခဲ့သည့် သွပ်အမိုးများ ရှင်းလင်းခြင်း လုပ်ငန်းများအား မီးသတ်တပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံများစုပေါင်း၍ ရှင်းလင်းခဲ့ကြကြောင်း သိရသည်။

**ကျော်ဇေယျဝင်း(ကံမ)**

## ဝါးခယ်မ မြို့မဈေးနှင့် ယာယီပျံကျဈေးများတွင် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေ

**ဝါးခယ်မ မေ ၁၂**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့ရှိ မြို့မဈေးနှင့် ယာယီပျံကျဈေးများတွင် ယနေ့ နံနက် ၈ နာရီက ဈေးရောင်းဈေးဝယ်များအား နှာခေါင်းစည်းများ တပ်ဆင်မှု အသိပညာပေးပြီး နှာခေါင်းစည်းများ အခမဲ့ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။


မြို့မဈေးနှင့် ယာယီပျံကျဈေးများရှိ ဝင်ပေါက်၊ ထွက်ပေါက်များတွင် လက်ဆေးဘေစင်များထားရှိပြီး ဈေးလာရောက်ဝယ်သူများအနေဖြင့် လက်ဆေးခြင်း၊ နှာခေါင်းစည်းများ တပ်ဆင်ပြီးမှသာ ဈေးအတွင်းသို့ ဝင်ခွင့်ပြုခြင်းများကို သက်ဆိုင်ရာတာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများက ဈေးရောင်းချသူများအနေဖြင့် နှာခေါင်းစည်းများတပ်ဆင်ပြီး ဈေးရောင်းချခြင်းကို နေ့စဉ် အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**လွှမ်းသီဟ (ပြန်/ဆက်)**


# စောစောရှာ အက်ပလီကေးရှင်းကို Android ဖုန်းနှင့် Tablet များတွင် ထည့်သွင်းအသုံးပြုပုံ

အပိုင်း(၁)





ပထမဦးစွာ အင်တာနက် ဖွင့်ထားပေးရပါမယ်။





Chrome(သို့မဟုတ်) Firefox(သို့မဟုတ်)အခြား မိမိဖုန်းထဲရှိ Browser ကို အသုံးပြုရပါမယ်။





လိပ်စာမှာ sawsawshar.gov.mm ဆိုပြီး ရိုက်ထည့်ရပါမယ်။





ဒီလိုပုံစံတွေ့ရပြီး Download ကို နှိပ်ရပါမယ်။





Ok ကို နှိပ်ရပါမယ်။





Open ကို နှိပ်ပေးရပါမယ်။





INSTALL ကို နှိပ်ပေးရပါမယ်။






OPEN ကို နှိပ်ပြီး အက်ပလီကေးရှင်းကို ဖွင့်လို့ရပါပြီ





စောစောရှာ အက်ပလီကေးရှင်းရဲ့ ပင်မ မျက်နှာပြင်ကို ရောက်ရှိပြီဖြစ်ပါတယ်။ (ဒီအက်ပလီကေးရှင်းကို သုံးစွဲခြင်းအားဖြင့် ရောဂါရှိသူနှင့် ထိတွေ့ခဲ့မှုရှိ/မရှိကို စောစီးစွာ သိရှိနိုင်ပြီး စောစီးစွာရှာဖွေနိုင်သည့်အတွက် ကုသနိုင်မည်ဖြစ်သည်။)












ALLOW ကို နှိပ်ပေးရပါမယ်။






လက်ခံပါသည် (Accept) ကို နှိပ်ရပါမယ်။









ဆက်လက်၍ ဘယ်ဘက်အပေါ်ဆုံးမှာရှိသည့် Menu ထဲကိုသွားပြီး စိစစ်ခြင်း(Verify)ကို ပြုလုပ်ပေးရပါမယ်။





09 နဲ့စပြီး မိမိအသုံးပြုမည့် ဖုန်းနံပါတ်ကို ရိုက်ထည့်ပြီး ရှေ့ဆက်(Next)နှိပ်ပေးရပါမယ်။ ထို့နောက် မိမိဖုန်းထဲသို့ပေးပို့လာသည့် တစ်ခါသုံးစကားဝှက်(xxxxx)ကို ရိုက်ထည့်ပြီး အတည် ပြုပါ (Verify)နှိပ်ပေးရပါမယ်။ (Verify Successfully ဆိုရင်စိစစ်ခြင်း(Verify) လုပ်ငန်းစဉ် အောင်မြင်ပါသည်။)




ဒုတိယဆက်လက်ဆောင်ရွက်သင့်တာကတော့ ဘယ်ဘက်အပေါ်ဆုံးမှာရှိသည့် Menu ထဲကိုသွားပြီး မိမိရဲ့ကိုယ်ရေးအချက်အလက်များကို ထည့်သွင်းပေးရမှာဖြစ်ပါမယ်။ (ထည့်သွင်းပြီးပါက မိမိဖုန်းထဲတွင် စောစောရှာ အက်ပလီကေးရှင်း အောင်မြင်စွာထည့်သွင်းပြီးဖြစ်ပါသည်။)

စာမျက်နှာ ၂၃ သို့ ✰


☆ စာမျက်နှာ ၂၂ မှ

## အပိုင်း(၂) တည်နေရာစာရင်းအသုံးပြုခြင်း





မိမိဖုန်းထဲရှိ တည်နေရာ (Location)ကို ဖွင့်ထားပါက ဖုန်းတည်ရှိရာနေရာကို သတ်မှတ်ချိန်ရောက်တိုင်း ရောက်တိုင်း မှတ်တမ်းယူပြီး ဖုန်းထဲမှာ အရင်သိမ်းပါတယ်။ ပြီးလျှင် သိမ်းထားသည့် ဒေတာများကို ဆာဗာကို သတ်မှတ်အချိန် ရောက်တိုင်း ရောက်တိုင်း ပေးပို့နေပါတယ်။ Home Screen ရဲ့ ညာဘက်မှာရှိတဲ့ Location List Page ကို နှိပ်လိုက်ပါက အဲဒီမှာ မိမိရဲ့တည်နေရာမှတ်တမ်းကို တွေ့ရပါလိမ့်မယ်။


၁၅




Manual Location ရယူလိုပါက GPS Check In ကို နှိပ်၍ ရယူနိုင်ပါတယ်။ နောက်ပိုင်းမှာ QR Check In နဲ့လည်း ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။





၁၆




၁၇


Location တစ်ခုချင်းစီကို မိမိမှတ်သားလိုတဲ့ အချက်အလက်များ ထည့်သွင်းလိုပါက အဆိုပါ Location ကို နှိပ်ပြီး ဖြည့်သွင်းနိုင်ပါတယ်။ အဆိုပါ Location အချက်အလက်တွေကို သတ်မှတ်တဲ့အချိန်တိုင်း ဆာဗာကို ပေးပို့နေမှာ ဖြစ်ပါတယ်။




၁၈

အကယ်၍ Manual ပို့ချင်တယ်ဆိုရင် ညာဘက်အပေါ်ဆုံးမှာရှိတဲ့ Menu ထဲကိုသွားပြီး တင်ပို့ပါ (Submit)ကိုနှိပ်၍ ဆက်လက်ဆောင်ရွက်ပါက အဆိုပါအချက်အလက်များကို ဆာဗာကို တစ်ကြိမ်ပို့လိုက်မှာ ဖြစ်ပါတယ်။


## အပိုင်း(၃)တည်နေရာမြေပုံ ကြည့်ရှုခြင်း




၁၉

အသုံးပြုလိုရတဲ့ နောက်ထပ်ပုံစံတစ်ခုကတော့ ဘယ်ဘက်အပေါ်ဆုံးမှာရှိတဲ့ Menu ထဲကိုဝင်ပြီး မြေပုံ(Map)ကို နှိပ်လိုက်ပါက မိမိသွားရောက်ထားတဲ့ Location များကို အမှတ်အသားများနဲ့ ပြနေပါလိမ့်မယ်။


## အပိုင်း(၄)ကျန်းမာရေးအခြေအနေသတင်းပေးပို့ခြင်း




၂၀

အသုံးပြုလိုရတဲ့ နောက်ထပ်ပုံစံတစ်ခုကတော့ ဘယ်ဘက်အပေါ်ဆုံးမှာရှိတဲ့ Menu ထဲကိုဝင်ပြီး သတင်းပို့ပါ(Report) ကို နှိပ်လိုက်ပါက မိမိရဲ့ခံစားနေရတဲ့ ကျန်းမာရေးအခြေအနေကို အမှန်ခြစ်ပေး၍ အတည်ပြုပါ (Submit) ကိုနှိပ်ပြီး ပေးပို့နိုင်ပါတယ်။


## အပိုင်း(၅)အထောက်အကူပြုအချက်အလက်များ




၂၁


စာစေစာရှာအက်ပလီကေးရှင်းရဲ့ ညာဘက်အပေါ်ထောင့်မှာ မိမိအတွက် လိုအပ်တဲ့အချက်အလက်များကို ဖော်ပြထားပါတယ်။ ပထမဦးဆုံး ဖော်ပြထားတာကတော့ မိမိအသုံးပြုနေတဲ့ ဗားရှင်း၊ ဆက်လက်ပြီး ဆက်သွယ်ရန် (Contact) ကိုနှိပ်လိုက်ပါက ဆက်သွယ်ရန် အရေးပေါ်ဖုန်းနံပါတ်တွေ၊ ဌာနတွေကို ဖော်ပြထားပါတယ်။

**စာစေစာရှာ အက်ပလီကေးရှင်းကို အသုံးပြုခြင်းဖြင့် မိမိအနီးအနားတွင် ကိုဗစ်-၁၉ရောဂါဖြစ်ပွားသူ ရှိ၊ မရှိ သိရှိနိုင်ပြီး မိမိကိုယ်တိုင်၊ မိမိ၏ မိသားစုနှင့် မိမိနိုင်ငံကို ကာကွယ်ပါ။**




၂၂

Terms & Condition များကို ဝင်ရောက်ဖတ်ရှုနိုင်ပါတယ်။




၂၃

အောက်ဆုံးမှာရှိတဲ့ About ကိုနှိပ်ပြီး ဝင်ရောက်ကြည့်ရှုပါက စာစေစာရှာ အက်ပလီကေးရှင်း ထုတ်ဝေမှုနဲ့ပတ်သက်တဲ့ အကြောင်းအရာ၊ ဌာနတံဆိပ်များနဲ့ အသုံးပြုသူ တစ်ဦးစီအတွက် UUID နံပါတ်တွေကို တွေ့မြင်နိုင်မှာဖြစ်ပါတယ်။

# မော်လိုက်မြို့ စွယ်တော်ရပ်ကွက်၌ ဆောင်ရွက်နေသည့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ၉၀ ရာခိုင်နှုန်းပြီးစီး

**မော်လိုက် မေ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့နယ် နှစ်စဉ်မိုးတွင်းကာလရောက်တိုင်း ချင်းတွင်းမြစ်ကမ်းပါးပြိုကျပြီး လူနေအိမ်တိုက်တာများ ပြောင်းရွှေ့ရခြင်းများနှင့် ရင်ဆိုင်နေကြရမှုများ ကင်းဝေးစေရန် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေဖြင့် စွယ်တော်ရပ်ကွက်တွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ဘိုးပိုင်အခြေပြု ကျောက်စီမြေထိန်းနံရံနှင့် တမံတည်ဆောက်ခြင်းလုပ်ငန်းမှာ ၉၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ဒီကမ်းပြိုကာကွယ်ရေးလုပ်ငန်း ဘိုးပိုင်အခြေပြု ကျောက်စီမြေထိန်းနံရံနှင့် တမံတည်ဆောက်ခြင်းလုပ်ငန်းကို တင်ဒါအောင် မန်းဇေယျာဆောက်လုပ်ရေးကုမ္ပဏီက ငွေကျပ် ၂၄၂ ဒသမ ၃ သန်းဖြင့် ဖေဖော်ဝါရီဒုတိယပတ်မှစတင်၍ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့တာဖြစ်ပြီး ယခုအခါ လုပ်ငန်းများမှာ ၉၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း၊ လုပ်ငန်းများ လုပ်ဆောင်ရာတွင် လူစုလူဝေးများ မဖြစ်ပေါ်စေရေးအတွက်ကိုလည်း နေ့နှင့် ည နှစ်ဖွဲ့ခွဲ၍ လုပ်ငန်းများဆောင်ရွက်ခဲ့ရာ လုပ်ငန်းပိုင်းအနေဖြင့် နှောင့်နှေးမှုအပိုင်းများတော့ရှိခဲ့ကြောင်း မန်းဇေယျာဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ခံအင်ဂျင်နီယာ ဦးစိုင်းစောမင်း၏ ပြောကြားချက်အရ သိရသည်။

မော်လိုက်မြို့နယ် စွယ်တော်ရပ်ကွက်ရှိ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းဖြစ်သည့် ဘိုးပိုင်အခြေပြု ကျောက်စီမြေထိန်းနံရံနှင့် ကျောက်စီတမံ အလျားပေ ၄၀၀ တည်ဆောက်ခြင်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ်သန်း ၂၅၀ ဖြင့် တင်ဒါအောင် မန်းဇေယျာဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ယူကာ လုပ်ငန်းများကို ဖေဖော်ဝါရီဒုတိယပတ်မှစတင်ဆောင်ရွက်ခဲ့ပြီး မေလကုန်တွင် လုပ်ငန်းများ ရာခိုင်နှုန်းပြည့် ပြီးစီးရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မော်လိုက်သားလေး**



# ရိုးမဟာကျေးရွာအား ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာအဖြစ် ပြုလုပ်သွားမည်

**ဘားအံ မေ ၁၂**

ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်း ၂၀၁၉-၂၀၂၀ ပြည့်နှစ် မိုးစပါးရာသီ တစ်မြို့တစ်ရွာ ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာကို ဂျိုင်းကျေးရွာအုပ်စု ရိုးမဟာကျေးရွာတွင် ပြုလုပ်သွားမည်ဖြစ်ကြောင်းနှင့် ယခင်စိုက်ပျိုးသည့်မျိုးများထက် ဆင်းသုခမျိုးစပါးများ ပြောင်းလဲစိုက်ပျိုးနိုင်ရေးအတွက် မျိုးစပါးများကို ထောက်ပံ့ပေးထားကြောင်း ဘားအံမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

လက်ရှိ ဘားအံမြို့နယ် ဖားကပ်ကျေးရွာ တစ်မြို့တစ်ရွာ ဘက်စုံအဆင့်မြင့်နည်းပညာသုံးစံပြကျေးရွာ ပြုလုပ်ခဲ့မှုနှင့် ပတ်သက်၍ ဘားအံမြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဦးဆဲင်ဇခုပ်က " တောင်သူတွေရဲ့ အခက်အခဲတွေ ကျော်လွှားနိုင်အောင် စတင်စိုက်ပျိုးကာ ရိတ်သိမ်းပြီး ဈေးကွက်ရသည်အထိ ဝိုင်းဝန်းပူးပေါင်း၍ နည်းပညာကအစ ဆောင်ရွက်ပေးနိုင်ဖို့ ရည်ရွယ်ပါတယ်။ ဖားကပ်မှာ စုစုပေါင်းဧက ၃၇၀ ရှိပြီး နွေစပါးကို ဧက ၁၅၀၊ ကျန်တဲ့ဧကတွေမှာ ဆောင်းသီးနှံကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါတယ်။ မိုးစပါးပြီးရင် ဆောင်းသီးနှံအနေနဲ့ ပဲတီစိမ်းကို စိုက်ပျိုးရာမှာပါ တောင်သူအနေနဲ့ တစ်ဧက တင်း ၂၀ ကနေ ၂၄ တင်း ထွက်ရှိကြပြီး တစ်တင်းကိုကျပ် ၃၆၀၀၀ ရရှိတာမို့ တစ်ဧကကို ခုနစ်သိန်းလောက် ရရှိနေကြပါတယ်။ အခုခါမှာတော့ လျှပ်စစ်မြစ်ရေတင်နဲ့ နွေစပါးကို စက်မှုလယ်ယာနဲ့ပေါင်းစပ်ပြီးတော့ မိုးလွတ်လေလွတ်ဖြစ်အောင် ဆောင်ရွက်ပါတယ်"ဟု ပြောကြားသည်။



၂၀၁၉-၂၀၂၀ပြည့်နှစ်တွင် မိုးစပါးရာသီ တစ်မြို့တစ်ရွာ ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာကို ဂျိုင်းကျေးရွာအုပ်စု ရိုးမဟာကျေးရွာတွင် ပြုလုပ်သွားမည်ဖြစ်ရာ လယ်မြေကေများ သတ်မှတ်ခြင်းနှင့် မြေပြင်ခြင်း၊ ပိုက်ဆံလျှော် (ခေါ်) သစ်စိမ်းမြေဩဇာများ ထွန်ယက်ကြဲပက်စိုက်ပျိုးနေပြီး အထွက်နှုန်းကောင်းစေရန် မျိုးပြောင်းလဲစိုက်ပျိုးနိုင်ရေးအတွက် ဂျိုင်းကျေးရွာနှင့် တစ်မြို့တစ်ရွာ ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာပြုလုပ်မည့် ရိုးမဟာကျေးရွာရှိ လယ်မြေကေများအတွက် ဆင်းသုခမျိုးစပါး ၄၈၉ တင်းကို ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ဘားအံမြို့နယ် ဂျိုင်းကျေးရွာအုပ်စု ရိုးမဟာကျေးရွာတွင် ဆောင်ရွက်မည့် တစ်မြို့တစ်ရွာ ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာအတွက် ဧက ၄၈၉ ဧက ဖော်ဆောင်ထားပြီး မျိုးသန့်မျိုးစေ့ထုတ်စိုက်ဧက ၂၀ ကိုလည်း ထုတ်လုပ်သွားမည်ဖြစ်၍ မျိုးကောင်းမျိုးသန့်ကို ပြောင်းလဲစိုက်ပျိုးရာတွင် အဓိကအချက်တစ်ခုဖြစ်ခြင်းကြောင့် စိုက်ပျိုးနည်းပညာများကို စိုက်ပျိုးရေးဝန်ထမ်း နည်းပညာရှင်များက အနီးကပ် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# မိုင်းယုမြို့၌ အိမ်ရာစိုက်ခင်း စိုက်ပျိုးနိုင်ရန် မျိုးစေ့၊ ပျိုးပင်နှင့် နည်းပညာများ ဖြန့်ဝေ

**မိုင်းယု မေ ၁၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းယုမြို့တွင် ကိုဗစ်-၁၉ ရောဂါကာလအတွင်း မြို့ပေါ်နှင့် ကျေးလက်တောင်သူများအနေဖြင့် Stay Home ကာလများ၌ မိမိတို့ခြံဝင်းအတွင်း တစ်ပိုင်တစ်နိုင် စိုက်ပျိုးလုပ်ကိုင်နိုင်ရန်နှင့် လူစုလူဝေးများရှိသည့်ဈေးများ၊ ကုန်ဆိုင်များသို့ သွားလာမှုလျော့နည်းစေရန် ရည်ရွယ်၍ အိမ်ရာစိုက်ခင်းစိုက်ပျိုးနိုင်ရန် မျိုးစေ့၊ ပျိုးပင်နှင့် နည်းပညာများ ဖြန့်ဝေပေးခြင်းကို ယမန်နေ့ နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။

အဆိုပါ ဖြန့်ဝေပေးခြင်းကို မိုင်းယုစိုက်ပျိုးရေးဦးစီးဌာနမှ မြို့ဦးစီးမှူး ဦးစိုးမင်းဦးကျော်နှင့် ဝန်ထမ်းများက ခရမ်းပင်၊ ဂေါ်ဖီ၊ တိုင်ထောင်ပဲ၊ မုန်လာဥ၊ ဆလတ်၊ ကန်စွန်း၊ ဘိုစား၊ ခဝဲ၊ မုန်ညင်း၊ ငရုတ်၊ နံနံနှင့် ဟင်းနုနယ်စသည့် မျိုးစေ့ထုပ် ၁၅ ထုပ်စီဖြင့် ၂၂၅ ထုပ်၊ ငရုတ်ပင်၊ ခရမ်းပင်နှင့် ခရမ်းချဉ်ပင်စသည့်ပျိုးပင် ပေါင်း ၄၀၀ တို့ကို အိမ်တိုင်ရာရောက် ပြည်သူများအား အခမဲ့ဖြန့်ဝေပေးပြီး "သက်ရှည်ကျန်းမာ စိတ်ချမ်းသာစေဖို့ Home Gardenလေး စိုက်ကြစို့" စသည့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ယခုကဲ့သို့ဆောင်ရွက်ခြင်းသည် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေချိန်ကာလအတွင်း မိဘပြည်သူများအနေဖြင့် Stay Home ကာလများတွင် တစ်ပိုင်တစ်နိုင် စိုက်ပျိုးလုပ်ကိုင်နိုင်ရန်၊ လူစုလူဝေးနည်းပါးသွားစေရန်နှင့် သန့်ရှင်းလတ်ဆတ်ပြီး အာဟာရပြည့်ဝသည့် ဟင်းသီးဟင်းရွက်များ အချိန်တိုအတွင်းရရှိ၍ မိသားစုအတွက် ကုန်ကျစရိတ်သက်သာစေမည်ဖြစ်ကြောင်းနှင့် ကျန်ရှိသောပျိုးပင်များကိုလည်း သတ်မှတ်ပျိုးသက်ရသည့်အချိန်များတွင် ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်သည်။

**ကိုကိုနိုင်(မိုင်းယု)**

# သောက်သုံးရေရှားပါးသော ပုတ်ပျံကျေးရွာသို့ ရေဂါလန် ၆၄၀၀ သွားရောက်လှူဒါန်း

**နမ့်စန်(တ) မေ ၁၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ် နမ့်လစ်ကျေးရွာအုပ်စု အိမ်ခြေ ၁၆၀ ရှိ ပုတ်ပျံကျေးရွာတွင် သောက်သုံးရေရှားပါးပြတ်လပ်မှုများ ဖြစ်ပေါ်နေသည့်အတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ပူးပေါင်း၍ ယနေ့ နံနက် ၈ နာရီက သောက်သုံးရေများ သွားရောက်လှူဒါန်းခဲ့သည်။

မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်ဝင်း၊ မြို့နယ် မီးသတ်ဦးစီးမှူး ဦးလှိုင်ဝင်းထွန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ရေသယ်ယာဉ်ဖြင့် သောက်သုံးရေဂါလန် ၆၄၀၀ ကို ပုတ်ပျံကျေးရွာရှိ ယာယီမိုးကာရေသိုလှောင်ကန်အတွင်းသို့ ထည့်ပေးကာ ကျေးရွာသူကျေးရွာသားများထံ လှူဒါန်းခဲ့ကြောင်း သိရသည်။

နမ့်စန်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် သောက်သုံးရေ ရှားပါးပြတ်လပ်မှုများဖြစ်ပေါ်ပါက မြို့နယ်ကျေးလက်ဦးစီးမှူး ဦးဇော်ဝင်း ဖုန်း ၀၉-၄၄၀၂၁၂၃၀၇ နှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးလှိုင်ဝင်းထွန်း ဖုန်း - ၀၉-၆၉၇၇၁၃၈၂၄ တို့ထံ ကျေးရွာအုပ်ချုပ်ရေးမှူးများမှတစ်ဆင့် ဆက်သွယ်အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။

**သူရအောင်(ပြန်/ဆက်)**

# မောက်မယ်မြို့နယ်၌ သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး ပျိုးပင်ပေါင်း ၅၀၀၀၀ ကျော် အခမဲ့ဖြန့်ဝေ



**မောက်မယ် မေ ၁၂**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ် သစ်တောဦးစီးဌာနမှ မြို့နယ်အတွင်း သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် ဒေသနှင့်ကိုက်ညီသည့် ပျိုးပင်ပေါင်း ၅၀၀၀၀ ကျော်ကို ပျိုးထောင်ထားရှိပြီး အခမဲ့ဖြန့်ဝေစိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

မောက်မယ်မြို့နယ် သစ်တောဦးစီးဌာနအနေဖြင့် မိုးရာသီကာလအတွင်း စိုက်ပျိုးနိုင်ရန် ဒေသနှင့်ကိုက်ညီသည့် ကျွန်း၊ ပျဉ်းကတိုး၊ မဲဇလီ၊ စိန်ပန်းနီ၊ စိန်ပန်းပြာ၊ စိန်တံခွန်၊ ရေသင်းဝင်၊ ရေတမာ၊ လျှော်ဖြူ၊ ဗာဒံနှင့် နှစ်ရှည်သီးနှံစားပင်များဖြစ်သော သရက်၊ ပိန္နဲ၊ ထောပတ်၊ ဒန့်သလွန်၊ ကြောင်လျှာပင်များကို မောက်မယ်မြို့မပျိုးဥယျာဉ်နှင့် ဟိုနမ့်တိုက်နယ် ပျိုးဥယျာဉ်တို့တွင် ပျိုးပင်ပေါင်း ၅၀၀၀၀ ကျော် ပျိုးထောင်ထားရှိကြောင်းနှင့် လာမည့်ဇွန်၊ ဇူလိုင် မိုးရာသီကာလအတွင်း မြို့နယ်အတွင်းရှိ ကျေးရွာများ၊ လမ်းဘေး ဝဲ/ယာများ၊ အခြေခံပညာကျောင်းများ၊ ဌာနဆိုင်ရာရုံးများ၊ တပ်ရင်းတပ်ဖွဲ့များတွင် စိုက်ပျိုးနိုင်ရန် အခမဲ့ ဖြန့်ဝေ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြို့နယ်သစ်တောဦးစီးဌာနမှ တာဝန်ခံ တောအုပ် ဦးဇော်ညို၏ ပြောကြားချက်အရ သိရသည်။

**စိုင်းမျိုးသန့်(မောက်မယ်)**


# စပိန်လာလီဂါပြိုင်ပွဲကို ဇွန် ၁၂ ရက်တွင် ပြန်လည်စတင် ကျင်းပနိုင်ရန်စီစဉ်နေ

ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ပျံ့နှံ့မှုတွေကြောင့် ရပ်နားထားခဲ့ရတဲ့ စပိန်လာလီဂါပြိုင်ပွဲကို ဇွန် ၁၂ ရက်တွင် ပြန်လည်စတင်ကျင်းပနိုင်ဖို့ စီစဉ်နေတယ်လို့ စပိန်အားကစားသတင်းဌာနအေအက်စ်က ဖော်ပြထားပါတယ်။

စပိန်လာလီဂါပြိုင်ပွဲကျင်းပမယ့် အတည်ပြုရက်ကို စပိန်နိုင်ငံရဲ့ ကျန်းမာရေးဝန်ကြီးဌာနက ဆုံးဖြတ်ပေးမှာဖြစ်ပြီး ယခင်ဆုံးဖြတ်ချက်တွေအရ ဇွန် ၁၉ ရက်မှာ ကျင်းပဖို့ စီစဉ်ခဲ့တာဖြစ်ပါတယ်။ စပိန်လာလီဂါပြိုင်ပွဲကို ဇွန် ၁၂ ရက်မှာ ပြန်လည်ကျင်းပနိုင်ဖို့ ဆန္ဒရှိနေကြောင်းနဲ့ အဲဒီလို ပြန်လည်စတင်နိုင်ရေးကလည်း နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုအခြေအနေပေါ်မှာ မူတည်ကြောင်း စပိန်လာလီဂါဥက္ကဋ္ဌ ဂျာဗီယာတီဘတ်စ်က ပြောကြားခဲ့ပါတယ်။

ဘာစီလိုနာအသင်းအပါအဝင် စပိန်လာလီဂါအသင်းတွေဟာ ပြီးခဲ့တဲ့တစ်ပတ်ကတည်းက လေ့ကျင့်ရေးကွင်းအသီးသီးမှာ တစ်ဦးချင်းလေ့ကျင့်မှုပုံစံနဲ့ ပြန်လည်စတင်ခဲ့တယ်လို့ ကြေညာခဲ့ပြီး ကလပ်အသင်းတွေကလည်း သူတို့ရဲ့ကစားသမားအကြား ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာစမ်းသပ်မှု စုစုပေါင်း ၂၅၀၀ ပြုလုပ်ခဲ့တယ်လို့ စပိန်နိုင်ငံရဲ့ ရုပ်သံလွှင့်ဌာနက သတင်းဖော်ပြခဲ့ပါတယ်။

ငွေကြယ် - ရေးသားသည်



# ကွင်းလယ်ကစားသမား အိုဇေးလ် အာဆင်နယ်အသင်းတွင် ဆက်ရှိနေမည်

အာဆင်နယ်အသင်းကွင်းလယ်ကစားသမား အိုဇေးလ်ဟာ လာမယ့်ဘောလုံးရာသီမှာ လက်ရှိကလပ်အသင်းမှာပဲ ဆက်ရှိနေမှာဖြစ်ပြီး နွေရာသီဈေးကွက်အတွင်းမှာ အသင်းကနေ ထွက်ခွာမှာမဟုတ်ဘူးလို့ ပြောကြားခဲ့ပါတယ်။

ကွင်းလယ်ကစားသမားအိုဇေးလ်ဟာ ၂၀၁၃ ခုနှစ်က စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းကနေ ပြောင်းရွှေ့လာခဲ့တာဖြစ်ပြီး ၂၀၁၈ ခုနှစ်က တစ်ပတ်လုပ်ခလစာပေါင် ၃၅၀၀၀၀ နဲ့ စာချုပ်ချုပ်ဆိုခဲ့တာကြောင့် အိုဇေးလ်ရဲ့ လက်ရှိစာချုပ်သက်တမ်းဟာ ၂၀၂၁ ခုနှစ်မှာ ကုန်ဆုံးမှာလည်း ဖြစ်ပါတယ်။

စာချုပ်သက်တမ်းမကုန်ဆုံးမီမှာ အာဆင်နယ်အသင်းကနေ ထွက်ခွာလိမ့်မည်မဟုတ်ဘဲ ကွင်းလယ်ကစားသမား အိုဇေးလ်အနေနဲ့ အာဆင်နယ်အသင်းနဲ့ စာချုပ်သက်တမ်းကုန်ရင်တော့ ဖီနာဘာချီအသင်းဆီ ပြောင်းရွှေ့ကစားမယ်လို့ သတင်းတွေ ထွက်ပေါ်နေတာဖြစ်ပါတယ်။

ကွင်းလယ်ကစားသမား အိုဇေးလ်ဟာ အခုနှစ်ဘောလုံးရာသီမှာ အာဆင်နယ်အသင်းအတွက် ပြိုင်ပွဲအရပ်ရပ်မှာ ၂၃ ပွဲ ပါဝင်ကစားပေးခဲ့ပြီး သွင်းဂိုးတစ်ဂိုး သွင်းယူပေးနိုင်ခဲ့ကာ ဂိုးဖန်တီးမှု သုံးကြိမ်ပြုလုပ်နိုင်ခဲ့တာ ဖြစ်ပါတယ်။ အိုဇေးလ်ဟာ ထိပ်တန်းကစားသမားဘဝကို ရှော်လ်ကေးအသင်းနဲ့အတူ ၂၀၀၆ ခုနှစ်မှာ စတင်ခဲ့တာဖြစ်ပြီး ၂၀၀၈ ခုနှစ်ကနေ ၂၀၁၀ ပြည့်နှစ်အထိ ဝါဒါဘရီမင်အသင်းမှာ ကစားခဲ့ကာ ၂၀၁၀ ပြည့်နှစ်ကနေ ၂၀၁၃ ခုနှစ်အထိ ရီးယဲလ်မက်ဒရစ်အသင်းမှာ ကစားခဲ့တာဖြစ်ပါတယ်။ အာဆင်နယ်အသင်းမှာ ၂၀၁၃ ခုနှစ်ကစပြီး လက်ရှိအချိန်အထိ ၁၈၄ ပွဲအထိပါဝင်ကစားပေးခဲ့ကာ သွင်းဂိုးစုစုပေါင်း ၃၃ ဂိုးအထိ သွင်းယူပေးထားနိုင်ခဲ့တာ ဖြစ်ပါတယ်။

# အိန်ဂျယ်ဂိုမက်စ်အား စာချုပ်သစ်ချုပ်ဆိုရေး မန်ယူအသင်းသဘောတူညီမှုရရှိ

မန်ယူအသင်းဟာ ကွင်းလယ်ကစားသမား အိန်ဂျယ်ဂိုမက်စ်ကို စာချုပ်သစ်ချုပ်ဆိုရေးအတွက် သဘောတူညီမှုရရှိခဲ့ပြီ ဖြစ်ပါတယ်။ အိန်ဂျယ်ဂိုမက်စ်ရဲ့ မန်ယူအသင်းနဲ့ ချုပ်ဆိုထားတဲ့စာချုပ်သက်တမ်းဟာ ကုန်ဆုံးဖို့ ရက်သတ္တပတ်အနည်းငယ်သာ လိုတော့တဲ့အတွက် စာချုပ်သစ်ချုပ်ဆိုဖို့ ကမ်းလှမ်းခဲ့တာဖြစ်ပြီး ဆယ်ကျော်သက်အရွယ် ကွင်းလယ်ကစားသမား အိန်ဂျယ်ဂိုမက်စ်အနေနဲ့ လာမယ့်လအတွင်းမှာ အလွတ်ပြောင်းရွှေ့ကြေးနဲ့ မန်ယူအသင်းကနေ ထွက်ခွာဖို့ရှိနေတာ ဖြစ်ပါတယ်။

အိန်ဂျယ်ဂိုမက်စ်ဟာ ကိုဗစ်-၁၉ ရောဂါကြောင့် ဘောလုံးပြိုင်ပွဲများ မရပ်နားမီအချိန်အထိ မန်ယူအသင်းအတွက် ခြောက်ပွဲပါဝင်ကစားပေးခဲ့တာ ဖြစ်ပါတယ်။

# မက်ဆီက အာဂျင်တီးနား ဆေးရုံသို့ ယူရိုငါးသိန်း လှူဒါန်း



ဘာစီလိုနာ ဘောလုံးကြယ်ပွင့် လီယိုနယ်မက်ဆီဟာ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုကို တိုက်ဖျက်ရေးအတွက် အမိမြေဖြစ်သည့် အာဂျင်တီးနားနိုင်ငံရှိ ဆေးရုံတွေကို ယူရိုငွေငါးသိန်း လှူဒါန်းခဲ့တယ်လို့ သိရပါတယ်။

လီယိုနယ်မက်ဆီ လှူဒါန်းထားတဲ့ ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၅၄၀၀၀၀ ခန့်ကို ကျန်းမာရေးပညာရှင်များအတွက် ဗိုင်းရပ်စ်ပိုးအကာအကွယ်ပေးတဲ့ ပစ္စည်းကိရိယာတွေ ဝယ်ယူဖို့ အသုံးပြုသွားမှာဖြစ်တယ်လို့လည်း ဘူနိုအေးရိစ်အခြေစိုက် ကာဆာဂါရာဟန်ဖောင်ဒေးရှင်းက ပြောကြားခဲ့ပါတယ်။

ဘာစီလိုနာဘောလုံးအသင်း တိုက်စစ်မှူး မက်ဆီဟာ ဆန်တာနှင့် ဘူနိုအဲရစ်ပြည်နယ်တွေအပါအဝင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဘူနိုအဲရစ်မြို့ရှိ ဆေးရုံတွေအတွက် အသက်ရှူစက်တွေ၊ အပြုတ်ရည်ဖြည့်သွင်းစက်နဲ့ ကွန်ပျူတာတွေ ဝယ်ယူခွင့်ပြုခဲ့တယ်လို့လည်း သိရပါတယ်။ မက်ဆီနဲ့ ၎င်းရဲ့ ဘာစီလိုနာအသင်းဖော်တွေဟာ ပြီးခဲ့တဲ့ဧပြီလက ၎င်းတို့ရဲ့ လစာကို ၇၅ ရာခိုင်နှုန်း လျှော့ယူခဲ့တယ်လို့လည်း သိရပါတယ်။

## အနုပညာ



# Mission Impossible ရုပ်ရှင်ဇာတ်ကားသစ်ကို ဗင်းနစ်မြို့တွင် ရိုက်ကူးသွားမည်ဖြစ်ကြောင်း တွမ်ခရုးဇ်ပြောကြား

ဟောလိဝုဒ်ရဲ့ ကျော်ကြားတဲ့ မင်းသားတစ်ဦးဖြစ်သူ တွမ်ခရုးဇ်က သူ့အဓိကဇာတ်ကောင်အဖြစ် ပါဝင်ထားတဲ့ Mission Impossible ရုပ်ရှင်တွေရဲ့ ခုနစ်ကားမြောက် ရုပ်ရှင်ဇာတ်ကားသစ်ကို ဗင်းနစ်မြို့မှာ သွားရောက်ရိုက်ကူးဖို့ရာ စီစဉ်ထားကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

Mission Impossible 7 ကို လတ်တလော ဖြစ်ပွားလျက်ရှိတဲ့ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုတွေကြောင့် အသွားအလာကန့်သတ်ထားတဲ့ ကာလအလွန်မှ ဗင်းနစ်မှာ သွားရောက်ရိုက်ကူးဖို့ ပြင်ဆင်ထားတာလည်း ဖြစ်ပါတယ်။ ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါရဲ့ ရိုက်ခတ်မှုဒဏ်ကို အဆိုးရွားဆုံးခံခဲ့ရတဲ့ မြို့တွေအနက် တစ်မြို့ဖြစ်တဲ့ ဗင်းနစ်မြို့အတွက် ကပ်ရောဂါလွန်မြောက်တဲ့တစ်နေ့မှာ ပြန်လည်ထူထောင်ရေးအတွက် ကူညီဖို့ရာ ယခုလို ရုပ်ရှင်ဇာတ်ကားသစ်ကို ရိုက်ကူးလိုတာဖြစ်ကြောင်းလည်း သိရပါတယ်။

အသက် ၅၇ နှစ်အရွယ် မင်းသားတွမ်ခရုးဇ်နဲ့ ရင်းနှီးတဲ့အသိုင်းအဝိုင်းမှ ပြောကြားချက်အရ မင်းသားဟာ အီတလီရဲ့ ငွေကြေးဆိုင်ရာ အကျပ်အတည်းတွေကနေ လွတ်မြောက်ဖို့ရာ ကူညီဖို့အတွက် ယခုလို ရုပ်ရှင်ဇာတ်ကားသစ်သွားရောက်ရိုက်ကူးဖို့ ဆုံးဖြတ်ခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။

# ပြန်လည်ဆုံစည်းခဲ့ကြတဲ့ Girls' Generation အဖွဲ့ဝင်များ

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီး တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ Girls' Generation ဟာ အဖွဲ့ဝင်တစ်ဦးချင်းစီ တေးဂီတလှုပ်ရှားမှုတွေ သီးခြားလုပ်ဆောင်နေတာကြောင့် အဖွဲ့လိုက်လှုပ်ရှားမှုတွေ မရှိခဲ့ပါဘူး။ ဒါပေမယ့် လတ်တလောမှာ အဖွဲ့ဝင်တွေဟာ သူတို့ရဲ့ မန်နေဂျာ မင်္ဂလာပွဲမှာ တေးသီချင်းသီဆိုဖျော်ဖြေပေးဖို့ရာ ပြန်လည်ဆုံစည်းခဲ့ကြကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

**သီဆိုဖျော်ဖြေ**

လတ်တလောပြုလုပ်ခဲ့တဲ့ အဖွဲ့မန်နေဂျာရဲ့ မင်္ဂလာအခမ်းအနားမှာ အဖွဲ့ဝင်တစ်ဦးဖြစ်သူ တစ်ဖန်နီမှလွဲပြီး ကျန်အဖွဲ့ဝင်တွေအားလုံး မင်္ဂလာသီချင်း သီဆိုဖျော်ဖြေပေးခဲ့ပါတယ်။ အဖွဲ့လိုက်ရိုက်ကူးထားတဲ့ ဓာတ်ပုံကို အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဆိုးယွန်းက သူ့ရဲ့ အင်စတာဂရမ် စာမျက်နှာပေါ်မှာ ဖော်ပြခဲ့ပြီး ဓာတ်ပုံနဲ့အတူ ပြန်လည်ဆုံစည်းခွင့်ရတဲ့အတွက် ဝမ်းသာကြောင်းလည်း ထည့်သွင်းရေးသားဖော်ပြခဲ့တာ တွေ့ရပါတယ်။




အေးပြည့် - စုစည်းသည်

# အသွားအလာကန့်သတ်ထားတဲ့ကာလအတွင်း ကလပ်တစ်ခုမှာ သွားရောက်ဖျော်ဖြေခဲ့တဲ့ မင်နို

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ တေးသံရှင်တစ်ဦးဖြစ်သူ မင်နိုဟာ အမျိုးသားတေးဂီတအဖွဲ့ WINNER ရဲ့ အဖွဲ့ဝင်တစ်ဦး ဖြစ်ပါတယ်။ ပေ့ါပ်ကြယ်ပွင့်ဟာ ကိုရိုနာဗိုင်းရပ်စ် ဖြစ်ပွားမှုတွေကြောင့် ဒေသတွင်း အသွားအလာ ကန့်သတ်ထားကာ ခပ်ခွာခွာနေထိုင်ရေး စည်းမျဉ်းတွေ ထုတ်ပြန်ထားတဲ့ ကာလမှာ ကလပ်တစ်ခုသို့ သွားရောက်ဖျော်ဖြေခဲ့တာကြောင့် အချို့သော ပရိသတ်တွေက သူ့ကို ပြစ်တင်ပြောဆိုတာတွေရှိနေကြောင်း ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဒေသတွင်း မီဒီယာတစ်ခုဖြစ်တဲ့ ဒစ်ပက်ချ်ရဲ့ ဖော်ပြချက်အရ မင်နိုဟာ မေ ၃ ရက်မှာ ဂန်းဝန်ပြည်နယ်မှာရှိတဲ့ ယန်ယန်စီရင်စုမှာ ဖွင့်လှစ်ခဲ့တဲ့ ကလပ်တစ်ခုရဲ့ ဖွင့်ပွဲမှာ ပါဝင်ဖျော်ဖြေခဲ့တာ ဖြစ်ပါတယ်။ မင်နိုက အခြားသူတွေနဲ့အတူ ဆိုးလ်ကနေ အဆိုပါမြို့ဆီကို ဘတ်စ်ကားတစ်စီးတည်းအတူ သွားရောက်ခဲ့တာလည်း ဖြစ်ပါတယ်။



မင်နိုဟာ ဖွင့်ပွဲအခမ်းအနားမှာ သူ့ရဲ့ ကျော်ကြားတဲ့ တေးသီချင်း FIANCÉ နဲ့ ဖျော်ဖြေခဲ့ပြီး သူဖျော်ဖြေစဉ် အခြားသူတွေလည်း သူ့အနားမှာ ဝိုင်းအုံကခုန်နေကြကြောင်းလည်း သိရပါတယ်။ ဒါ့အပြင် ကခုန်သူတွေ အများစုဟာ နှာခေါင်းစည်းကို မေးအောက်မှာ ချိတ်ထားကြပြီး ပါးစပ်နဲ့ နှာခေါင်းကိုတော့ အုပ်ထားခြင်း မရှိတာကိုလည်း တွေ့ရပါတယ်။

## ဦးပြည့်စုံကျော်
### အသက် (၃၉) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁) ရပ်ကွက်၊ မြသီတာအိမ်ရာ (1A-63) နေ ဦးကျော်ညွန့် - ဒေါ်သန်းမြင့်တို့၏သားထွေး၊ (ဦးလှမြင့်)-ဒေါ်အုန်းကြည်၊ ဦးမောင်အေး-ဒေါ်မြမြစန်း၊ ဒေါ်အေးမြင့်တို့၏တူ၊ ဦးစဝ်ရန်အောင်-ဒေါ်စုစန္ဒာကျော်၊ ဦးဘုန်းနိုင်-ဒေါ်စုနန္ဒာကျော်တို့၏မောင်၊ မောင်အောင်ကျော်သန်း၊ မအိမ့် ခြူးခြူးဆွေ၊ မရွှေနှစ်ဦး၊ မရွှေမြစံသူ၊ မသဒ္ဒါရွှေဖြူတို့၏ဦးလေး ဦးပြည့်စုံကျော်သည် ၁၂-၅-၂၀၂၀ ရက်(အင်္ဂါနေ့) မွန်းလွဲ ၁:၃၀ နာရီတွင် အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၌ (၉၆) ပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၂၀ ရက် (ကြာသပတေးနေ့) နံနက် ၀၉:၃၀ နာရီတွင် အမှတ်(၁) တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀) ငြိမ်းအေးဇရပ်၌ တရားနာရေစက်ချ၍ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကွယ်လွန်သူအားရည်စူး၍ ၁၈-၅-၂၀၂၀ ရက် (တနင်္လာနေ့) နံနက် ၀၇:၀၀ နာရီတွင် အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာမည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး

## ဒေါက်တာထွေးထွေးစမ်း
### အသက် (၆၃) နှစ်

**Director, Aung Kyun Thar Co, Ltd.**

ရန်ကုန်မြို့(သနပ်ပင်)နေ (ဦးစိုးမောင်-ဒေါ်ကျင်စိန်)တို့၏သမီး၊ (ဦးသန်းမြင့်)- ဒေါ်တင်တင်လှတို့၏ချွေးမ၊ ရန်ကုန်မြို့နေ ဦးစိုးမင်း-ဒေါ်ကျင်စိုး၊ ဦးမြင့်စိန်-ဒေါ်နုနု၊ ဒေါ်အေး၊ ဦးစိုးကြင်-ဒေါ်ခင်မမ၊ ဒေါ်ကြည်ကြည်အေး၊ ဦးအောင်သင်း - ဒေါ်စန်းစန်းအေးတို့၏ညီမ ၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်၊ ဘုရားကြီးရပ်ကွက်၊ အမှတ်(၄) ဈေးမြောက်လမ်း Condo AG-(1)နေ ဒေါက်တာဝေဖြိုးသန့်၊ မောင်ဟိန်းထက်တို့၏ ချစ်လှစွာသော မိခင်၊ ဒေါက်တာမျိုးသန့်၏ ဇနီး (ဒေါက်တာထွေးထွေးစမ်း)သည် ၁၂-၅-၂၀၂၀ရက် ညနေ ၅:၄၉ နာရီတွင် Grand-Hantha ဆေးရုံကြီးတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၂၀ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဝမ်းနည်းကြေကွဲခြင်း
## ဦးချစ်စိန်
### အသက်(၈၉)နှစ်

ဗိုလ်မှူးကိုကိုအောင်(ငြိမ်း)၏ ဖခင်ကြီးဖြစ်သူ ဦးချစ်စိန် အသက်(၈၉) နှစ်သည် စစ်ကိုင်းမြို့နယ်၊ တောင်မြို့ကျေးရွာနေအိမ်၌ ၇-၅-၂၀၂၀ ရက် ည ၈:၁၅ နာရီတွင် ဘဝတစ်ပါးကူးပြောင်းသွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၈၅)၊ သီဟတပ်ခွဲ**
**ကျောင်းဆင်းအရာရှိများနှင့် မိသားစုဝင်များ**

---

# သွေးသည် အသက်

---

Ph: 09-260593388, 09-799285868

---

### ပျောက်ဆုံး

ကျွန်တော် ဦးအောင်ကျော်စိုး[၁၂/ကမရ(နိုင်)၀၅၁၀၄၂] ပိုင် D.O.F (225) ရေယာဉ်ငါးဖမ်းလိုင်စင်မူရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၄၁၄၁၀၆**

---

## ဦးမျိုးမင်းဦး[၁၀/မလမ(နိုင်)၀၀၆၄၁၅]နှင့် အများသိစေရန် အသိပေးကြေညာခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ပန်းဘဲတန်းရပ်၊ အောက်လမ်းမကြီး၊ အမှတ်(၄၈၅)နေ ဒေါ်သဲသဲအိခိုင် (ခ)ဒေါ်ခိုင်ဆူးဆူးသဲထက်[၁၀/မလမ(နိုင်)၁၅၇၆၃၄]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်သဲသဲအိခိုင်(ခ)ဒေါ်ခိုင်ဆူးဆူးသဲထက်နှင့် ဦးမျိုးမင်းဦးတို့သည် ၁၄-၅-၂၀၀၀ခုနှစ်တွင် လက်ထပ်ထိမ်းမြားခဲ့ကြပြီး သမီး(၂)ဦးထွန်းကားခဲ့ပါသည်။ အိမ်ထောင်သက်အနှစ် (၂၀)အတွင်း ဦးမျိုးမင်းဦးသည် ကျွန်ုပ်မိတ်ဆွေဖြစ်သူအား ကိုယ်စိတ်နှစ်ပါးမချမ်းမြေ့အောင် ပြုမူပြောဆို ခြင်း၊ ကိုယ်ထိလက်ရောက်ရိုက်နှက်ညှဉ်းပန်းနှိပ်စက်မှုတို့ကြောင့် ကျွန်ုပ်မိတ်ဆွေဖြစ်သူမှ ၃၁-၁-၂၀၂၀ ရက်တွင် မိဘများရှိရာ မော်လမြိုင်မြို့သို့ သွားရောက်နေထိုင်ခဲ့ပါသည်။ ကျွန်ုပ်မိတ်ဆွေဖြစ်သူမှ မိဘများထံ ပြန်လည်နေထိုင်ခဲ့ရာတွင် မိမိနှင့်အတူ နှစ်ဦးပိုင်ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းများ၏ စာရွက်စာတမ်းများ(မူရင်းများ)အား တစ်ပါးတည်းယူဆောင်ခဲ့ပါသည်။ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ယူဆောင်လာသည့်ပစ္စည်းများမှာ ၁။ CADILLAC SRX(BLACK) 6I-6996မော်တော်ယာဉ်၏ ယာဉ်ပိုင်ဆိုင်မှုစာအုပ်(မူရင်း)၊ ၂။ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၈)၊ ပဒေသာရပ်၊ အကွက်အမှတ်(၄)၊ ဦးပိုင်အမှတ်(၂၅၃-ခ+၂၅၄)၊ မြေယာအမှတ်(၂၅၃ဘီ+၂၅၄)၊ မြေဧရိယာ (၀.၂၂၀)ဧကရှိ မြေနှင့်မြေပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်များအားလုံး၏ ပိုင်ဆိုင်မှုစာချုပ်စာတမ်း (မူရင်း)၊ ၃။ ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ လှုနေရပ်ကွက် အမှတ်(သုဝဏ္ဏ)၊ မြေတိုင်းရပ်ကွက်အမှတ် (၂၃)၊ မြေကွက်အမှတ်(၄၅/က)၊ ဧရိယာ(၀.၁၇၂)ဧကရှိ နှစ်(၆၀)ဂရန်မြေအမျိုးအစားမြေနှင့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး၏ ပိုင်ဆိုင်မှုစာချုပ်စာတမ်း(မူရင်းများ)တို့ဖြစ်ပါသည်။

အထက်ဖော်ပြပါ ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းများနှင့်ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေဖြစ်သူ၏ မျက်ကွယ်တွင် သက်ဆိုင်ရာအစိုးရရုံးဌာနအသီးသီးတို့၌ အမည်လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်းနှင့် မိတ္တူမှန်လျှောက်ထားခြင်းမျိုးတို့ကို ပြုလုပ်ခြင်းမပြုရန် ဦးမျိုးမင်းဦးနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးသီတာမော်(တရားလွှတ်တော်ရှေ့နေ)(စဉ်-၈၄၂၉/၂၀၁၂)**
**အမှတ်(၉၉/၁၀၁)၊ ကျောက်မြောင်းလမ်းနှင့် မလွှကုန်းလမ်းထောင့်၊**
**ကျားကွက်သစ်(စံပြ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၄၈၂၂၁**

---

## ဝမ်းနည်းကြေကွဲခြင်း
## မောင်ပြည့်စုံကျော်
### အသက် (၃၉) နှစ်

တူမောင် မောင်ပြည့်စုံကျော် ၁၂-၅-၂၀၂၀ ရက် (အင်္ဂါနေ့) မွန်းလွဲ ၁:၃၀ နာရီတွင် ကွယ်လွန်သွားသည့်အတွက် ဝမ်းနည်းကြေကွဲရပါကြောင်းနှင့် ကောင်းရာမွန်ရာဘုံဘဝသို့ ရောက်ရှိပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**ဦးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း**
**မိသားစု**

---

## ဒေါ်ဆွေဆွေဝင်း
### အသက် (၆၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်နေ၊ ဦးတင်မောင်ဝင်း (ညွှန်ကြားရေးမှူး - ငြိမ်း)၊ ထုတ်လုပ်ရေး၊ MOGE)၏ ဇနီး၊ ဦးချမ်းငြိမ်းဝင်း၊ ဒေါ်ဝင့်ဝါလင်းတို့၏မိခင် ဒေါ်ဆွေဆွေဝင်းသည် (၁၂-၅-၂၀၂၀) ရက် ညနေ ၆:၂၀ နာရီတွင် (၉၆)ပါးသော ရောဂါဝေဒနာဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၂၀ ရက် (ကြာသပတေးနေ့)၊ မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း၊ ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာထွေးထွေးစမ်း

**Director, Aung Kyun Thar Co, Ltd.**

### အသက် (၆၃) နှစ်

အောင်ကျွန်းသာကုမ္ပဏီ၏ ဒါရိုက်တာ ဒေါက်တာ ထွေးထွေးစမ်းသည် ၁၂-၅-၂၀၂၀ ရက် ညနေ ၅:၄၉ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**Board Of Director**
**Aung Kyun Thar Co.ltd.**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာထွေးထွေးစမ်း

**Director, Aung Kyun Thar Co, Ltd.**

### အသက် (၆၃) နှစ်

အောင်ကျွန်းသာကုမ္ပဏီ၏ ဒါရိုက်တာ ဒေါက်တာ ထွေးထွေးစမ်းသည် ၁၂-၅-၂၀၂၀ ရက် ညနေ ၅:၄၉ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Aung Kyun Thar Co.ltd.**
**ဝန်ထမ်းများ**

---

### အထူးကြေကွဲဝမ်းနည်းခြင်း
## ဒေါ်ခင်ရီ
### အသက်(၉၄)နှစ်

စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၂၄)မှ သူငယ်ချင်း ဗိုလ်မှူးတင်ဝင်း (ဒုညွှန်ချုပ်-ငြိမ်း)-ဒေါ်ခင်မြင့်ဝေတို့၏ ချစ်လှစွာသော မိခင်ကြီး ဒေါ်ခင်ရီ (၉၄)နှစ်သည် ၁၂-၅-၂၀၂၀ (အင်္ဂါနေ့) နံနက် ၅:၁၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် သူငယ်ချင်းမိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ညီနောင်(၂၄)မှ သူငယ်ချင်းများနှင့် မိသားစုများ**

---

### ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်နီနီ
### အသက်(၇၇)နှစ်

ဗိုလ်မှူးရန်လင်းအောင်(ငြိမ်း)၊ ညွှန်ကြားရေးမှူး၊ တနင်္သာရီတိုင်း ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ နယ်စပ်ရေးရာဝန်ကြီးဌာန၏မိခင်ကြီးဖြစ်သူ ဒေါ်နီနီ အသက်(၇၇)နှစ်သည် ရန်ကုန်မြို့၊ ပြည်သူ့ဆေးရုံကြီး၌ ၈-၅-၂၀၂၀ ရက် နံနက် ၁၀:၄၅ နာရီတွင် ဘဝတစ်ပါးကူးပြောင်းသွားကြောင်းသိရသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၈၅)၊ သီဟတပ်ခွဲ**
**ကျောင်းဆင်းအရာရှိများနှင့် မိသားစုဝင်များ**

---

### အထူးဝမ်းနည်းကြေကွဲခြင်း

ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးစိန်သောင်း

တပ်ကြပ်ကြီး (ငြိမ်း)

### အသက် (၇၆) နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ကျောက်ရေတွင်းရပ်ကွက်၊ ဖောင်တော်ဦးဘုရားလမ်း၊ အမှတ်(၉၁)နေ ဦးမျိုးမင်းဇော် (ညွှန်ကြားရေးမှူး၊ ပြည်တွင်းအခွန်များဦးစီးဌာန)-ဗိုလ်ကြီးနှင်းနှင်းလှိုင်(ငြိမ်း)တို့၏ဖခင် ဦးစိန်သောင်းသည် ၁၂-၅-၂၀၂၀ (အင်္ဂါနေ့) နံနက် ၀၀:၂၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်**
**ဝန်ထမ်းမိသားစုများ**
**ပြည်တွင်းအခွန်များဦးစီးဌာန**

---

## ဒေါ်နန်းအေးရီ(ခ)ဒေါ်နန်း
### အသက်(၈၂)နှစ်
### သန်လျင်မြို့

ဖျာပုံမြို့နေ (ဦးဖိုးကောက်-ဒေါ်မြရှိန်)တို့၏ သမီးချွေးမ လားရှိုးမြို့နေ (ဦးရွက်ခမ်း-ဒေါ်ဆွယ်ခမ်းလျှံ)တို့၏သမီး၊ သန်လျင်မြို့၊ အမှုထမ်းရပ်ကွက်၊ စိုက်ပျိုးရေးလမ်း၊ အမှတ်(၄၈)နေ၊ (ဦးထွန်းရီ-တိုင်းရင်းဆေးပညာ ဦးစီးဌာန)၏ဇနီး ၊ ဖျာပုံမြို့နေ(ဦးသော်က)- ဒေါ်နန်းရီ၊ ဒေါ်ရီရီချို (တိုင်းရင်းဆေးပညာဦးစီးဌာန-(ငြိမ်း)၊ ဦးကြည်ဇင်ထွန်း (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပင်စင်ဦးစီးဌာန)-ဒေါ်ယဉ်ယဉ်နွယ် (လက်ထောက်ညွှန်ကြားရေးမှူး အမျိုးသားစာကြည့်တိုက်) ဦးကြည်လင်ထွန်း၊ ဒေါ်မိုးမိုးအောင်၊ ဦးကြည်လွင်ထွန်း-ဒေါ်မိုးမိုး၊ ဦးသန့်ဇင်ထွန်း-(ဒေါ်အေးအေးမြင့်)၊ တပ်ကြပ်အောင်သူ-ဒေါ်ကြည်ကြည်အေး၊ ဦးစည်သူ-ဒေါ်ဝင်းဝင်းစန်းတို့၏ မိခင်ကြီး၊ မြေး(၉)ယောက်တို့၏ ဘွားဘွားကြီး ဒေါ်နန်းအေးရီ(ခ)ဒေါ်နန်း၊ အသက် (၈၂)နှစ်သည် ၁၂-၅-၂၀၂၀ ရက် (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီခွဲအချိန်တွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၂၀ ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီအချိန်တွင် သန်လျင်မြို့၊ အမိုးနီသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးဝေးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။ (သန်လျင်မြို့နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီအချိန်တွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်နန်းအေးရီ (ခ) ဒေါ်နန်း
### အသက် (၈၂) နှစ်
### သန်လျင်မြို့

ဦးကြည်ဇင်ထွန်း (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပင်စင်ဦးစီးဌာန)-ဒေါ်ယဉ်ယဉ်နွယ်(လက်ထောက်ညွှန်ကြားရေးမှူး၊ အမျိုးသား စာကြည့်တိုက်)တို့၏ မိခင် ဒေါ်နန်းအေးရီ (ခ) ဒေါ်နန်း၊ အသက် (၈၂) နှစ်သည် ၁၂-၅-၂၀၂၀ ရက် (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီခွဲအချိန်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**Executive 1 ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်**
**(အောက်မြန်မာပြည်) သင်တန်းဖော်သူငယ်ချင်းများ**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဦးခင်မောင်သိန်း

**ဝန်ကြီး(ငြိမ်း)၊ (စွမ်းအင်ဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန)**

### အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်နေ ဒေါ်စုစုသိန်း၏ ချစ်လှစွာသော ခင်ပွန်း ဦးခင်မောင်သိန်း၊ ဝန်ကြီး(ငြိမ်း)၊ (စွမ်းအင်ဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)သည် ၁၂-၅-၂၀၂၀ (အင်္ဂါနေ့) နံနက် ၆ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့် ဝန်ထမ်းများ**
**ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဦးမြင့်ဝေ(၁)
### အသက်(၇၁)နှစ်
### (ကြို့ပင်ကောက်)

တပည့်များအား မောင်နှမရင်းချာသကဲ့သို့ တစ်မျိုး၊ မိတ်ဆွေသူငယ်ချင်းကဲ့သို့သဖွယ် မေတ္တာစိတ်ရင်းဖြင့် သွန်သင်ချစ်ခင်ဆုံးမပေးခဲ့တဲ့၊ တပည့်များအားလုံး ချစ်ခင်ခဲ့ရတဲ့ ဆရာကြီး ဦးမြင့်ဝေ ကွယ်လွန်သွားတဲ့အတွက် အထူးကြေကွဲ ဝမ်းနည်းမိပါတယ်။

**1979(2nd Batch)**
**Metallurgy/Rc-2**

---

## ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာခင်ရီရီဝေ အသက် (၄၄)နှစ်၊ M.B,B.S, M.Med.Sc (Paed), MRCPCH (UK), Fellowship in Paediatric Cardiology (South Korea) ကလေးအထူးကုဆရာဝန် (ကလေးနှလုံး)သည် ၁၁-၅-၂၀၂၀ ရက် နံနက် ၉:၁၅ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခနှင့် ကလေးနှလုံးဆေးကုသဆောင်မိသားစု**
**ရန်ကင်းကလေးဆေးရုံကြီး**

---

လျှပ်စစ်အသိ၊ လျှပ်စစ်သတိ

ပျက်စီးနေသော မီးပလပ်၊ ဆော့ကက် များကိုမသုံးရ။



သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရှေးတိုက်ကိုစိုး

ဘုရား၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်ထွေးလှ**

**အသက် (၈၃) နှစ်**

ရောဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်၊ ခတ္တိယကျေးရွာနေ (ဦးလွန်းခင်-ဒေါ်စောမျှင်)တို့၏သမီးထွေး၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်းတောင်/အနောက်ရပ်ကွက်၊ အမှတ်(၄၂-A)၊ ဦးရွှေစိုးလမ်းနေ (ဦးဘစိန်-ဒေါ်အေးကြည်၊ ဒေါ်သိန်းမေ)တို့၏သမီးချွေးမ၊ [ဦးဘညွန့်(ခ)ဦးညွန့်ဝေ]၏ဇနီး၊ (ဦးထွန်းဝေ)-ဒေါ်အေးအေးတင့်၊ ဦးကျော်ဦး-ဒေါ်သစ်သစ်ဆန်း၊ ဦးဝင်းမြင့်-ဒေါ်မြင့်မြင့်မိုး၊ (ဦးတိုးတိုးအောင်)-ဒေါ်သစ်သစ်ဦး၊ ဦးသက်နိုင်ဦး-ဒေါ်နီလာဝင်း၊ ဦးလှဖြူသန်း(ခ)ဦးလတ်-ဒေါ်နီနီထွေးတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေး ၁၄ ယောက်၊ မြစ် ခြောက်ယောက်တို့၏ အဘွား ဒေါ်ထွေးလှသည် ၁၂-၅-၂၀၂၀ (အင်္ဂါနေ့) မွန်းလွဲ ၁:၂၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၂၀(ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၅-၂၀၂၀ (တနင်္လာနေ့) နံနက်တွင် အမှတ်(၄၂)၊ ဦးရွှေစိုးလမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ကျန်ရစ်သူမိသားစုမှ ဖိတ်ကြားအပ်ပါသည်။]

ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**ဦးစိန်သောင်း**

တပ်ကြပ်ကြီး(ငြိမ်း)

**အသက်(၇၆)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ကျောက်ရေတွင်းရပ်ကွက်၊ ဖောင်တော်ဦးဘုရားလမ်း၊ အမှတ် (၉၁)နေ ဒေါ်တင်တင် (ကျောင်းအုပ်ဆရာမကြီး-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဝဏ္ဏ-ဒေါ်မြင့်သီတာ (ယုဇနဆေးစတိုး)၊ ဦးမျိုးမင်းဇော် (ညွှန်ကြားရေးမှူး၊ ပြည်တွင်းအခွန်များဦးစီးဌာန)-ဗိုလ်ကြီးနှင်းနှင်းလှိုင်(ငြိမ်း)တို့၏ ချစ်လှစွာသောမွေးသဖခင်၊ မချောကလျာ(ဒုတိယဦးစီးမှူး-အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန)၊ မောင်ခန့်ကျော်ယံ၊ မောင်ဇော်လင်းထက်၊ မောင်ခန့်ထူးဇော်တို့၏ ချစ်လှစွာသောအဘိုး ဦးစိန်သောင်းသည် ၁၂-၅-၂၀၂၀ (အင်္ဂါနေ့) နံနက် ၀၀:၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်အား ၁၂-၅-၂၀၂၀ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၈-၅-၂၀၂၀ (တနင်္လာနေ့) နံနက်တွင် အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာ ဆောင်ရွက်မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒုတိယဗိုလ်မှူးကြီးခင်မောင်သိန်း (ငြိမ်း)

**ကြည်း-၈၂၅၄၊ B.Sc (Engg) (ဝါဇီ/T.S.C/E.P.C) (ငြိမ်း) က.က.ထုတ်**
**ဦးဆောင်ညွှန်ကြားရေးမှူး (ဝါဇီ/T.S.C/E.P.C)(ငြိမ်း)**
**စွမ်းအင်ဝန်ကြီး(ငြိမ်း)၊ ဘဏ္ဍာ/အခွန်ဝန်ကြီး (ငြိမ်း)**

**အသက် (၈၆) နှစ်**

သူငယ်ချင်း ဒေါက်တာခင်ရတနာသိန်း၏ ချစ်လှစွာသောဖခင်ကြီး ဦးခင်မောင်သိန်း ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် သူငယ်ချင်းမိသားစုနဲ့ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ခင်မျိုးအေး၊ မျိုးစန္ဒာခင်၊ စန်းစန်း၊ ချစ်ချစ်၊ ယဉ်မေလွင်၊ ယဉ်မျိုးလှိုင်၊ သီတာ၊ အိခင်**

## ဝမ်းနည်းကြေကွဲခြင်း

## ဦးခင်မောင်သိန်း

**အသက်(၈၆)နှစ်**

**ဘဏ္ဍာအခွန်-စွမ်းအင်ဝန်ကြီး (ငြိမ်း)၊ ဝါဇီ(ငြိမ်း)**

အမှတ်(၂၂၆)၊ စရည်းပင်လမ်း၊ သုဝဏ္ဏနေ ဒေါ်စုစုသိန်း၏ခင်ပွန်း၊ ဦးခင်မောင်သိန်း သည် ၁၂-၅-၂၀၂၀ ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဝါဇီဝန်ထမ်းဟောင်းများအဖွဲ့**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒုတိယဗိုလ်မှူးကြီးခင်မောင်သိန်း(ငြိမ်း)

**ကြည်း-၈၂၅၄၊ B.Sc(Engg) (ဝါဇီ/T.S.C/E.P.C၊ ငြိမ်း) က-က-ထုတ်**
**ဦးဆောင်ညွှန်ကြားရေးမှူး (ဝါဇီ/T.S.C/E.P.C၊ ငြိမ်း)**
**စွမ်းအင်ဝန်ကြီး(ငြိမ်း)၊ ဘဏ္ဍာ/အခွန်ဝန်ကြီး(ငြိမ်း)**

**အသက်(၈၆)နှစ်**

1985–95 Batch ဆေးတက္ကသိုလ် (၁)မှ သူငယ်ချင်း ဒေါက်တာခင်ရတနာသိန်း၏ ချစ်လှစွာသောဖခင်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်သိန်း(ငြိမ်း)သည် ၁၂-၅-၂၀၂၀ (အင်္ဂါနေ့) နံနက် ၆ နာရီတွင် ရန်ကုန်မြို့၊ သုဝဏ္ဏနေအိမ်၌ ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူ သူငယ်ချင်းတို့ရဲ့ မိသားစုနှင့်အတူ စာနာစွာဖြင့် အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဆေးတက္ကသိုလ်(၁)85–95 Batch မှ သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ခင်ခင်ဆွေ

**အသက်(၈၃)နှစ်**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းမှ ဒေါ်ခင်စိုးစိုးအေး (လက်ထောက်အထွေထွေမန်နေဂျာ)၏ ချစ်လှစွာသော မိခင် ဒေါ်ခင်ခင်ဆွေသည် ၁၁-၅-၂၀၂၀ ရက် နံနက် ၄နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အရာထမ်း၊ အမှုထမ်းများ**
**မြန်မာ့စာတိုက်လုပ်ငန်း**
**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

## ဒုတိယဗိုလ်မှူးကြီး ခင်မောင်သိန်း(ငြိမ်း)

**ကြည်း ၈၂၅၄, B.Sc(Engg.)**
**ကကထုတ်**
**ဦးဆောင်ညွှန်ကြားရေးမှူး(ဝါဇီ/TSC/EPC)(ငြိမ်း)**
**စွမ်းအင်ဝန်ကြီး(ငြိမ်း)**
**ဘဏ္ဍာ/အခွန်ဝန်ကြီး(ငြိမ်း)**

**အသက်(၈၆)နှစ်**

အမှတ်-၂၂၆၊ စရည်းပင်လမ်း၊ သုဝဏ္ဏနေ ဒေါ်စုစုသိန်း၏ ချစ်လှစွာသောခင်ပွန်း၊ ဦးခင်မောင်သိန်းသည် ၁၂-၅-၂၀၂၀ ရက် (အင်္ဂါနေ့) နံနက် ၆ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**နာယက၊ ဥက္ကဋ္ဌနှင့်ဒါရိုက်တာအဖွဲ့**
**ကမ္ဘောဇဘဏ်လီမိတက်**

## ဝမ်းနည်းကြေကွဲခြင်း

## ဒုတိယဗိုလ်မှူးကြီး ခင်မောင်သိန်း(ငြိမ်း)

**ကြည်း ၈၂၅၄, B.Sc(Engg.)**
**ကကထုတ်**
**ဦးဆောင်ညွှန်ကြားရေးမှူး(ဝါဇီ/TSC/EPC)(ငြိမ်း)**
**စွမ်းအင်ဝန်ကြီး(ငြိမ်း)**
**ဘဏ္ဍာ/အခွန်ဝန်ကြီး(ငြိမ်း)**

**အသက်(၈၆)နှစ်**

အမှတ်-၂၂၆၊ စရည်းပင်လမ်း၊ သုဝဏ္ဏနေ ဒေါ်စုစုသိန်း၏ ချစ်လှစွာသောခင်ပွန်း၊ ဦးခင်မောင်သိန်းသည် ၁၂-၅-၂၀၂၀ ရက် (အင်္ဂါနေ့) နံနက် ၆ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**နာယက**
**KBZ GROUP**

## ဝမ်းနည်းကြေကွဲခြင်း

## ဒုတိယဗိုလ်မှူးကြီး ခင်မောင်သိန်း(ငြိမ်း)

**ကြည်း ၈၂၅၄, B.Sc(Engg.)**
**ကကထုတ်**
**ဦးဆောင်ညွှန်ကြားရေးမှူး(ဝါဇီ/TSC/EPC)(ငြိမ်း)**
**စွမ်းအင်ဝန်ကြီး(ငြိမ်း)**
**ဘဏ္ဍာ/အခွန်ဝန်ကြီး(ငြိမ်း)**

**အသက်(၈၆)နှစ်**

အမှတ်-၂၂၆၊ စရည်းပင်လမ်း၊ သုဝဏ္ဏနေ ဒေါ်စုစုသိန်း၏ ချစ်လှစွာသောခင်ပွန်း၊ ဦးခင်မောင်သိန်းသည် ၁၂-၅-၂၀၂၀ ရက် (အင်္ဂါနေ့) နံနက် ၆ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါသည်။

**နာယက၊ ဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့**
**KBZ MS General Insurance and KBZ Life Insurance**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးခင်မောင်သိန်း

**ဘဏ္ဍာ/အခွန်ဝန်ကြီး(ငြိမ်း)**
**စွမ်းအင်ဝန်ကြီး(ငြိမ်း)**
**ဦးဆောင်ညွှန်ကြားရေးမှူး(ဝါဇီ/TSC/EPC)(ငြိမ်း)**

**အသက်(၈၆)နှစ်**

အမှတ်-၂၂၆၊ စရည်းပင်လမ်း၊ သုဝဏ္ဏနေ ကျေးဇူးရှင် အမေဒေါ်စုစုသိန်း၏ ချစ်လှစွာသောခင်ပွန်း ကျေးဇူးရှင် အဖ ဦးခင်မောင်သိန်းသည် ၁၂-၅-၂၀၂၀ ရက် (အင်္ဂါနေ့)၊ နံနက် ၆ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပြီဖြစ်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးညိုမြင့်-ဒေါက်တာနန်းခင်မေဖူး မိသားစု**

# ဒေါ်ထားရှိန်(ခ)ဒေါ်ထားထား(ဘားအံ)

# အသက်(၉၉)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဇေယျာသီရိလမ်း၊ အမှတ်(၉)နေ (ဦးကြာသက်-ဒေါ်သိန်းနု)တို့၏ သမီး၊ (ဒေါ်အုံးဖြူ)၏ညီမ၊ (ဦးအောင်ကျော်-ဒေါ်တင်တင်)၊ ဒေါ်သိန်းသိန်းတို့၏ အစ်မ၊ ဦးရာဇာ၊ (ဦးတင်မောင်ဦး)-ဒေါ်သီတာဆွေ၊ ဒေါ်စန္ဒာဆွေ၊ ဦးဒေဝကုမ္မာန်-ဒေါ်ကြူကြူဝေ၊ (ဦးအောင်ခိုင်)၊ ဦးဇေယျ-ဒေါ်မြတ်မွန်ဥဏ်၊ ဒေါက်တာရာပြည့်-ဒေါက်တာစောသဇင်တို့၏ မိခင်ကြီး (ဦးဘဆွေ-သာသနာရေး)၏ဇနီး၊ မြေး(၁၀)ယောက်၊ မြစ်လေးယောက်တို့၏ ဘွားဘွားကြီး ဒေါ်ထားရှိန်(ခ) ဒေါ်ထားထား(ဘားအံ)၊ အသက်(၉၉)နှစ်သည် လူကြီးရောဂါဖြင့် ၁၂-၅-၂၀၂၀ရက်၊ နံနက် ၃:၀၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၄:၀၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## (၁၀) နှစ်ပြည့်တမ်းတခြင်း

## ဟာဂျီမ ဒေါ်စဖူရာဘီဘီ(ခ)ဒေါ်စန်းရီ(ခ)SALLY JALLE

**Ex: BUSINESS REP OF PAMKAYU (M) SDN.BHD &**
**ENCON INTERNATIONAL (P) LTD.INDIA**
**Branch Convent ကျောင်းသူဟောင်း (ဘတ်စကတ်ဘောလက်ရွေးစင်)**
**(၁၃-၅-၂၀၁၀)မှ (၁၃-၅-၂၀၂၀)**

ချိုသာသော အသံ၊ ဖြူစင်သော နှလုံးသားနဲ့လှပသော "အမ္မီ" ကွယ်ပျောက်သွားတာ ယနေ့ဆိုလျှင် (၁၀)နှစ်ရှိပါပြီ၊ "အမ္မီ" အရိပ်အောက်မှာ နေခဲ့ရတဲ့ဘဝကို သားသမီးတွေ တမ်းတနေပါတယ်၊ လူလောကထဲကနေ ထွက်သွားတာမြန်ဆန်လိုက်တာ "အမ္မီ"ရယ်၊ မိသားစုတွေ စည်းစည်းလုံးလုံးနဲ့ နေခဲ့ရတဲ့အချိန်တွေကို ပြန်လိုချင်ပါတယ်၊ "အမ္မီ"လိုအမေမျိုးကို လက်လွှတ်သွားတာ ဆုံးရှုံးမှုကြီးတစ်ခုပါ "အမ္မီ"ရယ်၊ "အမ္မီ"အတွက် ရည်စူးပြီး အနယ်နယ်အရပ်ရပ်တွင် လှူဒါန်းခဲ့တဲ့အလှူများ၊ "အမ္မီ" မွေးနေ့တွင် လှူဒါန်းခဲ့သော အလှူများ၊ နေ့စဉ်၊ အပတ်စဉ်၊ လစဉ် ရွတ်ဖတ်သရဇ္ဈာယ်ခဲ့သော အကျိုးစဝါတ်များ၊ ယနေ့ပြုလုပ်သော အလှူဒါန အကျိုးစဝါတ်များအားလုံးကို ဂျန္နတ်ဘုံဘဝမှာ "အမ္မီ" ခံစားနိုင်ပါစေ။

**တသက်လုံးတမ်းတနေမဲ့ ချစ်သမီး၊ ချစ်သားများ**
**အမှတ်(၆၈)၊ (၁၂၅) လမ်း၊ သပြေကုန်းရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါက်တာခင်ရီရီဝေ

**M.B,B.S, M.Med.Sc (Paed) MRCPCH(UK)**
**Fellowship in Paediatric Cardiology (South Korea)**
**ကလေးအထူးကုဆရာဝန်(ကလေးနှလုံး)၊ အမျိုးသမီးနှင့်ကလေးဆေးရုံကြီး (တောင်ကြီး)**

**အသက်(၄၄)နှစ်**

တောင်ကြီးမြို့၊ စဝ်စံထွန်းရပ်ကွက်၊ နယ်မြေ(၆)၊ ရှမ်းကျောင်းလမ်း၊ အမှတ်(၈/၃၂၂)နေ ဦးစိန်ထွေး-(ဒေါ်ခင်မြင့်သိန်း) (လ/ထ ကထိက-ငြိမ်း၊ ပညာရေးကောလိပ်)တို့၏ သမီး၊ ဦးညီညီဆွေ-ဒေါက်တာစိမ့်စိမ့်ဝင်း (ကထိက၊ သတ္တဗေဒဌာန၊ ကျိုင်းတုံတက္ကသိုလ်)တို့၏ အစ်မ ဒေါက်တာခင်ရီရီဝေသည် ၁၁-၅-၂၀၂၀ (တနင်္လာနေ့) နံနက် ၉:၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကင်းကလေးဆေးရုံအုပ်ကြီးနှင့် ဆရာဝန်ကြီးများ၊ ဝန်ထမ်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးစောဂလက်စတုံး

**အသက်(၈၆)နှစ်**

ဒေါက်တာနော်စီဘလုတု၊ ဒေါက်တာဝင်းမြတ်အောင် (ဆရာဖိုးခွား)၊ (ဒု-ညွှန်မှူး၊ SEAMEO-CHAT၊ အဆင့်မြင့်ပညာဦးစီးဌာန)တို့၏ဖခင် ဦးစောဂလက်စတုံး (ပစ္စည်းထိန်းချုပ်-ငြိမ်း၊ မြန်မာ့မီးရထား) သည် ၉-၅-၂၀၂၀ ရက်နေ့တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးကြေကွဲဝမ်းနည်းရပါသည်။

**ဆရာဦးမျိုးသန့် နှင့် အင်းဝဆောင် ကျောင်းသားဟောင်းများ**

## အထူးကျေးဇူးတင်ရှိခြင်း

## ဦးမိုးတေဇဟန်

လဝကမှူး (နစက-မောင်တော)

**အသက် (၅၁) နှစ်**

၆-၅-၂၀၂၀ (ဗုဒ္ဓဟူးနေ့)တွင် ခရစ်တော်၌ အိပ်ပျော်သွားသော ဦးမိုးတေဇဟန်၏ နာရေးကိစ္စ အစမှအဆုံးထိ ပြီးစီးအောင် အစစအရာရာ အဆင်ပြေချောမွေ့စေရန် မေတ္တာစေတနာရှေ့ထား၍ ကူညီပေးကြပါသော အလုပ်သမား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ရခိုင်ပြည်နယ်ဦးစီးမှူး၊ လူဝင်မှုကြီးကြပ်ရေးဌာနခွဲ (အနောက်ဖက်နယ်စပ်ဒေသ) ရခိုင်ပြည်နယ်အဖွဲ့မှူးနှင့် လူဝင်မှုကြီးကြပ်ရေးဌာနမှ ဝန်ထမ်းများ (စစ်တွေ၊ ရန်ကုန်၊ ကော့သောင်း၊ ကျိုင်းတုံ)၊ ၁၄/၉၇ မှ သူငယ်ချင်းများ၊ ပြည်သူ့ဆေးရုံကြီး စစ်တွေမြို့မှ ဆေးရုံအုပ်ကြီး ဒေါက်တာဦးဇော်လွင်၊ ဒေါက်တာဦးသီဟန်မြင့် (SAS, Forensic )နှင့် ဆေးရုံဝန်ထမ်းများ၊ စစ်တွေမြို့ နှစ်ခြင်းခရစ်ယာန်အသင်းတော်မှ သင်းအုပ်ကြီး Rev. ဦးအောင်လင်းနှင့်ဇနီး၊ အသင်းတော်လူငယ်များ၊ ကျိုင်းတုံမြို့ ကန်နားလုံ ရှမ်းနှစ်ခြင်းခရစ်ယာန်အသင်းတော်မှ သင်းအုပ်ကြီးဦးစိုင်းတစ်နှင့် ဓမ္မအမှုတော်ဆောင်များ၊ အသင်းသူ အသင်းသားများ၊ ရွှေရောင်မေတ္တာဖောင်ဒေးရှင်း လူမှုကူညီရေးအသင်း (စစ်တွေမြို့)နှင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီသတင်းမေးမေတ္တာပြနှစ်သိမ့်ပေးကြပါသော ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများနှင့်တကွ ကျေးဇူးတင်ထိုက်သူအားလုံးအား အထူးကျေးဇူးဥပကာရတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒုတိယဗိုလ်မှူးကြီးခင်မောင်သိန်း (ငြိမ်း)

ကြည်း-၈၂၅၄၊ B.Sc (Engg)
ကကထုတ်
ဦးဆောင်ညွှန်ကြားရေးမှူး (ဝါဇီ/TSC/EPC) (ငြိမ်း)
စွမ်းအင်ဝန်ကြီး (ငြိမ်း)
ဘဏ္ဍာ/အခွန်ဝန်ကြီး (ငြိမ်း)

**အသက် (၈၆) နှစ်**

မန္တလေးမြို့၊ စိန်ပန်းရပ်နေ (ဦးဘသောင်-ဒေါ်လှ)တို့၏တစ်ဦးတည်းသောသား၊ ရန်ကုန်မြို့နေ (ဦးကျော်ဖံ-ဒေါ်မြမေ)တို့၏သားသမက်၊ ဒေါ်စုစုသိန်း၏ ချစ်လှစွာသောခင်ပွန်း၊ ဦးသော်တာသိန်း-ဒေါ်လှမြတ်ခိုင်၊ ဦးဒေဝါသိန်း-ဒေါ်ခင်စန္ဒာဖေ၊ ဦးမောင်မောင်သိန်း-ဒေါ်တင့်တင့်အောင်၊ ဒေါ်မာလာသိန်း-ဦးထွန်းထွန်း၊ ဒေါ်မွေးသီတာသိန်း-ဦးစိုးမင်းအောင်၊ ဒေါက်တာခင်ရတနာသိန်း-ဒေါက်တာကျော်ကျော်ဝေသိမ်းတို့၏ ချစ်လှစွာသောဖခင်ကြီး၊ မောင်ထက်ခိုင်သိန်း၊ မောင်ကျော်ဒေဝါ၊ မဟေမာန်ဒေဝါ၊ ဒေါက်တာမြတ်ကြည်လဲ့သိန်း၊ မောင်အောင်ဇင်ဖြိုးသိန်း၊ မောင်ကျော်ဇေယျအောင်၊ မယမုံနာအောင်၊ မောင်ဝေလျှံအောင်၊ မပေရယ်သိန်းတို့၏ ချစ်လှစွာသောအဘိုး ဦးခင်မောင်သိန်းသည် ၁၂-၅-၂၀၂၀ (အင်္ဂါနေ့) နံနက် ၆ နာရီတွင် အမှတ်(၂၂၆)၊ စရည်းပင်လမ်း၊ သုဝဏ္ဏနေအိမ်၌ ဘဝတစ်ပါးသို့ ကူးပြောင်းသွားပြီဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ ကြွင်းကျန်သောရုပ်ကလာပ်ကို ၁၄-၅-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် နေအိမ်မှတစ်ဆင့် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်တင့်

**လက်ထောက်ညွှန်မှူး (ငြိမ်း)၊ အထည်အလိပ်လုပ်ငန်း၊ စက်မှုဝန်ကြီးဌာန**

**အသက် (၈၆) နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၈) ရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ အမှတ်(၂၅-A)နေ (ဝဏ္ဏကျော်ထင် ဦးဘတင်-ဒေါ်သိန်းတင်)တို့၏သမီးချွေးမ၊ (ဦးအေးမောင်-ဒေါ်သိန်းသိန်း)တို့၏သမီး၊ [ဦးမျိုးငွေ (ပြည်သူ့ဆောက်လုပ်ရေးဝန်ကြီးဌာန)]၏ဇနီး၊ ဦးမျိုးအောင်(CEO, BLOOM SKY INTERNATIONAL GROUP)-ဒေါ်လှိုင်ဘုန်းမြင့်(LOCAL REPRESENTATIVE, UKRINMASH)၊ ဒေါက်တာမောင်မောင်မျိုး(USA)-ဒေါ်မင်းစပ္ပါယ် (USA)တို့၏မွေးသမိခင်၊ မခိုင်ရွှေရည်ဝင်း(USA)၊ မအိန္ဒြာခိုင်(USA)တို့၏အဘွားသည် ၁၂-၅-၂၀၂၀ (အင်္ဂါနေ့) နံနက် ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်နီနီ (ညောင်တုန်း)

(စား/ထွေ၊ ကုန်သွယ်/လယ်ယာ)

**အသက် (၇၇) နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၇၉)၊ တတိုင်းမွေးလမ်း (၁၄/၃)ရပ်ကွက်နေ (ဦးမောင်ခင်-ဒေါ်ကျင်ပွင့်)တို့၏သမီး၊ [ဦးရန်အောင်(လ/ထမန်နေဂျာ၊ စား/ထွေ)]၏ဇနီး၊ ဦးကျော်ဒင်-ဒေါ်ကြင်ငွေး၊ (ဦးကြီးမောင်)-ဒေါ်စန်းတင်(ကျောင်းအုပ်ဆရာမကြီး)၏ညီမ၊ ဦးရန်လင်းအောင်(ညွှန်ကြားရေးမှူး၊ နတလ)-ဒေါ်ခင်သန်းထွန်း(လ/ထမန်နေဂျာ-ငြိမ်း၊ ဟိုတယ်/ခရီး)၊ ဒေါက်တာဝင်းညွန့်-ဒေါက်တာချောစုအောင်(ခေတ္တ-စင်ကာပူ)တို့၏ ကျေးဇူးရှင်မွေးမိခင်၊ မောင်ကျော်ဇေယျာလင်း(2nd Year UIT)၊ မထူးထူးလှိုင်တို့၏ ချစ်လှစွာသောအဘွားသည် ၈-၅-၂၀၂၀(သောကြာနေ့) နံနက် ၁၀:၄၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကင်ဆာရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၁-၅-၂၀၂၀ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁၄-၅-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးစံလွင် (၇၆)နှစ်

ရောဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်နေ (ဦးမောင်ပန်-ဒေါ်အေးကြည်)တို့သား၊ (ဦးတင်အောင်-ဒေါ်ကြီးရွှေ)တို့၏ မောင်၊ ဦးကျော်မြင့်-ဒေါ်စန်းမြင့်တို့၏ အစ်ကို၊ ဦးအောင်ကြည်လွင်(North Star Co.,Ltd)-ဒေါ်မြင့်မြင့်အေး၊ ဦးမြသောင်း-ဒေါ်ယဉ်ယဉ်ကြည်၊ ဦးအတွတ် (North Star Co.,Ltd)-ဒေါ်ခင်ဝါဝါသန့်၊ ဦးစိုးမျိုးသူ-ဒေါ်လွယ်လွယ်၊ ဒေါ်လင်းလင်း (ရန်ကုန်အဝေးသင်တက္ကသိုလ်)၊ ဦးနိုင်ငွေး(လ/ထကြီးကြပ်ရေးမှူး-၁)(အကျဉ်းဦးစီးဌာန)-ဒေါ်ဇွန်ပွင့်လွင်တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မြေး ၁၁ ယောက် တို့၏ အဘိုး၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၃)ရပ်ကွက်၊ လားရှိုးလမ်း၊ အမှတ်(၃၃၄)နေ ဒေါ်သိန်းညွန့်(ခ)အကြည် ၏ ချစ်လှစွာသောခင်ပွန်းသည် ၁၂-၅-၂၀၂၀ (အင်္ဂါနေ့) နံနက် ၈:၁၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ လတ်တလောဖြစ်ပေါ်နေသော အခြေအနေများအရ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ခြင်း၊ ရက်လည်ဆွမ်းကျွေးတရားတော်နာယူခြင်းများအား မိသားစုဝင်များဖြင့်သာ အကျဉ်းချုံးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လေးစားစွာ အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

## ဦးမြင့်ဝေ(၁) (ကြို့ပင်ကောက်)

**အသက်(၇၁)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်နေ ဦးမြင့်ဝေ(၁) ကြို့ပင်ကောက် အသက်(၇၁)နှစ်သည် ၁၀-၅-၂၀၂၀ ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မေနှင်းခန့် (Enterprise)မှ**
**ဝန်ထမ်းများ**
**သိမ်ကြီးဈေး(ဒီ)ရုံ၊ ရန်ကုန်**

---

## အနိစ္စ

တောင်ကြီးအသင်း(ရန်ကုန်)

## ဒေါ်နန်းငွေကြည်

**ဆင်ခြောက်ကောင်ဆေးတိုက်**

**အသက်(၆၈)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံတောင်စံပြရပ်ကွက်၊ ဦးချစ်မောင်လမ်း (၄၃/၄၅)နေ ဒေါ်နန်းငွေကြည်သည် ၁၀-၅-၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၅-၂၀၂၀ ရက်နေ့တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

အမှုဆောင်အဖွဲ့

---

**နိုင်ငံ**
**သာယာ**
**ဝပြောဖို့**
**သဘာဝ**
**တောတွေ**
**ထိန်းသိမ်းစို့**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးခင်မောင်သိန်း၊ ဝန်ကြီး(ငြိမ်း)

**စွမ်းအင်ဝန်ကြီးဌာန**

**အသက်(၈၆)နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၃)ရပ်ကွက်၊ အမှတ်(၂၂၆)၊ စရည်းပင်လမ်းနေ ယခင်စွမ်းအင်ဝန်ကြီးဌာန၊ ဝန်ကြီး(ငြိမ်း) ဦးခင်မောင်သိန်း အသက်(၈၆)နှစ်သည် ၁၂-၅-၂၀၂၀ ရက် နံနက် ၆ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှအထူးဝမ်းနည်း ကြေကွဲရပါသည်။

**ဦးဝင်းခိုင်နှင့်ဇနီးဒေါ်လှလှမူ**
**ပြည်ထောင်စုဝန်ကြီးနှင့်ဝန်ထမ်းများ**
**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန်၊ လမ်း၊ တံတား ဒါယကာကြီး

## ဦးသောင်းတင် (ပြည်)

ရတနာကုန်သည်

**အသက်(၉၄)နှစ်**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ရွှေဘုံသာ(အလယ်လမ်း)၊ အမှတ်(၂၅၆/၂၆၂)၊ ပထမထပ်နေ ဒေါ်ခင်ရီ၏ ချစ်လှစွာသောခင်ပွန်း၊ ဦးနေဇော်လင်း-ဒေါ်ခင်ဆွေဝင်း (ရွှေဘုန်းရှိန်ရွှေဆိုင်၊ ပြည်မြို့)၊ (ဦးသိန်းထွဋ်)-ဒေါ်မီမီထွန်း၊ ဦးမြတ်ဇော်-ဒေါ်ရီရီဝင်း၊ ဦးအောင်ကျော်မိုး (Jeffery)-ဒေါ်အေးအေးသောင်း၊ ဦးမျိုးဝေ-ဒေါ်စန္ဒာသောင်းတင်တို့၏ ချစ်လှစွာသောဖခင်၊ မြေး ၁၄ ယောက်၊ မြစ်ခြောက်ယောက်တို့၏ အဘိုးသည် ၁၂-၅-၂၀၂၀ (အင်္ဂါနေ့) နံနက် ၈:၃၅ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်ရီ(၉၄)နှစ်

ရန်ကုန်မြို့၊ အရှေ့ဒဂုံမြို့နယ်၊ ဟားခါးလမ်းနှင့် ရတနာသီရိလမ်းထောင့်၊ အမှတ်(၈၃/ခ)နေ (ဦးလှကျော်-ဒေါ်လှမေ)တို့၏ သမီး၊ ဦးချစ်လှိုင်-ဒေါ်ခင်ငွေးမြင့်၊ (ဦးကျော်ဝင်း)-ဒေါ်ခင်အုံးမြင့်၊ (ဦးမြင့်လွင်)-ဒေါ်မြအုံး၊ ဦးမြင့်ဝေ-ဒေါ်ညွန့်ညွန့်ရီ၊ ဦးမြင့်ရွှေ-ဒေါ်သန်းသန်းလွင်၊ ဦးတင်ဝင်း-ဒေါ်ခင်မြင့်ဝေတို့၏ မိခင်၊ မြေး ၁၈ ယောက်၊ မြစ်ခြောက်ယောက်တို့၏ အဘွား ဒေါ်ခင်ရီ အသက်(၉၄)နှစ်သည် ၁၂-၅-၂၀၂၀ (အင်္ဂါနေ့) နံနက် ၅:၁၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၈-၅-၂၀၂၀ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀နာရီအထိ အရှေ့ဒဂုံမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးဟန်ကွန်း (မြန်မာနိုင်ငံစာစစ်အဖွဲ့ရုံးအုပ်-ငြိမ်း)

**အသက် (၈၇) နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့နယ်နေ (ဦးစစ်အောင်-ဒေါ်ဖွားသင်)တို့၏သား၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်နေ (ဦးခင်သက်-ဒေါ်တင်ကြည်)တို့၏သားသမက်၊ ဦးဟန်စိုင်-ဒေါ်ခင်မေတို့၏ညီ၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၇-အရှေ့) ရပ်ကွက်၊ အောင်သပြေအနောက်(၁၃)လမ်း၊ အမှတ်(၁၀၀၃/က)နေ ဦးမျိုးကျော်-ဒေါ်သန်းသန်းဝင်း၊ ဦးဥာဏ်ထွန်း-ဒေါ်ဝင်းစန္ဒာမြင့်၊ ဦးသိန်းသန်း-ဒေါ်သန်းသန်းနိုင်၊ ဦးအောင်ဖြိုး-ဒေါ်တင်တင်ခိုင်၊ ဦးမျိုးအောင်၊ ဦးထက်အောင်-ဒေါ်ဝင်းဝင်းထွန်း၊ ဦးထိန်လင်း-ဒေါ်အိစန္ဒာစိုး၊ ဦးအောင်ထူး-ဒေါ်မိုးမိုးထွန်းတို့၏မွေးသဖခင်ကျေးဇူးရှင်၊ မြေး ၁၅ ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုး၊ ဒေါ်ခင်ဝင်း၏ ချစ်လှစွာသောခင်ပွန်းသည် ၁၁-၅-၂၀၂၀ (တနင်္လာနေ့) ညနေ ၅:၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၅-၂၀၂၀ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁၇-၅-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်အုန်းမြင့်

**တွဲဖက်ပါမောက္ခ (ဌာနမှူး-ငြိမ်း)**
**သမိုင်းဌာန**

**အသက်(၈၇)နှစ်**

**တောင်ကုတ်မြို့**

ရန်ကုန်မြို့၊ အမှတ်(၉)၊ စည်ပင်သာယာလမ်း၊ (၉)ရပ်ကွက်၊ ပါရမီရိပ်သာ၊ မရမ်းကုန်းမြို့နယ်နေ (ဦးဘတင်-ဒေါ်မှဲ့ရင်)တို့၏ သမီးကြီး၊ [ဦးတင်မောင်-ညွှန်မှူး(ငြိမ်း)စက်မှု၊ ဆည်မြောင်းဦးစီးဌာန]၏ ဇနီး၊ ဒေါ်ဦးဦးတင် (လယ်/ပြ-ငြိမ်း)-ရဲမှူးကြီးခင်မောင်သော် (ဒုတိုင်းတပ်ဖွဲ့မှူး၊ နေပြည်တော်)၊ ဒေါ်စုစုတင် (ကထိက-ငြိမ်း၊ UFL)-ဦးမင်းသွင် (လ/ထ ကထိက YIT)၊ ဦးကျော်မြင့်မောင် (ခေတ္တ-USA)-ဒေါ်နီနီရှိန် (ခေတ္တ-USA)၊ ဒေါက်တာနီနီတင်၊ ဦးရှိန်မြင့်မောင် (ကထိက-Mining Dept. YTU)-ဒေါ်အေးစုသွယ် (လ/ထ ကထိက၊ ဟောင်း၊ Mech-Dept. YTU) တို့၏ မိခင်၊ မြေးငါးယောက်တို့၏ အဘွား၊ မြစ်သုံးယောက်တို့၏ အဖီးသည် ၁၁-၅-၂၀၂၀ ရက် မွန်းလွဲ ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၅-၂၀၂၀ ရက် ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်ဆွေအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌ အိပ်ပျော်ခြင်း

## ဒေါ်နော်နိုရင်း

**လ/ထမန်နေဂျာ၊ မှုထမ်း/သက်သာ-ငြိမ်း**
**မြန်မာ့မီးရထား-စက်မှု/လျှပ်စစ်**

**အသက် (၈၄) နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မလွကုန်းမီးရထားရပ်ကွက်၊ လိုင်း(၁၂)၊ အခန်း(၁)နေ ဒေါ်နော်နိုရင်းသည် ၁၀-၅-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၁:၃၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်သို့ ပို့ဆောင်ဂူသွင်းပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်စန်းမြင့်

**အသက်(၉၂)နှစ်**

ရန်ကုန်မြို့၊ အမှတ်(၈၅)၊ ပထမထပ်၊ (၂၇)လမ်း၊ ပန်းဘဲတန်းမြို့နယ်နေ (ဦးစိန်မြင့်)၏ ဇနီး၊ ဒေါ်ထားထားလွင်၊ ဦးမျိုးဆွေ-ဒေါ်မို့မို့မြင့်(စင်ကာပူ)၊ ဒေါ်မာလာမြင့်(Top Brother Co.,Ltd.)တို့၏ မိခင် ဒေါ်စန်းမြင့်သည် ၁၂-၅-၂၀၂၀ (အင်္ဂါနေ့) နံနက် ၁:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁၆-၅-၂၀၂၀ (စနေနေ့) နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီထိ သိမ်တော်ကြီး ခမ္မာရုံဘုန်းကြီးကျောင်းတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ရဟန်း ဒါယိကာမကြီး

## ဒေါ်နယ်လီ(ခ)ဒေါ်တင်တင်မင်း

**အသက်(၇၃)နှစ်**

ရန်ကုန်မြို့၊သမိုင်းရွှေထီးအိမ်ရာနေ (ဦးမင်းဒင်) ရဲတပ်ဖွဲ့စခန်းမှူး(ငြိမ်း)-ဒေါ်လှကြည်တို့၏ သမီးကြီး၊ ဓနုဖြူမြို့နယ်၊ ဆကာကြီးမြို့နေ (ကျောင်းဆရာကြီး ဦးဘကြည်-ဒေါ်ကျင်မြိုင်)တို့၏ ချစ်လှစွာသောသမီးချွေးမ၊ ဒု-ဗိုလ်မှူးကြီး(ငြိမ်း) သူရဇော်ဝင်း-ဒေါ်ချိုချိုမင်း၊ ဒေါ်ရှယ်လီမင်း၊ ဦးကြည်မင်း(ဒုတိယဝန်ကြီး၊သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန)-ဒေါ်နွယ်နီတို့၏ အစ်မကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့၊ (၁၂)ရပ်ကွက်၊ အမှတ်(၁/က)နေ ဦးလှတိုး(ရဲအုပ်-ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ မကွေးတိုင်းရဲတပ်ဖွဲ့မှူးရုံး ဒုရဲမှူးဥမ္မာတိုး၊ မောင်လှမင်းတိုး-မစိုးမြတ်သူ၊ မောင်ဝင်းမင်းတိုး-မလှလှအေးတို့၏ မိခင်၊ မဟန်နီဦး၊ မောင်မင်းသန့်ကျော်၊ မမေမြတ်သင်း၊ မအေးသီရိမင်းဗိုလ်၊ မရွှေစင်ထွန်း၊ မောင်သူရမင်းဗိုလ်၊ မလမင်းရွှေစင်၊ မမေမြတ်သူတို့၏ ချစ်လှစွာသောအဘွားသည် ၁၂-၅-၂၀၂၀ရက် နံနက် ၁၁:၂၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၅-၂၀၂၀ ရက် မွန်းလွဲ ၁နာရီတွင် ဖျာပုံမြို့၊ လိပ်ဥကုန်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးနေ မိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးမြင့်ဝေ(ခ)စာရေးဆရာ လေချွန်သာ

**အသက်(၇၁)နှစ်**

**(၉)မိုင် ဂေါက်ကွင်း ဥက္ကဋ္ဌ**

(ဦးသန်းဝေ-ဒေါ်အင်မြင့်)၏ သား၊ (ဦးလှိုင်စိန်-ဒေါ်ပန်းထယ်)၏ သားသမက်၊ ဦးမြင့်သန်း၊ ဦးသက်ဆွေ၊ ဦးခင်မောင်သန့်ဇင်တို့၏ အစ်ကိုကြီး၊ မမေနှင်းဝေ(ခ)ခန့်ခန့်၊ ဆုနှင်းဝေ တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ ဒေါ်ခင်သန်းရီ(ခ)သန်းသန်းရီ၏ခင်ပွန်း ဦးမြင့်ဝေသည် ၁၀-၅-၂၀၂၀ (တနင်္ဂနွေနေ့) ညတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၅-၂၀၂၀ (အင်္ဂါနေ့) ညနေ ၃:၃၀ နာရီတွင် ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

---

## ဗိုလ်ကြီးဝင်းလွင် (ငြိမ်း)

OTS (57)

**အသက်(၆၉)နှစ်**

မုံရွာခရိုင်၊ ဆားလင်းကြီးမြို့နယ်၊ ညောင်ပင်ကြီးကျေးရွာ၊ ပုလဲလမ်းနေ (ဦးဖေကိန်း-ဒေါ်ခင်ရီ)တို့၏ သား၊ (ဦးထွန်းဝေ)-ဒေါ်ခင်မေဦး၊ ဦးအောင်ဝင်းရွှေ-ဒေါ်စန်းစန်းရီ၊ ဦးကြည်လွင်-ဒေါ်ဝင်းမာ၊ ဦးအောင်မြင်-ဒေါ်ခင်မြင့်ကြည်တို့၏ အစ်ကို၊ ဒုတိယဗိုလ်မှူးကြီးရန်နိုင်ဝင်း-ဒေါ်သီတာအေးလွင်၊ ဦးဖြိုးသူဝင်း-ဒေါ်အိအိမွန်၊ (ဦးစည်သူဝင်း)-ဒေါ်မျိုးမျိုးဦးတို့၏ ဖခင်၊ မြေးငါးယောက်တို့၏ အဘိုး ဒေါ်မြင့်မြင့်၏ ချစ်လှစွာသောခင်ပွန်းသည် ၁၁-၅-၂၀၂၀ (တနင်္လာနေ့) နံနက် ၈ နာရီတွင် (၉၆)ပါးသော ရောဂါဝေဒနာဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပြီဖြစ်ပါသောကြောင့် ကြွင်းကျန်သောခန္ဓာရုပ်ကလာပ်အား ၁၂-၅-၂၀၂၀ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် အမှတ်(၁) တပ်မတော်ဆေးရုံ၊ (ခုတင်-၇၀၀)မှ (၈)မိုင် သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

အလ္လာအရှင်မြတ်၏အမိန့်တော်ခံယူခြင်း

## ဦးကိုကိုဝင်း (ခ) အဗ္ဗဒူလာ (ကိုကိုဝင်း မျက်မှန်ဆိုင်)

**အသက် (၅၀)**

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၉) ရပ်ကွက်၊ လမ်း(၄၀) အောက်၊ အမှတ်(၁၂၈)၊ မြေညီထပ်နေ ဟာဂျီအဘူရှားမား-အီဆလာမ်ခါတူတို့၏သားကြီး၊ (အလ်ဟာဂျ်မောင်လာနာအိစ်မာအိလ်-ဆိုဖီယာဘီ)တို့၏ သားသမက်၊ ဟာဂျီမ ဒေါ်ခင်သီတာဝင်း၊ ဒေါ်စန္ဒာဝင်း၊ ဒေါ်ဥမ္မာဝင်း၊ ဒေါ်ကေသီဝင်း၊ ဦးဇော်ဝင်းတို့၏ အစ်ကိုကြီး၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၈) ရပ်ကွက်၊ စည်ပင်လမ်းမကြီး၊ အမှတ်(၁၂၉)နေ ဘီလ်ကီစ်ဘီ၏ ချစ်လှစွာသောခင်ပွန်း၊ မမေသဇင်ဝင်း-မောင်မင်းမင်းစိုး၊ မမေချယ်ရီမိုး-မောင်အောင်နိုင်ဝင်း၊ မောင်နေလင်းထွဏ်း၊ မကြယ်စင်ဝင်းတို့၏ဖခင်၊ မြေး နှစ်ယောက်တို့၏အဘိုး ဦးကိုကိုဝင်း (ခ) အဗ္ဗဒူလာ (ကိုကိုဝင်းမျက်မှန်ဆိုင်) အသက် (၅၀)သည် ၈-၅-၂၀၂၀ ရက် နံနက် ၁၁:၄၀နာရီတွင် အလ္လာအရှင်မြတ်၏အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ အဆွရ်ဆွလာသ် အပြီးအချိန်တွင်ပင် ရေဝေးစွန္နီမွတ်စလင်(မ်)ကဗရ်စတာန် ဥယျာဉ်တော်၌ ဒါဖနာပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟများ သိရှိစေရန် အသိပေးအပ်ပါသည်။ နာရေးကူညီဆောင်ရွက်ပေးကြသည့် ဆွေမျိုးမိတ်ဆွေသင်္ဂဟများအား ကျေးဇူးတင်ရှိပါကြောင်း ကြေညာအပ်ပါသည်။ (မဂ်ဖွေရသ်အတွက် ဒိုအာပြုပေးကြပါရန်)

ကျန်ရစ်သူမိသားစု

# ပြည်ထောင်စုဝန်ကြီးများက မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို သံတမန်များအား ရှင်းလင်းပြောကြား

ရန်ကုန်   မေ   ၁၂

မြန်မာနိုင်ငံ၏ လက်ရှိ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို သီးခြားဖိတ်ကြားထားသည့် ရန်ကုန်မြို့ အခြေစိုက်သံတမန်များအား ရှင်းလင်းပြောကြားခြင်းကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (National Reconciliation and Peace Center–NRPC) ၌ ကျင်းပသည်။

**တက်ရောက်**

ရှင်းလင်းပွဲတွင် နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးတို့က ရှင်းလင်းပြောကြားခဲ့ပြီး အခမ်းအနားသို့ အာဆီယံနိုင်ငံများ၊ ကိုရီးယားသမ္မတနိုင်ငံ၊ ဂျပန်၊ အိန္ဒိယ၊ တရုတ်၊ တီမောလက်စ်၊ ရုရှား၊ ပြင်သစ်၊ ဗြိတိန်၊ အမေရိကန်၊ ဂျာမနီနိုင်ငံနှင့်

စာမျက်နှာ ၅ ကော်လံ ၁ သို့ ■




ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဦးကျော်တင်နှင့် ဒေါက်တာဝင်းမြတ်အေးတို့က မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို သံတမန်များအား ရှင်းလင်းပြောကြားစဉ်။

## ဥပဒေနှင့် မလျော်ညီစွာ စစ်ဆေးမှုများပြုလုပ်ခဲ့သည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား တရားဥပဒေအရ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိ

နေပြည်တော်   မေ   ၁၂

ယခုရက်ပိုင်းအတွင်း လူမှုကွန်ရက်စာမျက်နှာများ၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဥပဒေနှင့်မလျော်ညီစွာ စစ်ဆေးမေးမြန်းမှုများပြုလုပ်နေသည့် Video ဖိုင်တစ်ခု ပျံ့နှံ့လျက်ရှိကြောင်း။

အဆိုပါ Video ဖိုင်ပါဖြစ်စဉ်များအား စိစစ်ခဲ့ရာတွင် ဖြစ်စဉ်မှာ လုံခြုံရေးတပ်ဖွဲ့ဝင်များက ရခိုင်ပြည်နယ်အတွင်းရှိ မြို့၊ ရွာများအတွင်း AA အကြမ်းဖက်သောင်းကျန်းသူများ ဒေသခံများအသွင်ဖြင့် စိမ့်ဝင်လှုပ်ရှားမှုများ မရှိစေရေး ဆောင်ရွက်ခဲ့စဉ် ပုဏ္ဏားကျွန်းမြို့နယ် ကျောက်ဆိပ်ကျေးရွာအတွင်းမှ AA အကြမ်းဖက်သောင်းကျန်းသူများနှင့် ပတ်သက်ဆက်နွှယ်သည်ဟု ယူဆရသူ အမျိုးသား ငါးဦးအား ထိန်းသိမ်း၍ လိုအပ်သည့် စစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်ဟု ဧပြီ ၂၁ ရက်တွင် သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း။

၎င်းအမျိုးသား ငါးဦးကို ထပ်မံစစ်ဆေးမှုများပြုလုပ်ရန်နှင့် တရားဥပဒေအရ တရားစွဲဆိုမှုများ ပြုလုပ်နိုင်ရေး ပုဏ္ဏားကျွန်းမှ စစ်တွေသို့ ဧပြီ ၂၇ ရက် နံနက်ပိုင်းတွင် စစ်ရေယာဉ်ဖြင့် ပို့ဆောင်ခဲ့ကြောင်း၊ ထိုသို့ပို့ဆောင်စဉ် အစောင့်အဖြစ်လိုက်ပါလာသည့် လုံခြုံရေးတပ်ဖွဲ့ဝင်အချို့က ဥပဒေနှင့်မလျော်ညီသည့် စစ်ဆေးမေးမြန်းမှုများ ဆောင်ရွက်ခဲ့သည့် Video ဖိုင်ဖြစ်ကြောင်း စစ်ဆေးဖော်ထုတ်တွေ့ရှိရကြောင်း။

ထိုသို့ ဥပဒေနှင့် မလျော်ညီသည့် စစ်ဆေးမေးမြန်းမှုများ ဆောင်ရွက်ခဲ့သည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား စစ်စည်းကမ်းအရ အရေးယူနိုင်ရေး စုံစမ်းစစ်ဆေးမှုများ ဆက်လက်ပြုလုပ်လျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

သတင်းစဉ်

ကြေးမုံ ယနေ့ ဖတ်စရာ

ခရီးသွားလာခွင့် ပိတ်ပင်မှုတွေ ဖြေလျှော့ပေးခဲ့တဲ့ ပြင်သစ်နိုင်ငံ
စာမျက်နှာ » ၁၃

COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း
စာမျက်နှာ » ၁၅

စပိန်လာလီဂါပြိုင်ပွဲကို ဇွန် ၁၂ ရက်တွင် ပြန်လည်စတင်ကျင်းပနိုင်ရန် စီစဉ်နေ
စာမျက်နှာ » ၂၅




## ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ အချပ်ပိုပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ စတုတ္ထ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များကို အချပ်ပို လေးမျက်နှာဖြင့် ဖော်ပြထားပါသည်။



ထိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။

## ထိုင်းနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ဒုတိယအသုတ်အဖြစ် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့

နေပြည်တော်   မေ   ၁၂

နိုင်ငံတကာခရီးသည်တင်လေယာဉ်များ ပျံသန်းမှုယာယီရပ်ဆိုင်းထားခြင်းကြောင့် ထိုင်းနိုင်ငံတွင် အမှန်တကယ်အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၆၇ ဦးအား မြန်မာအမျိုးသားလေကြောင်းလိုင်း(Myanmar National Airlines –MNA)ကယ်ဆယ်ရေးလေယာဉ်ဖြင့် ဒုတိယအသုတ်အဖြစ် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ ညနေ ၆ နာရီ မိနစ် ၅၀ တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေးနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာထားသည့် သတ်မှတ်ချက်များနှင့်အညီ သီးခြားသတ်မှတ်ပေးထားသည့်နေရာ သို့မဟုတ် သတ်မှတ်ဟိုတယ်များ၌ ၂၁ ရက်တာ အသွားအလာကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

ကြေးမုံ
အထူးကဏ္ဍ
မေ ၁၃၊ ၂၀၂၀ (ဗုဒ္ဓဟူးနေ့)
နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာ

# မြို့ပြဖွံ့ဖြိုးတိုးတက်ရေး ပြည်သူနှင့်အတူ လက်တွဲကြိုးပမ်းသွားမည့်

## ရန်ကုန်တိုင်းဒေသကြီး

■ သတင်းဆောင်းပါး - သီသီမင်း၊ ဓာတ်ပုံ - နေလင်း

**ရန်ကုန်မြို့တော်ကြီးကို မြို့ပြဖွံ့ဖြိုးတိုးတက်ပြီး နေချင့်စဖွယ်မြို့တော်ကြီး ဖြစ်လာစေရန် ရည်မှန်းချက်ထားကာ တိုင်းဒေသကြီးအတွင်း စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးသာမက အရေးပါသည့် အခြားသောအခန်းကဏ္ဍများပါမကျန် အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိရာ စတုတ္ထ (၁) နှစ်တာကာလအတွင်း ရန်ကုန်မြို့ကြီး၏ ဘက်ပေါင်းစုံမှ သိသာထင်ရှားစွာ ပြောင်းလဲတိုးတက်လာမှုအခြေအနေများကို မြင်တွေ့ကြရမည်ဖြစ်သည်။**



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း

### ရေကြီးရေလျှံမှု

ယခင်က နှစ်စဉ် မိုးရာသီရောက်တိုင်း ရေကြီးရေလျှံမှုပြဿနာ ဖြစ်ပေါ်လေ့ရှိသည့် ရန်ကုန်တိုင်းဒေသကြီးသည် ၂၀၁၇ - ၂၀၁၈ ခုနှစ်အတွင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ကြိုးပမ်းအားထုတ်မှုများကြောင့် ရေကြီးရေလျှံမှုပြဿနာသည် တိုင်းဒေသကြီးအတွင်း အတိုင်းအတာတစ်ခုအထိ ကင်းဝေးခဲ့ပြီဖြစ်သည်။

"ရေကြီးရေလျှံမှုက နှစ်ပိုင်းရှိပါတယ်။ တစ်ပိုင်းက မြစ်တွေ၊ ချောင်းတွေရဲ့ ရေကြီးရေလျှံမှုကြောင့် ရေကြီးရတဲ့ကိစ္စတစ်ခုရှိပါတယ်။ နောက်တစ်ခုက စည်ပင်သာယာရေနုတ်မြောင်းတွေကြောင့် မိုးရွာတဲ့အချိန်မှာ ရေလျှံတဲ့ အခြေအနေတစ်ခုဖြစ်ပါတယ်။ ဒီအခြေအနေတွေကို ထိန်းသိမ်းနိုင်ဖို့အတွက် ဘတ်ဂျက်အပေါ်မူတည်ပြီး ဆောင်ရွက်ခဲ့ပါတယ်" ဟု တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောသည်။

ရန်ကုန်မြစ်၊ ပဲခူးမြစ်နှင့် ငမိုးရိပ်ချောင်း သုံးခုဆုံရာနေရာတွင် တည်ရှိသည့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ပင်လယ်ဒီရေတက်ချိန်တွင် စနစ်တကျ ရေစွန့်ပစ်နိုင်ရန်အတွက် ပန့်စနစ်ကို တပ်ဆင်ဆောင်ရွက်သွားနိုင်ရန် လေ့လာဆန်းစစ်မှုများနှင့် တည်ဆောက်ရေးကာလအတွက် လိုအပ်သည့် တင်ဒါခေါ်ယူမှု၊ အကြံပေးအဖွဲ့ ခေါ်ယူမှုများကို ဆောင်ရွက်နေပြီဖြစ်သည်။

ထို့ပြင် ရေစီးရေလာကောင်းမွန်ရန်နှင့် ရေနုတ်မြောင်းများအတွင်း အမှိုက်ကင်းစင်ရေးအတွက် သန့်ရှင်းရေးလုပ်ငန်းများ၊ အသိပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့်အပြင် ကမ္ဘာ့ဘဏ်ချေးငွေ အမေရိကန်ဒေါ်လာသန်း ၇၀ ဖြင့် ရန်ကုန်မြို့ရှိ လူဦးရေနှင့်ကိုက်ညီသည့် ရေနုတ်မြောင်းများ တူးဖော်ရေးနှင့် ပြုပြင်ရေးလုပ်ငန်းများကို တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ဆောင်ရွက်နေပြီဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအနေဖြင့် JICA ၏ အစီအစဉ်ဖြင့် အိမ်နောက်ဖေးလမ်းကြားရှိ မိလ္လာစနစ်များ ဆန်းစစ်ခြင်းလုပ်ငန်းများဆောင်ရွက်ခြင်း၊ Clean Yangon နှင့် ဒို့အိမ် စသည့် မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ မြို့တော်သန့်ရှင်းသာယာလှပရေးကိစ္စများကို ဆောင်ရွက်လျက်ရှိရာ ရန်ကုန်မြို့၏ နောက်ဖေးလမ်းကြားများသည် အမှိုက်များ၊ အညစ်အကြေးများကင်းစင်ပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် အများပြည်သူ အသုံးပြုနိုင်သည့် အနားယူအပန်းဖြေနိုင်သော နေရာများ ဖြစ်လာပြီဖြစ်သည်။

"ပြည်သူလူထု ပူးပေါင်းပါဝင်မှုရှိမှသာ ဒီကိစ္စက အောင်မြင်မှုပန်းတိုင်ကိုရောက်မှာဖြစ်ပါတယ်။ ယခုအချိန်အထိ အသိပညာပေးရင်း တစ်ဖက်ကလည်း အမှိုက်တွေကို ဖြေရှင်းရင်းနဲ့ ဆောင်ရွက်နေပါတယ်။ အမှိုက်ကို မီးရှို့ပြီး လျှပ်စစ်ထုတ်လုပ်နိုင်မှုကို ဘက်ပေါင်းစုံကနေ လေ့လာဆန်းစစ်ပြီး ကြိုးစားဆောင်ရွက်နေပါတယ်။ ထိန်ပင်အမှိုက်ပုံမှာ ပိုလန်နိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ သဘောတူညီပြီးဖြစ်ပါတယ်။ မကြာခင်မှာ ဒီစနစ်ကို စနစ်တကျအကောင်အထည်ဖော်သွားနိုင်ဖို့ရှိပါတယ်" ဟု တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောသည်။

### ဘက်ပေါင်းစုံမှကြိုးပမ်း

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ရန်ကုန်မြို့ပြ ဖွံ့ဖြိုးတိုးတက်ရေးအကောင်အထည်ဖော်ရာတွင် အဓိကကျသည့် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေး၊ သယ်ယူပို့ဆောင်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ စက်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ကဏ္ဍများကို ဟန်ချက်ညီညီ ဘက်ပေါင်းစုံမှ ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

### လမ်းပန်းဆက်သွယ်ရေးကဏ္ဍ

ရန်ကုန်မြို့ပြ ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကကျသည့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရန်နှင့် ပြည်သူများ လွယ်ကူလျင်မြန်စွာ သွားလာနိုင်ရေးတို့အတွက် မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ခြင်း၊ ရန်ကုန်မြို့တွင်းလမ်းမကြီးများကို ကျွမ်းကျင်အင်ဂျင်နီယာများဖြင့် စနစ်တကျ ဒီဇိုင်းရေးဆွဲကာ အဆင့်မြှင့်တင်ခြင်း၊ ခေတ်မီမီးပွိုင့်များတပ်ဆင်ခြင်းနှင့် YBS ယာဉ်လိုင်းများ ပိုမိုကောင်းမွန်စွာ ပြေးဆွဲနိုင်ရေးတို့ကို အလေးထား ဆောင်ရွက်ပေးလျက်ရှိသည်။


သန်လျင်-သီလဝါ အဆင့်မြှင့်လမ်းမကြီးကို တွေ့ရစဉ်။

လေးနှစ်တာကာလအတွင်း အများပြည်သူ လုံခြုံစိတ်ချစွာစီးနင်းနိုင်သည့် နိုင်ငံတကာတွင် အသုံးပြုနေသော TAXI စနစ်များအတိုင်း အွန်လိုင်းမှ ငှားရမ်းစီးနင်းနိုင်သည့် ခေတ်မီနည်းစနစ်သို့ ပြောင်းလဲပေးနိုင်ခဲ့သည့်အတွက် မြို့ပြနေထိုင်သူများ၏ သယ်ယူပို့ဆောင်ရေးကဏ္ဍကို များစွာအထောက်အပံ့ဖြစ်စေခဲ့သည်။

"ရန်ကုန်မြို့ အများပြည်သူသယ်ယူပို့ဆောင်ရေးကို သုံးစွဲနေသူ ၂ ဒသမ ၅ သန်းလောက် ရှိပါတယ်။ နေ့စဉ်အပြင်ထွက်ပြီး အလုပ်လုပ်ကိုင်နေကြတဲ့သူတွေကို Public Transport တစ်မျိုးမဟုတ်တစ်မျိုး စီးပြီးသွားနေရတာဖြစ်ပါတယ်။ ဒါ့ကြောင့် မြို့ပတ်ရထား၊ YBS နဲ့ TAXI စနစ်တွေကို စနစ်တကျချိတ်ဆက်ပြီး သယ်ယူပို့ဆောင်ရေး အခန်းကဏ္ဍကို ကြိုးပမ်းဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်" ဟု တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြောသည်။

ထို့ပြင် မြို့ပြနှင့် ကျေးလက်နေပြည်သူများ သွားလာဆက်သွယ်ရေး အဆင်ပြေချောမွေ့ပြီး ရာသီမရွေးသွားလာနိုင်ရန် မြို့ရွာချင်းဆက်လမ်းမကြီးများ၊ ကျေးရွာချင်းဆက်လမ်းများကို အဆင့်မြှင့်တင်နိုင်ရန် တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ရည်မှန်းဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တာဝန်ယူဆောင်ရွက်ခဲ့သည့် အချိန်မှစ၍ မြို့တော်သာယာလှပရေးအတွက် အများပြည်သူ အပန်းဖြေရာပန်းခြံများ အဆင့်မြှင့်တင်ခြင်း၊ မြို့ပြအင်္ဂါရပ်နှင့် ညီညွတ်ပြီး သန့်ရှင်းသပ်ရပ်သည့် ညဈေးတန်းများကို ဖော်ဆောင်ပေးလျက်ရှိရာ အဆိုပါ နေရာများသည်

အထူးကဏ္ဍ [ ခ ] သို့ »»»

>>>> အထူးကဏ္ဍ [ က ] မှ

ယခုအခါ ရန်ကုန်မြို့နေပြည်သူများ စိတ်အေးချမ်းစွာ အနားယူအပန်းဖြေရာ၊ ရောင်းသူ၊ ဝယ်သူ စည်ကားရာ နေရာများအဖြစ် မြင်တွေ့နေရပြီဖြစ်သည်။

"ရန်ကုန်မြို့ပြမှာ နေထိုင်တဲ့ ပြည်သူလူထုတွေရဲ့ ဘဝအမောတွေပြေစေဖို့နဲ့ အပန်းဖြေနိုင်ဖို့အတွက် ပန်းခြံတွေကို ပိုပြီးအဆင့်မြှင့်တင် ဆောင်ရွက်ပေးခဲ့ပါတယ်။ ညနေပိုင်းမှာ ကမ်းနားလမ်း ညစျေးတန်းလို နေရာမျိုးကို ထပ်မံအဆင့်မြှင့်တင်ဖို့ ကြိုးပမ်းဆောင်ရွက်နေပါတယ်" ဟု တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြောသည်။

ထို့ပြင် ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ် ဧရိယာအတွင်းရှိ မြို့နယ် ၃၃ မြို့နယ်နှင့် စည်ပင်သာယာ နယ်နိမိတ်ပြင်ပ မြို့နယ် ၁၂ မြို့နယ်တို့တွင် မြို့ပြနှင့် ကျေးလက် ဖွံ့ဖြိုးတိုးတက်မှုတွင် ကွာဟမှုမရှိစေရန် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများကို ဟန်ချက်ညီညီ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

**လျှပ်စစ်မီးရရှိရေး**

တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ၂၀၂၀ ပြည့်နှစ် နှစ်ကုန်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးတစ်ခုလုံး ၁၀၀ ရာခိုင်နှုန်း လျှပ်စစ်မီး အပြည့်အဝရရှိရေး၊ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် လျှပ်စစ်မီးရရှိရေးတို့ကို ရည်မှန်းကာ အစွမ်းကုန်ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။

"ရန်ကုန်တိုင်းဒေသကြီးကို မီးလင်းဖို့ ရည်မှန်းချက်ထားပြီး ကြိုးပမ်းဆောင်ရွက်နေပါတယ်။ ဒီအပြင် ကျေးလက်ဒေသ ကိုယ်ထူကိုယ်ထ မီးလင်းရေးအစီအစဉ်တွေကို ဖျက်သိမ်းခဲ့ပါတယ်။ ကိုယ်ထူကိုယ်ထ မီးလင်းရေးဆိုတာ ပိုက်ဆံထည့်ဝင်နိုင်တဲ့သူသာ မီးလင်းနိုင်မယ်ဆိုတဲ့ အခြေအနေမျိုးထက် နိုင်ငံတော်ကနေပြီး ပြည်သူလူထုတစ်ရပ်လုံးကို မီးလင်းရေး ဆောင်ရွက်ပေးတယ်ဆိုတဲ့ အစီအစဉ်ကို ရွှေ့ပြောင်းပြီး ဆောင်ရွက်ခဲ့ပါတယ်" ဟု တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောသည်။

**စိုက်ပျိုး၊ မွေးမြူရေးကဏ္ဍ**

ရန်ကုန်တိုင်းဒေသကြီးအတွင်း စိုက်ပျိုး၊ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေရှည်စီမံကိန်းများချမှတ်ကာ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ စိုက်ပျိုးရေးနှင့်ပတ်သက်၍ တိုင်းဒေသကြီးအတွင်း စားသောက်မှုဖူလုံစေရန် ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ တစ်ဖက်တွင် သစ်သီးဝလံပန်းမန်များ စိုက်ပျိုးနိုင်ရန်အတွက် ညောင်နှစ်ပင် စိုက်ပျိုးရေးဇုန်ကို ပိုမိုတိုးတက်ကောင်းမွန်အောင် တွန်းအားပေး ဆောင်ရွက်လျက်ရှိသည်။

မွေးမြူရေးနှင့်ပတ်သက်၍ ကြက်မွေးမြူရေး၊ ဝက်မွေးမြူရေး၊ နွားမွေးမြူရေးကဏ္ဍများတွင် နိုင်ငံတကာသို့ တင်ပို့နိုင်ရန် ဝိုင်းဝန်းပံ့ပိုးကူညီပေးလျက်ရှိသည့်အပြင် ငါး၊ ပုစွန်မွေးမြူရေးကို တွန်းအားပေးဆောင်ရွက်လျက်ရှိသည်။

**စက်မှုလက်မှုကဏ္ဍ**

ရန်ကုန်မြို့၏ စက်မှုလက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ စက်မှုဇုန်များ ထပ်မံတည်ဆောက်နိုင်ရန်အတွက်သာမက လက်ရှိစက်မှုဇုန်များကို အဆင့်မြှင့်တင်နိုင်ရန်အတွက်လည်း တစ်ချိန်က ကိုယ်ထူကိုယ်ထပုံစံ ဖွဲ့စည်းခဲ့သည့် အဖွဲ့များနေရာတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုအောက်ရှိ စက်မှုဇုန်အဆင့်မြှင့်တင်မှု ကြီးကြပ်ရေးအဖွဲ့များကို ဖွဲ့စည်းခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းများရရှိရန်နှင့် နိုင်ငံ၏ ပို့ကုန်ကို မြှင့်တင်နိုင်ပြီး နိုင်ငံခြားဝင်ငွေရရှိရန် ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ခြင်းတို့ကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

"နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြုပြင်ပြောင်းလဲလိုက်တဲ့အတွက် တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီကို ဖွဲ့စည်းပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပိုမိုတိုးတက်ဖို့အတွက် ကြိုးစားဆောင်ရွက်နေပါတယ်။ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီကနေ အမေရိကန်ဒေါ်လာ ၅ သန်းနဲ့ ၅ သန်းအောက် လုပ်ငန်းတွေ ခွင့်ပြုမိန့်ရတဲ့အတွက် လုပ်ငန်းတွေ ပိုမိုမြန်ဆန်စွာ ဆောင်ရွက်နိုင်ခဲ့ပါတယ်" ဟု တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် အထည်ချုပ်စက်ရုံ ၂၀၀ ဝန်းကျင်သာရှိခဲ့ရာမှ ယခုအခါ စက်ရုံ ၅၀၀ ဝန်းကျင်အထိ တိုးတက်လာပြီဖြစ်၍ အထည်ချုပ်လုပ်ငန်းကဲ့သို့ အလုပ်သမားအများစု အလုပ်အကိုင်အခွင့်အလမ်းပေးနိုင်သည့် ကဏ္ဍနယ်ပယ်ကို ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိလာခဲ့ပြီး အဆိုပါ အထည်ချုပ်ကဏ္ဍမှ နိုင်ငံခြားပို့ကုန်များ တိုးမြှင့်တင်ပို့ပေးနိုင်ပြီဖြစ်သည်။

**ရင်းနှီးမြှုပ်နှံမှုဖိုရမ်များကျင်းပ**

ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးတက်လာစေရန် ၂၀၁၈ ခုနှစ်နှင့် ၂၀၁၉

အထူးကဏ္ဍ [ ဂ ] သို့ >>>




ရန်ကုန်ရင်းနှီးမြှုပ်နှံမှုဖိုရမ်-၂၀၁၉ ကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း ဦးဆောင်ပြီး အနာဂတ်ကာလတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံနိုင်မည့် အခွင့်အလမ်းများနှင့်ပတ်သက်ပြီး စကားဝိုင်းဆွေးနွေးစဉ်။



ကနောင်တန်ဖိုးနည်းအိမ်ရာတည်ဆောက်ထားမှုကို တွေ့ရစဉ်။

"တိုင်းဒေသကြီး အစိုးရအဖွဲ့ အနေဖြင့် ၂၀၂၀ ပြည့်နှစ် နှစ်ကုန်ပိုင်းတွင် ရန်ကုန်တိုင်း ဒေသကြီးတစ်ခုလုံး ၁၀၀ ရာခိုင် နှုန်း လျှပ်စစ်မီး အပြည့်အဝ ရရှိရေး၊ ကျေးလက်နေပြည်သူ များ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုး တိုးတက်လာစေရန် အတွက် လျှပ်စစ်မီးရရှိရေးတို့ကို ရည်မှန်းကာ အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်လျက်ရှိ

»»» အထူးကဏ္ဍ [ ခ ] မှ

ခုနှစ်တို့တွင် ရင်းနှီးမြှုပ်နှံမှုဖိုရမ်များကို ကျင်းပခဲ့ပြီး ၂၀၂၀ ပြည့်နှစ်တွင် ဆက်လက်ကျင်းပရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

"နိုင်ငံခြား ရင်းနှီးမြှုပ်နှံတဲ့သူတွေကို ရန်ကုန်မှာ ရင်းနှီးမြှုပ်နှံမယ်ဆိုရင် ဘယ်လိုကဏ္ဍတွေ ရင်းနှီးမြှုပ်နှံနိုင်မယ်ဆိုတာကို အလွယ်တကူ သိရှိနိုင်ဖို့အတွက် ရန်ကုန်ရင်းနှီးမြှုပ်နှံမှုကော်မတီကနေပြီး ကြိုးစားဆောင်ရွက်နေပါတယ်။ ဒီအတွက် ရန်ကုန်မြို့ရဲ့ ရင်းနှီးမြှုပ်နှံမှုပမာဏ တိုးတက်လာတာနဲ့အမျှ နိုင်ငံရဲ့ ဝင်ငွေ၊ အခွန်တွေ တိုးမြင့်ရရှိလာမှာ ဖြစ်ပါတယ်။ အလုပ်အကိုင် အခွင့်အလမ်းတွေကိုလည်း ဖန်တီးပေးနိုင်မှာ ဖြစ်ပါတယ်" ဟု တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောသည်။

### အိမ်ရာများ ဖော်ဆောင်

တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် စက်မှုဇုန်များ အဆင့်မြှင့်တင်ခြင်း ဆောင်ရွက်ရာတွင် အဓိကရင်ဆိုင်နေရသည့် စိန်ခေါ်မှု အကြီးမားဆုံးပြဿနာမှာ ကျူးကျော်နေထိုင်သူများ ပြဿနာဖြစ်ပြီး အဆိုပါ ကျူးကျော်နေထိုင်သူများကို စနစ်တကျ နေရာချထားပေးရေးအတွက် စီမံချက်ရေးဆွဲကာ ရွှေပြည်သာ၊ လှိုင်သာယာနှင့် ဒဂုံမြို့သစ်မြို့နယ်များတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

"ကျူးကျော်နေထိုင်တဲ့သူတွေကို စနစ်တကျ နေရာချထားပေးရေးဟာ စက်ရုံ၊ အလုပ်ရုံတွေမှာ အလုပ်လုပ်နေတဲ့ လုပ်သားအင်အားကို ဖြည့်ဆည်းပေးရာရောက်သလို စက်မှုဇုန်တွေရဲ့ မီးဘေး၊ ရေဘေးကိစ္စရပ်တွေကိုပါ ထိန်းသိမ်းတာဖြစ်ပါတယ်။ စက်မှုဇုန်ထဲမှာ ကျူးကျော်နေထိုင်တဲ့အတွက် မီးဘေးအန္တရာယ်ရှိသလို တစ်ဖက်ကလည်း ရေနုတ်မြောင်းတွေအပေါ်မှာ ကျူးကျော်အိမ်တွေနဲ့ ပိတ်ဆို့နေတဲ့အတွက် ရေကြီးရေလျှံမှု ပြဿနာတွေကို ကြုံရပါတယ်။ ဒါ့ကြောင့် စက်မှုဇုန်အဆင့်မြှင့်တင်ရေးကဏ္ဍကို တစ်ဖက်ကနေ ကြိုးပမ်းဆောင်ရွက်နေပါတယ်" ဟု ဦးဖြိုးမင်းသိန်းက ပြောသည်။

### ဒီရေရောက်တောများ စိုက်ပျိုး

ရန်ကုန်မြို့သည် မုတ္တမပင်လယ်ဝတွင် တည်ရှိနေသည့်အတွက် မုန်တိုင်းနှင့် သဘာဝဘေးအန္တရာယ်များ မကျရောက်စေရန် ရန်ကုန်မြို့ကို ဝိုင်းပတ်ထားသော မြို့နယ်များနှင့် ပင်လယ်ကမ်းရိုးတန်းဒေသများတွင် နေထိုင်ကြသည့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝကို အထောက်အကူဖြစ်စေနိုင်သည့် ဒီရေရောက်တော ၃၀၀၀၀ နီးပါး စိုက်ပျိုးထားသည်။

ထို့ပြင် ရန်ကုန်မြို့၌ လာရောက်ရင်းနှီးမြှုပ်နှံမည့် ကဏ္ဍစုံမှ လုပ်ငန်းများကို သဘာဝပတ်ဝန်းကျင် မပျက်စီးစေနိုင်သည့် စီးပွားရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန် စနစ်တကျ စိစစ်ခွင့်ပြုပေးလျက်ရှိပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနမှ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်သက်သည့် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို စနစ်တကျ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ဆောင်ရွက်ရာတွင် လူငယ်များအနေဖြင့် သက်ဆိုင်ရာလုပ်ငန်းခွင်တွင် ကျွမ်းကျင်လုပ်သားများဖြစ်လာပြီး ထိုက်တန်သော လစာနှုန်းထားများ ရရှိခံစားနိုင်ရန်နှင့် အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိလာစေရန် စင်ကာပူ၊ ဂျာမနီ၊ ဂျပန်နိုင်ငံတို့နှင့်ပူးပေါင်းကာ လူငယ်သက်မွေးသင်တန်းကျောင်းများကို ဖွင့်လှစ်၍ သက်မွေးပညာရပ်များကိုစနစ်တကျလေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီးအတွင်း တက္ကသိုလ်နှင့် ကောလိပ်ကျောင်းပေါင်း ၁၈ ခုမှ ပညာသင်ယူခဲ့သည့် ဘွဲ့ရပညာတတ်လူငယ်များအတွက် စက်မှုဇုန်များရှိ စက်ရုံ၊ အလုပ်ရုံများ၏ လုပ်သားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်နှင့် တတ်မြောက်သင်ယူလာခဲ့သည့် ပညာရပ်ဖြင့် ခိုင်မာသည့်အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန်အတွက် ပြုပြင်ပြောင်းလဲမှုများကို စနစ်တကျ အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

"ဒါတွေကို စနစ်တကျ ကြိုးပမ်းဆောင်ရွက်သလို တစ်ဖက်ကလည်း သက်မွေးသင်တန်းကျောင်းတွေနဲ့ ချိတ်ဆက်ဆောင်ရွက်နေပါတယ်။ အင်းစိန်ဂျီတီအိုင်ကျောင်းကို ပြန်လည်ဖွင့်လှစ်ခဲ့ပါတယ်။ အောင်ဆန်းမှာရှိတဲ့ ယခင်က THS ကျောင်းကို ဂျပန်နိုင်ငံနဲ့ ပူးပေါင်းပြီး ပြုပြင်ပြောင်းလဲမှုတွေ ဆောင်ရွက်နေပြီဖြစ်ပါတယ်" ဟု တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရီးသွားကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်နိုင်ရန် တိုင်းဒေသကြီးခရီးသွားကော်မတီတစ်ရပ် ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး ဟိုတယ်များ အဆင့်မြှင့်တင်နိုင်ရန်၊ ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများပေးနိုင်ရန်နှင့် ဟိုတယ်အသစ်များ တည်ဆောက်နိုင်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြိုးစားဆောင်ရွက်နိုင်ခဲ့သည့်အတွက် ယခုအခါ ရန်ကုန်မြို့တွင် ဟိုတယ်အလုံးပေါင်း ၄၀၀ ကျော်ခန့် လည်ပတ်နေပြီဖြစ်သည်။

ထို့ပြင် နိုင်ငံခြားခရီးသွားကဏ္ဍ ပိုမိုတိုးမြှင့်နိုင်ရန်အတွက် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ကို အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတကာမှ ခရီးသွားများ ဝင်ထွက်သွားလာနေသည့် ရေဆိပ်၊ လေဆိပ်များကို ဝန်ဆောင်မှုများ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နိုင်ရန်အတွက် ပြင်ဆင်ဆောင်ရွက်နေပြီဖြစ်သည်။

"လေးနှစ်တာကာလအတွင်းမှာ ကြိုးပမ်းဆောင်ရွက်ခဲ့တဲ့ အခြေအနေတွေ ဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့အတွက် အဆင်ပြေချောမွေ့တာချည်းပဲ သက်သက်မဟုတ်ပါဘူး။ စိန်ခေါ်မှုတွေကိုလည်း ကြုံခဲ့ရပါတယ်" ဟု တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက မှတ်ချက်ပြု ပြောကြားသည်။

ပြည်သူတင်မြှောက်လိုက်သည့် ပြည်သူ့အစိုးရ တာဝန်ယူခဲ့သည့်အချိန်မှစ၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ပြည်သူလူထုအတွက် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရေး၊ လျှပ်စစ်မီး ပြည့်ပြည့်ဝဝ ရရှိရေး၊ ရေလုံလုံလောက်လောက် ပေးဝေနိုင်ရေးနှင့် ရေကြီးရေလျှံမှုကင်းဝေးရေးတို့အတွက် တိုင်းဒေသကြီး ဘတ်ဂျက်ရန်ပုံငွေ သုံးစွဲမှုကို တစ်နှစ်ထက်တစ်နှစ် တိုးမြှင့်ကာ ဆောင်ရွက်ပေးလျက်ရှိသည်။

### အနာဂတ်စီမံကိန်း

တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ရန်ကုန်တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အနာဂတ်ကာလတွင် ဖော်ဆောင်မည့် စီမံကိန်းများကို ရေးဆွဲထားပြီးဖြစ်ရာ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရန်ကုန်မြို့အတွင်းရှိ သီလဝါအထူးစီးပွားရေးဇုန်နှင့် ပြည်တွင်းစက်မှုဇုန် ၂၉ ခု စုစုပေါင်း စက်မှုဇုန် ၃၀ အဆင့်မြှင့်တင်မှုလုပ်ငန်းများဆောင်ရွက်ရန်နှင့် နောက်ထပ်စက်မှုဇုန်သစ်များ ထပ်မံဖော်ဆောင်နိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရန်ကုန်သို့အဝင် ရန်ကုန် - နေပြည်တော် အမြန်လမ်း လေးမိုင်တွင် မြို့တော်အင်္ဂါရပ်နှင့် ညီညွတ်ပြီးသာယာလှပသည့် Eco Green City စီမံကိန်းကို စနစ်တကျ အကောင်အထည်ဖော်ရန် ကြိုးပမ်းဆောင်ရွက်နေပြီဖြစ်သည်။

ရန်ကုန်စည်ပင်သာယာ နယ်နိမိတ်ပြင်ပ ပင်လယ်ပြင်တွင်ရှိသော ကိုကိုးကျွန်းမြို့နယ်တွင် ၂၄ နာရီ မီးလင်းရေး၊ လမ်းခရီး သွားလာရလွယ်ကူစေရေးအတွက် သဘော်ာပြေးဆွဲရေး ဆောင်ရွက်နေသည့်အပြင် စည်ပင်သာယာပြင်ပရှိ အခြားသော မြို့နယ် ၁၁ မြို့နယ်၌ စက်မှုဇုန်များထူထောင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ထိုအထဲတွင် စင်ကာပူနှင့်ပူးပေါင်း၍ လှည်းကူးစက်မှုဇုန် တည်ဆောက်နိုင်ရန် ကြိုးပမ်းမှုကလည်း တစ်ခုအပါအဝင်ဖြစ်သည်။ ထို့ပြင် ထန်းတပင်မြို့နယ်တွင် စက်မှုဇုန်တစ်ခုတည်ဆောက်ရန် လွှတ်တော်၌ အတည်ပြုချက် ရယူထားပြီးဖြစ်သည်။

"ရင်းနှီးမြှုပ်နှံမှုတွေကို ဖိတ်ခေါ်ပြီး စက်မှုဇုန်အသစ်တွေ တည်ဆောက်ရေးကဏ္ဍမှာ ရင်းနှီးမြှုပ်နှံမှုအသစ်တွေ ဆောင်ရွက်သွားဖို့ ပြင်ဆင်နေပြီဖြစ်ပါတယ်။ ဒါ့ကြောင့် အနာဂတ်ကာလမှာ ပိုမိုကောင်းမွန်တဲ့ အလုပ်အကိုင် အခွင့်အလမ်းတွေကို ဖန်တီးပေးနိုင်တဲ့အခြေအနေတစ်ခုဖြစ်အောင် ဆက်လက်ပြီး ကြိုးပမ်းဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်" ဟု တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြောသည်။

ထို့အတူ သီလဝါအထူးစီးပွားရေးဇုန်ကို ပံ့ပိုးပေးနိုင်ရန်အတွက် ရန်ကုန်နှင့် သန်လျင်ဘက်ကို ချိတ်ဆက်မည့် ပဲခူးမြစ်ကူးတံတား အမှတ် (၃)ကို စတင်တည်ဆောက်နေပြီး ထိုမှတစ်ဆင့် သီလဝါသို့ ဆက်သွယ်ပေးသည့် လမ်းမကြီးများကို အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်သည်။

ရန်ကုန်မြစ်၏ အနောက်ဘက်ခြမ်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် ဒလမြစ်ကူးတံတားကြီးတစ်စင်းကို တည်ဆောက်နေပြီဖြစ်ရာ အဆိုပါ ဒလမြစ်ကူးတံတားကြီး တည်ဆောက်ပြီးစီးသည်နှင့် တစ်ပြိုင်နက် ဒလမြို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်သည့် လေ့လာဆန်းစစ်မှုများကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ Master Plan ရေးဆွဲကာ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ကြည့်မြင်တိုင်တစ်ဖက်ကမ်းရှိ ရန်ကုန်မြို့သစ် စီမံကိန်းကို အကောင်အထည်ဖော်ရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ မကြာခင်အချိန်တွင် တင်ဒါခေါ်ယူခြင်း ကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားရန် စီစဉ်လျက်ရှိသည့်အပြင် ရန်ကုန်ဆိပ်ကမ်းကို ပင်လယ်ဝဘက်သို့ တဖြည်းဖြည်း ရွှေ့ပြောင်းသွားနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

"ရန်ကုန်မြို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်ပေါင်းစုံကနေ ကြိုးပမ်းဆောင်ရွက်နေပါတယ်။ ရန်ကုန်မြို့ရဲ့ မြို့ပြအသစ်စီမံကိန်းတွေကနေ Smart City တွေအဖြစ် တည်ဆောက်နိုင်ဖို့အတွက် ကြိုးပမ်းဆောင်ရွက်နေပါတယ်" ဟု တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောသည်။

ငမိုးရိပ်ရေလှောင်တမံနှင့် ဖူးကြီးရေလှောင်တမံတို့မှ ရန်ကုန်မြို့နေ ပြည်သူများအတွက် ရေပေးဝေလျက်ရှိရာ သောက်သုံးရေဖူလုံစွာသုံးစွဲနိုင်ရန်အတွက် မကြာခင် ရန်ကုန်မြစ်အထက်ပိုင်းရှိ ကုက္ကိုလ်ဝ ရေပေးဝေရေးစီမံကိန်းတစ်ခုကို ဂျပန်နိုင်ငံ(JICA)နှင့် ပူးပေါင်းဆောင်ရွက်၍ ရန်ကုန်မြို့၏ ရေပေးဝေရေးစနစ်ကို အဆင့်မြှင့်တင်ဆောင်ရွက်ရန် စီစဉ်နေကြောင်း သိရသည်။ ထို့ပြင် တံတားတူးမြောင်း၏ တိုးမြစ်ထိပ်နားတွင် ဂျပန်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မည့် တိုးမြစ်ရေပေးဝေရေးစီမံကိန်းနှင့် ပန်းလှိုင်မြစ်ကို နယ်သာလန်နိုင်ငံ အကူအညီဖြင့် ရေချိုထိန်းနိုင်ရေးစီမံကိန်းများကို လေ့လာဆန်းစစ်မှုများ ပြုလုပ်နေကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သိရသည်။

ပြည်သူများအနေဖြင့် တည်ဆောက်ရေး

အထူးကဏ္ဍ [ ဃ ] သို့ »»»

"

**စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရန်ကုန်မြို့အတွင်းရှိ သီလဝါအထူးစီးပွားရေးဇုန်နှင့် ပြည်တွင်းစက်မှုဇုန် ၂၉ ခု စုစုပေါင်း စက်မှုဇုန် ၃၀ အဆင့်မြှင့်တင်မှုလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် နောက်ထပ်စက်မှုဇုန်သစ်များ ထပ်မံဖော်ဆောင်နိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိ**



ကိုရီးယား-မြန်မာ ချစ်ကြည်ရေး (ဒလ) တံတားတည်ဆောက်နေမှုကို တွေ့ရစဉ်။ ဓာတ်ပုံ - နိုင်လင်းကျော်(ဒလ)

»»» အထူးကဏ္ဍ [ ၈ ] မှ

လုပ်ငန်းများဆောင်ရွက်ရာတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် သက်ဆိုင်သည့် လုပ်ငန်းဆောင်တာများကို လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ရန်အတွက် အွန်လိုင်းစနစ်တစ်ခုကို စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း သိရသည်။

"အွန်လိုင်းကနေပြီး တည်ဆောက်ရေးလုပ်ငန်းတွေ ခွင့်ပြုမိန့်ကို လျှောက်ထားနိုင်ဖို့အတွက် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကြိုးနီစနစ်တွေ လျော့ကျသွားပြီး ပြည်သူတွေကို အကောင်းဆုံး ဝန်ဆောင်မှုပေးနိုင်တဲ့ အခြေအနေတွေကို ဖြစ်လာနိုင်သလို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လာရောက်ဆောင်ရွက်တဲ့သူတွေအတွက် အကောင်းဆုံးဝန်ဆောင်မှုတစ်ခုကို ပေးနိုင်မှာဖြစ်ပါတယ်။ ဒီစနစ်တွေကို တက်လှမ်းနိုင်ဖို့အတွက် တိုင်းဒေသကြီးအစိုးရဘက်ကနေ ကြိုးပမ်းနေပါတယ်" ဟု တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောသည်။

ထို့ပြင် အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသည့် ငွေပေးချေရေးစနစ်တစ်ခုဖြစ်သည့် Yangon Payment Service (YPS) ကတ်စနစ်ကို အများပြည်သူသယ်ယူပို့ဆောင်ရေး YBS ယာဉ်များတွင် စတင်ကျင့်သုံးနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

တိုင်းဒေသကြီးအတွင်း သုံးစွဲနေသည့် လျှပ်စစ်မီတာယူနစ်ကို ပြည်သူလူထုအနေဖြင့် ၎င်းတို့၏ လက်ကိုင်ဖုန်းများမှတစ်ဆင့် မီတာဘေလ်ကိုဖတ်ရှုနိုင်ပြီး ကျသင့်ငွေကို လက်ကိုင်ဖုန်းမှတစ်ဆင့် ပေးဆောင်နိုင်သည့် အခြေအနေမျိုးရရှိရန် တိုင်းဒေသကြီးအစိုးရအနေဖြင့် ဆောင်ရွက်လျက်ရှိသည်။

ပြည်သူများ၏ လူနေထိုင်မှုဘဝ တိုးတက်မြင့်မားရေးကိုမူတည်ပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အုပ်ချုပ်မှုအောက်ရှိ ဈေးများအား ပုဂ္ဂလိကနှင့် ပူးပေါင်းပြီး စနစ်တကျ ဝန်ဆောင်မှုပေးနိုင်ရန် ဈေးများ၏ ဖွင့်ချိန်၊ပိတ်ချိန်ကို ပြည်သူလူထု ဝယ်ယူနိုင်မှုအခြေအနေမျိုး ဖြစ်နိုင်ရန်၊ လမ်းဘေးဈေးသည်များကို ဈေးများထဲတွင် စနစ်တကျရောင်းချနိုင်သည့် ပုံစံများဖြစ်လာနိုင်ရန် EOI ခေါ်ယူထားပြီး မကြာခင်ဆောင်ရွက်သွားမည်ဖြစ်သည်။

လေးနှစ်တာကာလ အတွင်းတွင် အကြီးမားဆုံးစိန်ခေါ်မှု ပြဿနာတစ်ရပ်ဖြစ်သည့် လယ်ယာမြေသိမ်းဆည်းခဲ့မှု ကိစ္စရပ်များကို ပြန်လည်စိစစ်ပြီး အမှုတွဲပေါင်း ၅၀၀၀ ကျော်ကို စစ်ဆေးခဲ့ကာ လျော်ကြေးငွေပေးအပ်ခြင်း၊ မြေယာပြန်လည်ပေးအပ်ခြင်းတို့ကို ထိထိရောက်ရောက် မြန်မြန်ဆန်ဆန် ဆောင်ရွက်နိုင်ရန်အတွက် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

"မြေလျော်ကြေးပေးနိုင်ဖို့အတွက် တိုင်းဒေသကြီးအတွင်း အကြမ်းဖျင်းခန့်မှန်းမှုအရ ငွေကျပ်ဘီလီယံ ၁၅၀ လောက်ပေးရမှာ ဖြစ်ပါတယ်။ ဒီငွေတွေကို လျော်ကြေးပေးမှသာလျှင် ဒီမြေကွက်တွေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသုံးပြုနိုင်မှာဖြစ်ပါတယ်။ ဒီဖွံ့ဖြိုးတိုးတက်ရေးတွေကို အသုံးပြုတဲ့နေရာမှာလည်း ကျူးကျော်နေထိုင်သူတွေကို စနစ်တကျပြန်လည်နေရာချထားပေးဖို့ တစ်ဖက်ကနေ ကြိုးပမ်းနေပါတယ်" ဟု တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း အိမ်ရာလိုအပ်ချက်ရှိသူ ပြည်သူများနှင့် ဝန်ထမ်းများအတွက် ၁၅ နှစ်မှ အနှစ် ၂၀ နှစ်ရှည် ဘဏ်ချေးငွေစနစ်ဖြင့် အရစ်ကျဝယ်ယူနိုင်မည့် ငွေကျပ် သိန်း ၁၀၀ ကျော်မှ ၂၀၀ ဝန်းကျင်ရှိ တန်ဖိုးနည်းအိမ်ရာ တိုက်ခန်းများကို အစိုးရက အဆောက်အအုံ ဆောက်လုပ်ရန် အခြေခံလိုအပ်သည့် မြေနေရာများကို စိုက်ထုတ်ကာ ပုဂ္ဂလိကကုမ္ပဏီများနှင့် အကျိုးတူပူးပေါင်း ဆောက်လုပ်မည့်အစီအစဉ်ကို တိုင်းဒေသကြီးအစိုးရက ဆောင်ရွက်လျက်ရှိသည်။

ထိုကဲ့သို့ တန်ဖိုးနည်းအိမ်ရာများ တည်ဆောက်ရာတွင် အသုံးပြုရန်လိုအပ်သည့် မြေနေရာအတွက် သိမ်းဆည်းခံခဲ့ရသည့် လယ်သမားများကို ပြန်လည်ပေးအပ်ရမည့် မြေယာလျော်ကြေးငွေများ တိုင်းဒေသကြီးအစိုးရလက်ဝယ်တွင်ရှိနေသည့် မြေကွက်လွတ်များ ရောင်းချရာမှ ရရှိသည့်ငွေဖြင့် ပြန်လည်ပေးအပ်သွားရန် စီစဉ်လျက်ရှိကြောင်းနှင့် အဆိုပါ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ရောင်းချသည့် မြေကွက်များ ပွင့်လင်းမြင်သာမှုရှိစေရန် သတင်းစာများတွင် ကြေညာထားပြီး မြေကွက်များ၏ ကြမ်းခင်းဈေးကို ပြည်တွင်းအခွန်ဦးစီးဌာနမှ သတ်မှတ်ထားသည့် ဈေးနှုန်းကိုအခြေပြု၍ ဈေးပေးနိုင်ကြောင်း၊ ဈေးနှုန်းပိုပေးသည့် မည်သူ့ကိုမဆို ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၈ ခုနှစ် ကာလများအထိ ရေကြီးရေလျှံမှုပြဿနာများ၊ အမှိုက်ပြဿနာများ၊ စက်မှုဇုန်များတွင် စီးပွားရေးလုပ်ရန် ခက်ခဲခဲ့သည့်အခြေအနေများကြောင့် တောင်းဆိုမှုများ၊ အလုပ်အကိုင် အခွင့်အလမ်းနည်းပါးသည့် ပြဿနာများကို ရင်ဆိုင်ခဲ့ရသည့် ရန်ကုန်တိုင်းဒေသကြီးသည် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ မြို့ပြဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများကို ဘက်စုံထောင့်စုံကဏ္ဍစုံမှ လွှတ်တော်၊ ပြည်သူလူထုနှင့် လက်တွဲကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယခုကာလတွင် အခက်အခဲများကို အတိုင်းအတာတစ်ခုအထိ ဖြတ်သန်းကျော်လွှားနိုင်ခဲ့ပြီဖြစ်သည်။

မြန်မာနိုင်ငံ၏ စီးပွားရေးအချက်အချာမြို့တော်၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အများဆုံးမြို့တော်ဖြစ်သည့် ရန်ကုန်မြို့ကြီး မြို့ပြပိုမိုဖွံ့ဖြိုးတိုးတက်ပြီး သာယာလှပသော နေချင့်စဖွယ် မြို့တော်ကြီးအဖြစ် ရှေ့ဆက်ခရီးဆက်နိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

"ရှေ့ဆက် ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ကျွန်တော်တို့အားလုံး ရုန်းကန်ကြရဦးမှာပါ။ ပြည်သူလူထုရဲ့ ပူးပေါင်းပါဝင်မှုက အရေးကြီးပါတယ်။ ပြည်သူနဲ့အတူ ရုန်းကန်နိုင်မယ်ဆိုရင် ရန်ကုန်မြို့ကို ဒီထက်ပိုမိုကောင်းမွန်တဲ့ မြို့ပြတစ်ခုအဖြစ်၊ မြန်မာနိုင်ငံရဲ့ စီးပွားရေးမြို့တော်ကြီးအဖြစ် ရှေ့ဆက်သယ်ဆောင်သွားနိုင်မှာဖြစ်ပါတယ်" ဟု တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောသည်။



ရန်ကုန် – နေပြည်တော် အမြန်လမ်းလေးမိုင်တွင် တည်ဆောက်မည့် Eco Green City ပုံစံငယ်ကို တွေ့ရစဉ်။


ရန်ကုန်မြို့ ရေပေးဝေရေးလုပ်ငန်းဆောင်ရွက်နေမှုကို တွေ့ရစဉ်။

**"၂၀၁၈ ခုနှစ် ကာလများအထိ ရေကြီးရေလျှံမှု ပြဿနာများ၊ အမှိုက်ပြဿနာများ၊ စက်မှုဇုန်များတွင် စီးပွားရေးလုပ်ရန် ခက်ခဲခဲ့သည့် အခြေအနေများကြောင့် တောင်းဆိုမှုများ၊ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသည့် ပြဿနာများကို ရင်ဆိုင်ခဲ့ရသည့် ရန်ကုန်တိုင်းဒေသကြီးသည် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကို ဘက်စုံထောင့်စုံကဏ္ဍစုံမှ လွှတ်တော်၊ ပြည်သူလူထုနှင့် လက်တွဲကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယခုကာလတွင် အခက်အခဲများကို အတိုင်းအတာတစ်ခုအထိ ဖြတ်သန်းကျော်လွှားနိုင်ခဲ့ပြီဖြစ်**